KBZ Pay

# ကင်ဗွာစတိုင်း

KBZI

ရှမ်းပြည်နယ် ကိုယ်စားပြုအဖြစ် ထုတ်ဝေသည်။

သတင်းဂျာနယ်

VOLUME.5, ISSUE.49 THURSDAY, DECEMBER 19, 2019




စာမျက်နှာ (၁၄) သို့ ➤ ➤ ➤

## ဆုတွေ ယူရင်းနဲ့ အမှိုက်တွေ ပစ်နေကြတယ်

စာမျက်နှာ (၁၈) သို့ ➤ ➤ ➤

## လားရှိုးတွင် ရဲတပ်ဖွဲ့ဝင် ၃ ဦးက ဆိုင်ကယ် လုယူမှုနှင့် ဖြန့်ပေးဆွဲမှုများ ကျူးလွန်

ၚင်းတို့သည် လားရှိုးခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ လုံခြုံရေး တပ်ခွဲမှ ရဲတပ်ကြပ်ကြီး ဝင်းလှိုင်၊ ရဲတပ်ကြပ် တင်ရွှေနှင့် ရဲတပ်သား မျိုးမင်းစိုးတို့ ဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက် . . . . .

စာမျက်နှာ (၅) သို့ ➤ ➤ ➤

## မြို့တော် တောင်ကြီးတွင် ၂ ရက် ဆက်တိုက် ရွှေဆိုင်များ လုယက်ခံရ

စာမျက်နှာ (၄) သို့ ➤ ➤ ➤

## ကျိုင်းတုံမြို့တွင်း၌ ဖွင့်လှစ်ထားသည့် ယာဉ်လိုင်းဂိတ်များအား အဝေးပြေး ကားဝင်းသို့ ပြောင်းရွှေ့ရန် ညွှန်ကြားထား

စာမျက်နှာ (၁၁) သို့ ➤ ➤ ➤

## ရှမ်းပြည်နယ် စည်ပင်သာယာရေးကော်မတီ၏ နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်

စာမျက်နှာ (၃) သို့ ➤ ➤ ➤

## ဟိုပုံးတွင် ခွေးလေခွေးလွင့်များ သောင်းကျန်းနေသော်လည်း စည်ပင်မှ ခေါင်းရှောင်နေ

စာမျက်နှာ (၂၆) သို့ ➤ ➤ ➤



## တောင်ကြီးမြို့ ပြည်တော်အေးလမ်းအား အဆင့် မြှင့်တင်ရာတွင် လမ်းနယ်ပေါ်ရှိ နေအိမ် / ဆိုင်ခန်းများအား ဖယ်ရှားမည်

စာမျက်နှာ (၃) သို့ ➤ ➤ ➤



VOLUME.5, ISSUE. 49 THURSDAY, DECEMBER 19, 2019
ကမ္ဘောဇတိုင်း

# နှုတ်ခမ်းကွဲ အာခေါင်ကွဲ ဝေဒနာရှင် ၉၄ ဦးကို ကမ္ဘောဇဘဏ်မှ အခမဲ့ ခွဲစိတ် ကုသပေးနေ











နှုတ်ခမ်းကွဲ အာခေါင်ကွဲ ဝေဒနာရှင် ၉၄ ဦးကို ကမ္ဘောဇဘဏ်မှ နေပြည်တော် ကုတင် ၁၀၀၀ ဆေးရုံကြီးတွင် အခမဲ့ ခွဲစိတ်ကုသပေးနေလျက်ရှိကြောင်း သိရသည်။

အဆိုပါ နှုတ်ခမ်းကွဲ အာခေါင် ကွဲ ဝေဒနာရှင် ၉၄ ဦးအနက်မှ ၇၆ ဦးသည် ကနဦးစစ်ဆေးမှုများ အောင်မြင်ခဲ့သည့်အတွက် အခမဲ့ ခွဲစိတ် ကုသမှုများကို ဒီဇင်ဘာလ ၁၅ ရက်မှ စတင်၍ ဒီဇင်ဘာလ ၁၉ ရက်အထိ အမေရိကန်၊ ကနေဒါ၊ ဟောင်ကောင်၊ တရုတ်၊ အိန္ဒိယ၊ဖိလစ်ပိုင်၊ စင်ကာပူနှင့် ကမ္ဘောဒီးယားတို့မှ ခွဲစိတ်ဆရာဝန်ကြီးများနှင့် သူနာပြု စုစုပေါင်း ၂၅ ဦးမှ နေပြည်တော် ကုတင် ၁၀၀၀ ဆေးရုံကြီးမှ ဆရာဝန်များ၊ သူနာပြုများနှင့်အတူ ခွဲစိတ်ကုသပေးနေခြင်း ဖြစ်သည်။

ယခု ပြုလုပ်နေသော အစီအစဉ်သည် ကမ္ဘောဇဘဏ်၏ ၂၀၁၉ ခုနှစ်အတွင်း ၃ ကြိမ်မြောက် ပြုလုပ်သော အခမဲ့ ခွဲစိတ်ကုသမှု အစီအစဉ် ဖြစ်ပြီး ကမ္ဘောဇဘဏ်၏ အမှုဆောင် အရာရှိချုပ် Mr. Mike DeNoma မှ MOAB 238 Mile Ultra-marathon 2018 ပြိုင်ပွဲတွင် ဝင်ရောက် ယှဉ်ပြိုင်ရာမှ ရရှိလာသည့် ရန်ပုံငွေများဖြင့် လုပ်ဆောင်ခြင်း ဖြစ်ကြောင်း သိရသည်။



■■■ ကဗျာ

## သံသယတွေ ချန်ထားစေ

----------

- အတိတ်ကိုတူး ၊ သတ္တိရှူးများ
  နောက်ကြောင်းသွားနေ ၊ လောဘတွေနှင့်
  အဆိပ်သင့်ကာ ၊ မှောင်နေပါပေါ့
  ဘယ်တော့နိုးထ ၊ အလင်းရလိမ့်။

- တသိမ့်သိမ့်ရှိုက် ၊ ရင်ထဲလှိုက်ငို
  အမှောင်ပိုလျက် ၊ အသိခက်အောင်
  ဘယ်သူလှောင်ပိတ် ၊ အရိပ်မည်းမိုး
  ကြီးစိုးသွားတာ ၊ တွေ့အောင်ရှာကြည့်။

- သတိဝင်လာ ၊ မြင်သိပါက
  သံသယတွေ ၊ ချန်ထားလေရင်း
  လက်ချင်းချိတ်ကာ ၊ ဆက်လျှောက်ပါလျှင်
  ရောင်စဉ်လင်းကာ ၊ ပြုံးပန်းသာမည်။

----------

မောင်အေးချမ်း(တောင်ကြီး)
10.12.2019 , 1:23AM

# Kanbawza Tai

NEWS JOURNAL (Represents for Shan State, Myanmar)

VOLUME.5, ISSUE.49 THURSDAY, DECEMBER 19, 2019



“ငွေလဝန်း”


## ရှမ်းပြည်နယ် စည်ပင်သာယာရေးကော်မတီ၏ နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်

ရှမ်းပြည်နယ် စည်ပင်သာယာရေးကော်မတီ၏ ၂၀၁၉ ခုနှစ် နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား တောင်ကြီးမြို့၊ မြို့တော်ခန်းမ၌ ဒီဇင်ဘာလ ၁၀ ရက်၊ နံနက်ပိုင်းက စတင် ကျင်းပ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် ရှမ်းပြည်နယ် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်း တက်ရောက်၍ အမှာစကား ပြောကြားရာ စည်ပင်သာယာရေးဌာနများသည် ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံရသည့် ဌာနများ ဖြစ်သည့်အတွက် ပြည်သူ့အကျိုးဝန်ဆောင်မှုလုပ်ငန်းများအား ထိရောက်စွာ ဆောင်ရွက်နိုင်ရေး၊ ပြည်သူများထံမှ ကောက်ခံ ရရှိသည့် အခွန်ငွေများဖြင့်စည်ပင်သာယာရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရေး၊ ပြည်သူ လူထုထံမှ ကောက်ခံရရှိသည့် အခွန်ငွေများဖြင့် စည်ပင်သာယာရေးလုပ်ငန်းများ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး၊ အခွန်နှင့် သာမန် ရငွေများ တိုးတက်ရရှိရေး၊ မြို့သန့်ရှင်းသာယာလှပရေး (၁၆) ချက်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ပြီး စွန့်ပစ်အမှိုက်များအား စနစ်တကျ စီမံခန့်ခွဲရေးနှင့် ဌာနပိုင် အမှိုက်ကျင်း မြေနေရာ ရရှိရေး၊ ရာသီဥတု ပြောင်းလဲမှုနှင့်အညီ မြို့တွင်း ရေစီး ရေလာ ကောင်းမွန်ရေး၊ တည်ဆောက်ရေးလုပ်ငန်းများအား နိုင်ငံတော်သမ္မတရုံး၏ (၁/၂၀၁၇)နှင့် အညီ ပွင့်လင်းမြင်သာမှု ရှိစွာဖြင့် မှန်မှန်ကန်ကန် ဆောင်ရွက်ရေး၊ လုပ်ငန်းများအား သတ်မှတ်ထားသော အချိန်အတွင်း သတ်မှတ်စံချိန် စံညွှန်းများနှင့်အညီ ဖြစ်စေရေး၊ ဝန်ထမ်းများလုပ်ငန်းကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်မြင့်မားရေးအတွက် လေ့ကျင့် ပျိုးထောင်ပေးရေး၊ အခွန် ကောက်ခံရာတွင် ခေတ်မီနည်းပညာများ အသုံးပြု ဆောင်ရွက်နိုင်ရေးတို့အား လမ်းညွှန် မှာကြားမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။




အဆိုပါ အစည်းအဝေးသို့ ရှမ်းပြည်နယ် စည်ပင်သာယာရေး ကော်မတီ အတွင်းရေးမှူး၊ ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ရှမ်းပြည်နယ် စည်ပင်သာယာရေး ဌာနခွဲများမှ ပြည်နယ် ဌာနခွဲ တာဝန်ခံနှင့် ဒုတိယ အင်ဂျင်နီယာမှူးကြီးများ၊ မြို့နယ် စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမှုဆောင်အရာရှိများ၊ မြို့နယ်ခွဲ တာဝန်ခံများနှင့် တာဝန်ခံ အင်ဂျင်နီယာများ စုစုပေါင်း ၂၂၂ ဦး တက်ရောက်ခဲ့ကြပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ရှေ့လုပ်ငန်းစဉ် (၁၂)ရပ်အား လုပ်ငန်း လမ်းညွှန်အဖြစ် ချမှတ်ခဲ့ကြောင်းနှင့် ယင်းအစည်းအဝေးကို ဒီဇင်ဘာလ ၁၁ ရက်ထိ ၂ ရက်တာ ကျင်းပ ပြုလုပ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

## တောင်ကြီးမြို့ ပြည်တော်အေးလမ်းအား အဆင့်မြှင့်တင်ရာတွင် လမ်းနယ်ပေါ်ရှိ နေအိမ် / ဆိုင်ခန်းများအား ဖယ်ရှားမည်



စိုင်းရာဇာ

ရှမ်းပြည်နယ်မြို့တော်၊တောင်ကြီးမြို့၊ ကံသာရပ်ကွက်ရှိ ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးသို့ သွားရောက်ရာ ပြည်တော်အေးလမ်းမှာ ဆိုးရွားစွာ ပျက်စီးနေသဖြင့် လမ်းအဆင့်မြှင့်တင်မှုများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး လမ်းနယ်ပေါ်ရောက်ရှိနေသော ကျူးကျော်နေအိမ်/ဆိုင်ခန်းများကို တစ်ပါတည်း ဖယ်ရှားရှင်းလင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ပြင်ဖို့ တင်ဒါခေါ်ထားပါတယ်။ ကွန်ကရစ်လမ်းခင်းမယ်၊ ရေမြောင်းတွေ၊ တံတားတွေလုပ်မယ်။ ထုံးစံအတိုင်းပဲ ကျူးကျော်နေတာတွေကို ဖယ်ရမယ်။ ကုန်ကျငွေ အနေနဲ့ကတော့ တင်ဒါမပြီးသေးတဲ့အတွက် ပြောဖို့ အဆင်မပြေပါဘူး" ဟု တောင်ကြီးမြို့နယ် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး၊ မြို့နယ်အမှုဆောင်အရာရှိ ဦးအေးကိုက ကမ္ဘောဇတိုင်းသို့ ပြောသည်။

ထိုသို့လမ်းနယ်ပေါ် ရောက်ရှိနေသည့် နေအိမ်များနှင့် ဆိုင်ခန်းပိုင်ရှင်များကို ဖယ်ရှားပေးရန်အတွက် မြို့နယ် စည်ပင်သာယာရေးဌာနမှ အကြောင်းကြားစာ ပေးပို့ထားပြီး ဖြစ်ကြောင်း သိရသည်။

ပြည်တော်အေးလမ်းအား အဆင့်မြှင့်တင်မှုလုပ်ငန်း ဆောင်ရွက်ရာတွင် လမ်းနယ်အပြည့် ကွန်ကရစ်ခင်းခြင်း၊ တံတားများ ပြုပြင်ခြင်း၊ လမ်းနယ်နှင့် မလွတ်ကင်းသော နေအိမ်/ဆိုင်ခန်းများအား ဖယ်ရှားရှင်းလင်းခြင်းတို့ကို ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ လမ်းအဆင့်မြှင့်တင်မှု လုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် တင်ဒါခေါ်ယူသွားမည်ဖြစ်ပြီး တင်ဒါအောင်မြင်သော ကုမ္ပဏီအနေဖြင့် တင်ဒါပါ စည်းကမ်းချက်များအတိုင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ တောင်ကြီးမြို့၊ အနောက်မြို့ပတ်လမ်းပေါ်ရှိ လမ်းနယ်ပေါ် ကျော်လွန် နေသော နေအိမ်နှင့် ဆိုင်ခန်းများကိုဖယ်ရှားရှင်းလင်းကာ လမ်းအဆင့်မြှင့်တင်မှု လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



VOLUME.5, ISSUE 49 THURSDAY, DECEMBER 19, 2019
ကမ္ဘောဇတိုင်း

# မြို့တော် တောင်ကြီးတွင် ၂ ရက်ဆက်တိုက် ရွှေဆိုင် လုယက်ခံရမှု ဖြစ်ပွား

စိုင်းရာဇာ

ရှမ်းပြည်နယ် အစိုးရအဖွဲ့ ရုံးစိုက်ရာ တောင်ကြီးမြို့တွင် ဒီဇင်ဘာလ ၁၄ ရက်နှင့် ၁၅ ရက်များက ၂ ရက်ဆက်တိုက် ရွှေဆိုင်တစ်ဆိုင်စီအား ဝင်ရောက်လုယက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။



တောင်ကြီးမြို့၊ ကံရွေ့ရပ်ကွက်၊ ကုန်သည်လမ်းရှိ ရွှေဇာမဏီရွှေဆိုင်တွင် ဒီဇင်ဘာလ ၁၄ ရက်၊ နံနက်ပိုင်းက ဆိုင်ရှင်ဖြစ်သူ ဦးစောမြင့် (ခ) ဦးစိုးမြင့်နှင့် ဇနီး ဒေါ်ခင်ဌေးဝင်တို့ရှိနေ့စဉ် အသက် (၂၅ နှစ်)ခန့်ရှိ အမည်မသိ အမျိုးသားတစ်ဦးမှ ရွှေထည်ဝယ်ယူမည်ဟု ပြောဆိုပြီး အခေါက်ရွှေဆွဲကြိုး အလေးချိန် ၅ ကျပ်သားခန့်၊ တန်ဖိုးငွေ ၅၉ သိန်းကျပ်ခန့်အား လည်ပင်း၌လည်းကောင်း၊ အခေါက်ရွှေ ဟန်းချိန်း ၂ ကျပ်သားခန့်၊ တန်ဖိုးငွေ ၂၃ သိန်း ကျပ်ခန့်အားလည်းကောင်း၊ စိန်လက်စွပ် အလေးချိန် ၈ ပဲခန့်၊ ကာလတန်ဖိုး ၂၁ သိန်း ၅ သောင်းကျပ်ခန့်အား လည်းကောင်း၊ အခေါက်ရွှေ လက်စွပ် ၁ ကျပ်သားခန့်၊ ကာလတန်ဖိုး ၁၀ သိန်း ၅ သောင်းကျပ်ခန့်အား လည်းကောင်း၊ စုစုပေါင်း ငွေကျပ် ၁၁၄ သိန်းခန့် တန်ဖိုးရှိ ရွှေထည်ပစ္စည်းများအား ဝတ်ဆင်ပြီး ကားသော့ပျောက်သဖြင့် ရှာမည်ဟု ပြောဆိုကာ ဆိုင်အတွင်းမှ ထွက်ပြေးသွားခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါ လုယူထွက်ပြေးမှုနှင့် ပတ်သက်၍ ဆိုင်ရှင် ဦးစောမြင့် (ခ) ဦးစိုးမြင့်မှ တရားလိုပြုလုပ် တိုင်တန်းသဖြင့် တောင်ကြီးမြို့မရဲစခန်းတွင် (ပ)၂၃၉၆/၂၀၁၉၊ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၈၀ ဖြင့် အမှုဖွင့်ပြီး တရားခံဖမ်းဆီးရမိရေးအတွက် စုံစမ်းရှာဖွေမှုများ ပြုလုပ်ခဲ့ရာအခင်းဖြစ်ပြီး ၃ နာရီခန့်အကြာ မွန်းလွဲပိုင်းတွင် ပြစ်မှုကျူးလွန်သူ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ် နေကောင်းလင်းသူ (၂၅ နှစ်)အား ကံရွေ့ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး အနီးတွင် သက်သေခံ ပစ္စည်းများနှင့် အတူ ပြန်လည် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အလားတူ ဒီဇင်ဘာလ ၁၅ ရက်၊ နေ့လယ်ပိုင်းက တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ ရဲဘော်ဈေးအနီးရှိ ကုမုဒြာရွှေဆိုင်တွင် အမည်မသိ အမျိုးသားတစ်ဦးမှ ရွှေလက်ကောက် ဝယ်ယူဟန်ပြုကာ လုယူထွက်ပြေးမှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

" သူက ဝင်လာတာ ၂ ကြိမ်လာတာပါ။ ပထမတစ်ကြိမ်လာတော့ မိန်းမအတွက် ၈ သိန်းတန်လောက် လက်ကောက် ဝယ်ချင်လို့ ပြကြည့်ဆိုတော့ ကျွန်မက ၃ သိန်းတန်လောက်ပဲရှိတယ်ဆိုပြီး ကျွန်မလက်မှာပဲ ဝတ်ပြခဲ့ပါတယ်။ အဲဒီမှာ သူက လက်အတိုင်းဆိုဒ် ပြန် မေးကြည့်မယ်ဆိုပြီး ထွက်သွားပြီးမှ နောက်တစ်ခေါက် ပြန်လာတော့ တစ်ယောက်ကအပြင်မှာ ဆိုင်ကယ်ပေါ်ကနေ စောင့်နေတယ်။ ကျွန်မကို ပြန်ဝတ်ပြခိုင်းပြီးတော့ သူ့ကို ပြကြည့်ဆိုလို့ ပြလိုက်တာ ယူပြီးတော့ ထွက်ပြေးသွားတာပါ"ဟု ကုမုဒြာ ရွှေဆိုင်မှ အရောင်းစာရေး မပိုင်းအိအိစံက ကမ္ဘောဇတိုင်းသို့ ပြောသည်။

အဆိုပါ လုယက်မှုနှင့် ပတ်သက်၍ တရားခံအား ဖမ်းဆီးရမိရေးအတွက် ရဲတပ်ဖွဲ့ဝင်များမှ စုံစမ်းရှာဖွေမှုများ ဆောင်ရွက်လျက်ရှိပြီး ဒီဇင်ဘာလ ၁၅ ရက်၊ ညပိုင်းအထိ ဖမ်းဆီးရမိခြင်း မရှိသေးကြောင်းသိရသည်။

ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး အနေဖြင့် တောင်ကြီးမြို့ပေါ်ရှိ နေရာ ၂၁ ခုတွင် CCTV လုံခြုံရေး ကင်မရာ အလုံး ၈၀ ကျော်ကို တပ်ဆင်ထားပြီး ၂၄ နာရီစောင့် ကြပ်ကြည့်ရှုလျက်ရှိသည့်အပြင် အရေးပေါ်တယ်လီဖုန်း ဆက်သွယ်မှု 199 Call Center ကိုလည်း ၂၄ နာရီ ဖွင့်လှစ်ပြီး တာဝန်ချထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

# တောင်ကြီး NLD ဥက္ကဋ္ဌဟောင်း အနေဖြင့် အခြားပါတီသို့ ဝင်ရောက်မည် မဟုတ်ဟု ဆို

စိုင်းရာဇာ

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ တောင်ကြီးမြို့နယ်ဥက္ကဋ္ဌ အဖြစ်မှ ထုတ်ပယ်ခံထားရသူ ဦးခွန်သန်းလွင်အနေဖြင့် အခြားနိုင်ငံရေးပါတီများသို့ ကူးပြောင်း ဝင်ရောက်မည်မဟုတ်ဘဲ မိခင်ပါတီ NLD မှ ကမ်းလှမ်းလာပါက ပြန်လည်လက်ခံသွားရန် ရှိသည်ဟု ပြောသည်။

"ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဦးဆောင်မှုကို ယုံကြည်ပါတယ်။ ပါတီတွင်းမှာ ဘာပြဿနာပဲ ရှိခဲ့ ရှိခဲ့ ပြန် ကမ်းလှမ်းလာရင် လက်ခံမယ်။ နောက်ထပ် တခြား ပါတီတွေကိုတော့ ဝင်ရောက်ဖို့ မရှိပါဘူး"ဟု ဦးခွန်သန်းလွင်က ကမ္ဘောဇတိုင်းသို့ ပြောကြားခဲ့သည်။

"ကျွန်တော်တို့ကို ကမ်းလှမ်းတဲ့ ပါတီအဖွဲ့အစည်းများ ရှိပါတယ်။ ကျွန်တော်တို့ငြင်းပယ်ခဲ့ပါတယ်။ အကြောင်းရင်းက များစွာရှိတာပေါ့။ နိဗ္ဗာန်ဆုရင် ပါတီမှာတောင် မတရားခံရတာ နောက်ပါတီဆိုရင်ဆိုတဲ့ အတွေးမျိုး၊ ခြံခုန်နွား မဖြစ်ချင်တာမျိုး၊ ခေါင်းဆောင် ကိုယ်တိုင်တောင် အသက် အန္တရာယ် ရန်ရှာ ခံရဖူးပြီး အသက် ၇၀ ကျော်အထိ စိတ်ရှည်ဖွဲ့သန် သည်းညည်းခံပြီး လုပ်နေတာကို စံပြထားတာမျိုး စသည် ဖြင့် အတွေး မျိုးစုံကြောင့် ဘယ်ပါတီကိုမှ ထပ်မဝင်ဖို့ ဆုံးဖြတ် လိုက်တာပါ"ဟု ဦးခွန်သန်းလွင်က ၎င်း၏ လူမှု ကွန်ရက် စာမျက်နှာတွင် ရေးသားခဲ့သည်။

ထို့အတူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ တောင်ကြီးမြို့နယ် အတွင်းရေးမှူးဟောင်း ဦးဇော်ဝင်းထူးကလည်း ၎င်းအနေဖြင့် အခြားပါတီတစ်ခုခုသို့ ဝင်ရောက်မည် မဟုတ်ဘဲ NLD မှ ကမ်းလှမ်းလာပါက ပြန်လည်လက်ခံသွားမည် ဖြစ်ကြောင်း သိရသည်။

ဦးခွန်သန်းလွင်သည် ပအိုဝ်းတိုင်းရင်းသားတစ်ဦးဖြစ်ကာ တောင်ကြီးမြို့နယ် အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌအဖြစ် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် NLD ပါတီ အောင်နိုင်ရေးအတွက် လုပ်ဆောင်သူများအနက် တစ်ဦး အပါအဝင်ဖြစ်ပြီး ဦးဇော်ဝင်းထူးသည် လက်ရှိတွင် တောင်ကြီးမြို့နယ် စည်ပင်သာယာရေး ကော်မတီ၌ အဖွဲ့ဝင်အဖြစ် တာဝန်ယူ ဆောင်ရွက်နေသူ တစ်ဦး ဖြစ်သည်။

# ကျောက်မဲတွင် အုံအွီးရွာမှ တိုက်ပွဲရှောင်များ ထပ်မံ ရောက်ရှိလာသဖြင့် တိုက်ပွဲရှောင် စခန်းများ ဖွင့်လှစ်

မင်းဇော်မင်း

ရှမ်းပြည်နယ် မြောက်ပိုင်း၊ ကျောက်မဲမြို့တွင် ဒီဇင်ဘာလ ၁၀ ရက်၊ ညပိုင်းက ကွန်ကော်ကျေးရွာအုပ်စု၊ အုံအွီးရွာမှ တိုက်ပွဲရှောင် ၄၃ ဦး ထပ်မံရောက်ရှိလာပြီး တိုက်ပွဲရှောင်စခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကျောက်မဲမြို့သို့ ဒီဇင်ဘာလ ၇ ရက်က ကွန်ကော်ရွာမှ တိုက်ပွဲရှောင် ၈၃ ဦး ရောက်ရှိလာပြီးနောက် ဒီဇင်ဘာ ၁၀ ရက်တွင် အုံအွီးကျေးရွာမှ ၄၃ ဦး ထပ်မံရောက်ရှိလာခြင်းဖြစ်ကြောင်း သိရသည်။

"လောလောဆယ်တော့ သန္တိသုခ ဘုန်းကြီးကျောင်းမှာပဲနေကြတယ်။ သူတို့စောင်တွေ ပါလာကြတယ်။ လိုတာသုံးစွဲဖို့ ကော်မတီနဲ့ ဓမ္မာရုံ ပူးပေါင်းပြီး လုပ်ဆောင်နေကြပါတယ်။ သူတို့အတွက် ထမင်းဟင်းတွေ ချက်ပြီး အဆင်သင့်ကျွေးဆိုအားပေးခဲ့ကြပါတယ်။ ကျန်နေတဲ့သူတွေကလာဖို့ အခက်အခဲရှိနေပြီး အခွင့်သာတာနဲ့ လာဖို့ ကြိုးစားနေကြတယ်လို့ သိရပါတယ်" ဟု တိုက်ပွဲရှောင်များအားကူညီဆောင်ရွက်ပေးနေသည့် ကျောက်မဲမြို့မှ ဦးသာဇော်က ကမ္ဘောဇတိုင်းသို့ ပြောသည်။

အုံအွီးရွာမှ တိုက်ပွဲရှောင် ၄၃ ဦးသည် ၎င်းတို့နေထိုင်ရာ ပန်နင်းရွာ မှ တောင်ပေါ် မိုင် ၃၀ ခန့်ခရီးကို ခြေလျင်ခရီးဖြင့် မိုင်းငေါ့သို့ လာရောက်ခဲ့ကြပြီးနောက် မိုင်းငေါ့အုပ်ချုပ်ရေးပိုင်း၏ အကူအညီဖြင့် ကျောက်မဲသို့ ရောက်ရှိလာ ကြခြင်းဖြစ်ကြောင်း သိရသည်။

"၃ ဘက်ညှပ်သလိုဖြစ်နေတာပေါ့။ ဖြစ်သလို အလုပ်ရှာ ရှိတာလုပ်စားဖို့ပဲ ရှိပါတယ်။ ငြိမ်းချမ်းဖို့တော့ မလွယ်ဘူးထင်တယ်"ဟု ကွန်ကော်ရွာမှ တိုက်ပွဲရှောင် ဦးမောင်ညွန့်က ပြောသည်။

ယခင် ပထမအသုတ် အဖြစ်ရောက်ရှိလာသည့် ကွန်ကော်ကျေးရွာမှတိုက်ပွဲရှောင်များသည်ကျောက်မဲမြို့ပေါ်ရှိ ၎င်းတို့၏ ဆွေမျိုးအသိနေအိမ်များတွင် နေထိုင်ခဲ့ကြသော်လည်း ယခုအုံအွီးရွာမှ တိုက်ပွဲရှောင်များမှာမူ ကျောက်မဲမြို့၊ အမှတ် (၈) ရပ်ကွက်ရှိ သန္တိသုခ ဘုန်းတော်ကြီးကျောင်း တိုက်ပွဲရှောင်စခန်းတွင် ခိုလှုံနေကြခြင်းဖြစ်ကာ၎င်းတို့အတွက် Save The Children အဖွဲ့မှလည်း ကျန်းမာရေး စောင့်ရှောက်မှုများအပါအဝင် ထောက်ပံ့မှု များဆောင်ရွက်ပေးလျက်ရှိသည်ဟု သိရသည်။

ဇီဝိတ လူမှုကူညီရေးအသင်းမှ ပြုစုထားသည့် စာရင်းအရ ပန်နင်းရွာတွင် အုံအွီးရွာမှ တိုက်ပွဲရှောင် အိမ်ထောင်စု ၃၀ စု၊ လူဦးရေ ၁၅၉ ဦး၊ ကွန်ကော်ရွာမှ အိမ်ထောင်စု ၃၁ စု၊ လူဦးရေ ၇၁ ဦး၊ တော့ဖယ်ရွာမှ အိမ်ထောင်စု ၂၁ စု၊ လူဦးရေ ၆၁ ဦးနှင့် ဟူးနန်းရွာမှ အိမ်ထောင်စု ၂၁ စု၊ လူဦးရေ ၄၃ ဦး ရောက်ရှိနေပြီး ယခု ၁၂၅ ဦး ခြေလျင်လမ်းလျှောက်ဆင်းလာကြခြင်းဖြစ်ကာ ထပ်မံလာရောက်ရန်လည်း ရှိနေကြောင်း သိရသည်။



# လားရှိုးတွင် ရဲတပ်ဖွဲ့ဝင် ၃ ဦးက ဆိုင်ကယ် လုယူမှုနှင့် ပြန်ပေးဆွဲမှုများ ကျူးလွန်

လားရှိုးခရိုင်ရဲတပ်ဖွဲ့မှူးရုံး လုံခြုံရေးတပ်ခွဲမှ ရဲတပ်ဖွဲ့ဝင် ၃ ဦးသည် ဒီဇင်ဘာလ ၈ ရက်နှင့် ၁၄ ရက်တို့က ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့၌ ဆိုင်ကယ်လုယူမှုနှင့် ပြန်ပေးဆွဲ ငွေတောင်းခံမှုများ ကျူးလွန်ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

ဟိုပန်မြို့နယ်နေ ဦးကြာတော့သည် ဒီဇင်ဘာလ ၈ ရက်၊ ညနေပိုင်းက ငွေကျပ် ၄၈ သိန်း ကျော် အားငင်းပိုင်မော်တော်ဆိုင်ကယ် တူးဘောက်အတွင်း ထည့်၍ မောင်းနှင်နေစဉ် လားရှိုးမြို့၊ ရပ်ကွက် (၃)၊ နယ်မြေ (၁) ရင်ခွဲရုံလမ်းကြားအရောက်တွင် အမျိုးသား ၂ ဦး (ရဲတပ်ဖွဲ့ဝင်များ) မှ မော်တော်ဆိုင်ကယ်ဖြင့် ရောက်ရှိလာပြီး ဦးကြာတော့၏ ဆိုင်ကယ်အား တားဆီးယူဆောင် ထွက်ပြေးသွားခဲ့ကြောင်းသိရသည်။



ထို့အတူ လားရှိုးမြို့၊ ရပ်ကွက် (၇)၊ မေတ္တာလမ်းနေ ဦးအိုက်ခြံ၏ နေအိမ်သို့ ဒီဇင်ဘာလ ၁၄ ရက်၊ ညနေပိုင်းတွင် အမျိုးသား ၃ ဦး (ရဲတပ်ဖွဲ့ဝင်များ) မှ အဖြူရောင် မော်တော်ယာဉ်ဖြင့် ရောက်ရှိလာပြီး ဦးအိုက်ခြံအား ဖမ်းဆီးခေါ်ဆောင်ကာ ငွေကျပ် ၁၅ သိန်းဖြင့် ရွေးယူရန် ဦးအိုက်ခြံ၏ဇနီး ဒေါ်ရန်ဆွေဖူးထံသို့ ဖုန်းဆက် အကြောင်းကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေးအတွက် ရဲတပ်ဖွဲ့ဝင်များက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီးနောက် ဒီဇင်ဘာလ ၁၄ ရက်တွင် လားရှိုးမြို့၊ ရပ်ကွက် (၅) နယ်မြေ (၂) ရှိ လမ်းကြားတစ်ခု၌ ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က စောင့်ဆိုင်းဖမ်းဆီးရာ ၎င်းတို့မှ ခါးကိုယ်စီဖြင့် ပြန်လည်ခုခံရန်အား ထုတ်ခဲ့ခြင်းကြောင့် ခြေထောက်အောက်ပိုင်းအား သေနတ်ဖြင့် ၃ ချက် ပစ်ခတ်ဖမ်းဆီးခဲ့ရကြောင်း သိရသည်။

ယင်း ဖမ်းဆီးရမိသူများအား စစ်ဆေးမေးမြန်းမှုများ ပြုလုပ်ရာ ၎င်းတို့သည် လားရှိုးခရိုင်ရဲတပ် ဖွဲ့မှူးရုံး၊ လုံခြုံရေး တပ်ခွဲမှ ရဲတပ်ကြပ်ကြီး ဝင်းလှိုင်၊ ရဲတပ်ကြပ် တင်ရွှေနှင့် ရဲတပ်သား မျိုးမင်းစိုးတို့ ဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့ပြီး ဖမ်းဆီးစဉ် ပစ်ခတ်မှုကြောင့် ရဲတပ်ကြပ် တင်ရွှေ၏ ဝဲဘက်ခြေသလုံးတွင် ကျည်ရှပ်ထိဒဏ်ရာ ရရှိ၍ ဆေးကုသမှု ခံယူခဲ့ရကြောင်း သိရသည်။

၎င်းတို့အား လားရှိုးမြို့မ ရဲစခန်း၌ စစ်ဆေး အတည်ပြုချက် ရယူခဲ့ရာ ဆိုင်ကယ်လုယူမှုနှင့် ပြန်ပေးဆွဲ ငွေတောင်းခံမှုများအား ကျူးလွန်ခဲ့သည်ဟု ဝန်ခံ ထွက်ဆိုခဲ့ကြသဖြင့် ဥပဒေအရ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၊ ပြောရေးဆိုခွင့်ရှိသူ ဒုတိယရဲမှူးကြီး ဝင်းသန်းအား ကမ္ဘောဇတိုင်းမှ ဆက်သွယ်မေးမြန်းရာ "လားရှိုးကိုပဲ ဆက်သွယ်လိုက်ပါ"ဟုသာ ပြန်လည်ဖြေကြားခဲ့ပြီး လားရှိုးမြို့ရှိ ပြည်နယ်ဒုရဲတပ်ဖွဲ့မှူးရုံးသို့ ဆက်သွယ်ရာတွင်လည်း ဖုန်းလက်ခံ ဖြေကြားခြင်း မရှိခဲ့ချေ။

# နမ့်စန်တွင် SSS ပြည်သူ့စစ်အဖွဲ့မှ လူငယ်တစ်ဦးအား ဝိုင်းဝန်းရိုက်နှက်

စိုင်းရာဇာ

ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ နမ့်စန်မြို့တွင် ပြီးခဲ့သည့် ဒီဇင်ဘာလ ၁၁ ရက်က MTA ဟိုမိန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်သာချောင်ချိရေးအဖွဲ့ (SSS ပြည်သူ့စစ်) တပ်ဖွဲ့ဝင်များမှ လူငယ်တစ်ဦးအား ဝိုင်းဝန်းရိုက်နှက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ရှမ်းတိုင်းရင်းသားများ၏ ရိုးရာနှစ်သစ်ကူးပွဲတော်ကို ဒီဇင်ဘာလ ၇ ရက်မှ ၁၁ ရက်အထိ နမ့်စန်မြို့တွင် ပြုလုပ်ခဲ့ရာ ပွဲတော်နောက်ဆုံးရက်ဖြစ်သော ဒီဇင်ဘာလ ၁၁ ရက် ညပိုင်းက DJ Bar ဆိုင်မှ လုံခြုံရေးဝန်ထမ်းများနှင့် ပွဲလုံခြုံရေး တာဝန်ယူထားသော ဟိုမိန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်သာ ချောင်ချိရေးအဖွဲ့ (SSS ပြည်သူ့စစ်) တပ်ဖွဲ့ဝင်များမှ ဝိုင်းဝန်းရိုက်နှက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

"အဲဒီ DJ Bar မှာ အန်တီသားက သွားကတဲ့အခါ လူငယ်အချင်းချင်း စကားများ ပြဿနာဖြစ်ကြတယ်။ ရန်ဖြစ်တာ အချင်းချင်း ပြေလည်သွားပြီးတော့မှ ဘေးကမဆိုင်တဲ့ DJ Bar လုံခြုံရေး ဝန်ထမ်းတွေက ဝိုင်းရိုက်တယ်။ ပြီးတော့ ပွဲထဲမှာရှိတဲ့ လုံခြုံရေးဆိုတဲ့ SSS လက်နက်ကိုင်အဖွဲ့အစည်းတွေ လက်ထဲကို အပ်တယ်။ အဲဒီမှာလည်း ထပ်ပြီတော့ ဝိုင်းရိုက်ကြတယ်။ သေနတ်တွေနဲ့လည်း ဆောင့်တယ်" ဟု ဝိုင်းဝန်းရိုက်နှက်ခံရသူ၏မိခင်ဖြစ်သူ ဒေါ်ခင်ငြိမ်းချောက ကမ္ဘောဇတိုင်းသို့ ပြောသည်။

MTA ဟိုမိန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်သာချောင်ချိရေးအဖွဲ့ (SSS ပြည်သူ့စစ်)၏ ဝိုင်းဝန်းရိုက်နှက်မှုကြောင့် မောင်ထက်ဇင်ခန့်တွင် မျက်စိ၊ နှာခေါင်း၊ ပါးစပ်နှင့် ခန္ဓာကိုယ်အတွင်းပိုင်း ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကာ နေအိမ်တွင် ဆေးဝါးကုသမှု ခံယူနေဆဲဖြစ်ပြီး ဖြစ် စဉ်နှင့် ပတ်သက်၍ ဝိုင်းဝန်းရိုက်နှက်သူများမှ ယနေ့အချိန်ထိ တာဝန်ယူဖြေရှင်းပေးမှု မရှိသေးကြောင်း သိရသည်။

ရှမ်းနှစ်သစ်ကူးပွဲတော် ကျင်းပရေးကော်မတီမှ ဖြစ်စဉ်နှင့် ပတ်သက်၍ နှစ်ဦးနှစ်ဘက် တွေ့ဆုံကာ ညှိနှိုင်းပေးသွားမည် ဖြစ်ကြောင်း ပြောဆိုခဲ့ပြီး ၎င်းအနေဖြင့် နမ့်စန်မြို့မရဲစခန်း တွင်တရားလို အဖြစ် အမှုဖွင့်တိုင်တန်းသွားမည်ဖြစ်သည်ဟု ဒေါ်ခင်ငြိမ်းချောက ဆက်လက်ပြောဆိုခဲ့သည်။

အဆိုပါ ကိစ္စနှင့် ပတ်သက်၍ MTA ဟိုမိန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်သာချောင်ချိရေးအဖွဲ့ (SSS ပြည်သူ့စစ်)မှ တာဝန်ရှိသူ စိုင်းကျော်လေးအား ကမ္ဘောဇတိုင်းမှ ဆက်သွယ် မေးမြန်းရာ လက်ကိုင်ဖုန်း စက်ပိတ်ထားသဖြင့် ဆက်သွယ်၍ မရခဲ့ချေ။

MTA ဟိုမိန်း ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်သာချောင်ချိရေးအဖွဲ့ (SSS ပြည်သူ့စစ်)သည် ၁၉၉၆ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်က ဦးခွန်ဆာ ခေါင်းဆောင်၍ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ပြီး ဦးမဟာဂျာမှ ဆက်လက် ခေါင်းဆောင်ကာ ဟိုမိန်းတွင်ဗဟို ဌာနချုပ်ထားရှိ၍ အခြေပြုနေထိုင် လျက်ရှိပြီး ၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်တွင် ပြည်သူ့စစ်(ဌာနေ)အဖွဲ့ ၄ ဖွဲ့ဖြင့် အသွင်ကူးပြောင်း ဖွဲ့စည်းထားခြင်း ဖြစ်ကြောင်း သိရသည်။

# လားရှိုးတွင် တန်ဖိုးကျပ်သိန်း ၆ ထောင်ကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါး ထုတ်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများအား ဖျက်ဆီး

ရှမ်းကြီး (LSO)

ရှမ်းပြည်နယ်မြောက်ပိုင်း ဒေသအတွင်း ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့သည့် တန်ဖိုး ကျပ်သိန်း ၆၂၃၂ တန်ဖိုးရှိ မူးယစ်ဆေးဝါး ထုတ်လုပ်ရာတွင် အသုံးပြုသည့် ထိန်းချုပ်ဓါတုဆေးရည်များအား ဒီဇင်ဘာလ ၁၁ ရက်၊ နံနက်ပိုင်းက လားရှိုးမြို့နယ်၊ နားဖကျေးရွာရှိ ရဲသီဟစိုက်ပျိုးရေးခြံတွင် ဖျက်ဆီးခဲ့ကြောင်း သိရသည်။

အဆိုပါ ပစ္စည်းများမှာ သိန္နီမြို့နယ်အတွင်းရှိ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ ဖမ်းဆီးရမိခဲ့သော ဓါတုရည်ပုံး ၃၆၀၊ လားရှိုးမြို့မရဲစခန်းမှ ဖမ်းမိသော Pheny 12-Propane ၄၀၀ လီတာ၊ N-Acety lanther Anic Acid ၁၀၀၀ လီတာ၊ Tolunen ၄၆၀၀ လီတာ၊ Anther Anilic ၂၈၀၀ လီတာ၊ နောင်မွန် နယ်မြေရဲကင်းစခန်းမှ ဖမ်းမိသော Pheny 12-Propane ၂၈၅၀ လီတာ တို့ဖြစ်ကြောင်း သိရသည်။

"မူးယစ်ဆေးဝါးကြောင့် လူငယ်တွေရဲ့ အနာဂတ်ကို ထိခိုက်နစ်နာစေပြီး လူငယ်တွေရဲ့ အနာဂတ်ကို ထိခိုက်စေခြင်းဟာ ကျွန်တော်တို့နိုင်ငံရဲ့ အနာဂတ်ကို ထိခိုက်နစ်နာစေခြင်း ဖြစ်တာကြောင့် အခုလိုဖျက်ဆီးရခြင်းပါတယ်"ဟု အထွေထွေအုပ်ချုပ်ရေးဌာနမှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

အဆိုပါ သက်သေခံပစ္စည်းများနှင့် ဓါတုဆေးဝါး ပစ္စည်းများအား ဖျက်ဆီးခြင်း အခမ်းနားသို့ ပြည်နယ်ဒုတိယ အုပ်ချုပ်ရေးမှူး၊ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့်ရှိ ဌာနဆိုင်ရာများ၊ အမှတ် (၂၄)မူးယစ်တပ်ဖွဲ့စုမှ တာဝန်ရှိသူများ၊ လားရှိုးမြို့ရဲစခန်းနှင့် နယ်မြေရဲကင်းစခန်းမှ တာဝန် ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။



# ဖွံ့ဖြိုးရေးစီမံကိန်းများသည် ဒေသခံများကို ဦးတည်ခြင်း မရှိကြောင်း သဘာဝအရင်းအမြစ်နှင့် ဖက်ဒရယ်စနစ်ဖွံ့ဖြိုးရေး ငြိမ်းချမ်းရေးဖိုရမ်မှ သဘောထား ထုတ်ပြန်

စိုင်းရာဇာ

ဖွံ့ဖြိုးရေးစီမံကိန်းများသည် ဒေသခံပြည်သူများ၏ လွတ်လပ်သည့်သဘောထား၊ ဆုံးဖြတ်ပါဝင်ခွင့်နှင့်အကျိုးခံစားခွင့်များကိုဦးတည်ခြင်းမရှိသည့်အပြင် သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများ၊ မြေယာသိမ်းဆည်းခံရမှုများ၊ ယဉ်ကျေးမှုနှင့်သဘာဝသယံဇာတဂေဟစနစ် ပျက်စီးမှုများ၊ ကျန်းမာရေးဆိုင်ရာထိခိုက်မှုများနှင့် ပဋိပက္ခများကို ဦးတည်လျက်ရှိကြောင်း သဘာဝအရင်းအမြစ်နှင့် ဖက်ဒရယ်စနစ် ဖွံ့ဖြိုးရေး ဖိုရမ်မှ ထုတ်ပြန်ကြေညာခဲ့သည်။

သဘာဝအရင်းအမြစ်နှင့် ဖက်ဒရယ်စနစ် ဖွံ့ဖြိုးရေးဖိုရမ်ကို ဒီဇင်ဘာလ ၁၂ ရက်မှ ၁၃ ရက်အထိ တောင်ကြီးမြို့တွင် ပြုလုပ်ခဲ့ရာ အဆိုပါဖိုရမ်အပြီးတွင် တက်ရောက်သော ဒေသနေတိုင်းရင်းသားများ၊ တိုင်းရင်းသားအရေး လှုပ်ရှားသူများနှင့် ဥပဒေပညာရှင်များမှ စုပေါင်း သဘောထားကြေညာချက် ထုတ်ပြန်ခဲ့သည်။

"ဖွံ့ဖြိုးရေးကိစ္စနဲ့ ပတ်သက်ရင် အစိုးရဘက်နဲ့ ကုမ္ပဏီတွေ ဘက်က ပြောတဲ့ ဖွံ့ဖြိုးရေးက ဒီဒေသဘက်လာရင် သူတို့အနေထားနဲ့ လာနေတယ်။ လက်ရှိဖြစ်နေတဲ့ ဒေသရဲ့ အခြေနေက ကမ္ဘာ့ဘဏ်ရော၊ တခြားသော စီမံကိန်းတွေထပ်လာမယ်လို့ သိရတဲ့အတွက် ထပ်လာရင် ကြိုတင်ပြင်ဆင်နိုင်ဖို့ အချက်လက်တွေ စုစည်းပြီး ဆွေးနွေးကြတာဖြစ်ပါတယ်" ဟု ဖိုရမ် တက်ရောက်ခဲ့သူ ကိုခွန်ဦးက ပြောသည်။

ထုတ်ပြန်ချက်တွင်အကောင်အထည်ဖော်ပြီး/ဖော်ဆဲနှင့် အကောင်အထည်ဖော်မည့် ဖွံ့ဖြိုးရေး စီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကြောင့် ဒေသခံလူထု၏ ထိခိုက်နစ်နာမှုများအား ပြန်လည်ကုစားပေးရန်၊ နိုင်ငံရေးအရ တိကျခိုင်မာပြီး တန်းတူညီမျှသော သဘောထားတူညီမှု မရမီတွင် အကြီးစားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ယာယီရပ်ဆိုင်းထားရန်၊ ဒေသခံလူထုအား အကျိုးမပြုသော သဘာဝသယံဇာတအခြေခံ ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများနှင့် လူထု၏ အကျိုးခံစားခွင့်၊ စီမံခန့်ခွဲခွင့်၊ ဆုံးဖြတ်ခွင့်မရှိသော လုပ်ငန်းများအား ရပ်တန့်ရန်၊ ပြန်လည်စွန့်လွှတ်မြေ၊ သိမ်းဆည်း မြေများအား ဒေသခံတောင်သူများထံသို့ လက်ရောက် ပေးအပ်ပြီး တိုင်းရင်းသားတို့၏မြေအသုံးချမှုစနစ်ကိုအသိအမှတ်ပြုရန်၊ ဖွံ့ဖြိုးရေး စီမံကိန်းများအား ဒေသခံ လူထု၏ လွတ်လပ်သည့်သဘောထား ရယူဆုံးဖြတ်ခွင့်နှင့် အညီရယူပြီး လူ့အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး၊ လူမှုရေး၊ သဘာဝသယံဇာတတရားမျှတရေးကိုအခြေခံကာ ဖက်ဒရယ်စနစ် အားကောင်းရေးကို ရှေးရှုသည့် ဖွံ့ဖြိုးရေးကို ဦးတည်ရန်၊ ဒေသခံ ပြည်သူများမလိုလားသော မြေသိမ်းယူခြင်းကို ဦးတည်သော စီမံကိန်းများအား ရှောင်ရှားပေးရန် စသည့် အချက်များကို ဖော်ပြထားသည်။

အဆိုပါ ဖိုရမ်သို့ တောင်ကြီး၊ လွိုင်လင်၊ ဟိုပုံး၊ ဆီဆိုင်၊ ပင်လောင်း၊ မောက်မယ်ဒေသများမှ ရှမ်း၊ ဓနု၊ ပအိုဝ်း၊ ကရင်၊ ကယား၊ တအာင်း (ပလောင်)တိုင်းရင်းသားများ၊ တိုင်းရင်းသားအရေးလှုပ်ရှားသူများနှင့်ဥပဒေပညာရှင်များ တက်ရောက်ခဲ့သည်။

# တောင်ကြီးမြို့နယ် စာရေးဆရာအသင်းမှ သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့

အောင်ဆန်းဝင်း

ရှမ်းပြည်နယ် တောင်ပိုင်း၊ တောင်ကြီးမြို့၊ ကိုယ်ပွားသတင်းစာတိုက်တွင် ဒီဇင်ဘာလ ၁၅ ရက်၊ နံနက်ပိုင်းက စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် တောင်ကြီးမြို့နယ် စာရေးဆရာအသင်းမှ သက်ကြီးစာပေ ပညာရှင်များအား ပူဇော်ကန်တော့ခဲ့ကြောင်း သိရသည်။



အဆိုပါ သက်ကြီး စာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲတွင် တောင်ကြီးမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးခွန်စိန်ဝင်း (မောင်ခွန်နွယ်-အင်းလေး)က စာဆိုတော်နေ့ အခမ်းအနားပြုလုပ်ကျင်းပရခြင်းအကြောင်းနှင့် သက်ကြီးစာပေ ပညာရှင်များအား အစဉ်အလာမပျက် နှစ်စဉ်ပူဇော်ကန်တော့နိုင်ခဲ့ခြင်းတို့ အတွက် မုဒိတာစကား ပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးကျော်ဝင်း (မနသကျော်ဝင်း)ထံမှ ပေးပို့လာသည့် စာဆိုတော်နေ့ သဝဏ်လွှာအား တောင်ကြီးမြို့နယ် စာရေးဆရာအသင်း အတွင်းရေးမှူး ဆရာမ ဆွေကြည်အေးက ဖတ်ကြားခဲ့ပြီး ဘဏ္ဍာရေးမှူး ဆရာမခင် (တောင်ကြီး) က ဘဏ္ဍာရေးဆိုင်ရာများကို ဖတ်ကြားခဲ့ကြောင်း သိရသည်။

"မြန်မာ ရှင်ဘုရင်တွေ လက်ထက်ကတည်းက စာဆိုတော်နေ့ အခမ်းအနားတွေ ကျင်းပ ပြုလုပ်ခဲ့ပါတယ်။ အခု ကျွန်တော်တို့ လက်ထက် အထိ စာဆိုတော်နေ့ အခမ်းအနားတွေ လုပ်ပြီး သက်ကြီး စာပေပညာရှင်တွေကို နှစ်စဉ်ကန်တော့ပွဲ လုပ်ပါတယ်။ နောင် မျိုးဆက်သစ် စာပေ ဝါသနာရှင်၊ ပညာရှင်တွေကလည်း ဒီအစဉ်အလာကို ဆက်လက်ထိန်းသိမ်းဖို့ လိုအပ်ပါတယ်" ဟု တောင်ကြီးမြို့နယ် စာရေးဆရာ အသင်းဥက္ကဋ္ဌ မောင်ခွန်နွယ် အင်းလေးက ကမ္ဘောဇတိုင်းသို့ ပြောသည်။

ယခုနှစ် တောင်ကြီးမြို့နယ် စာရေးဆရာအသင်း၏ စာဆိုတော်နေ့ သက်ကြီးစာပေရှင်များ ပူဇော်ကန်တော့ပွဲတွင် ကန်တော့ခံ သက်ကြီး စာပေပညာရှင် ၈ ဦးအနက် ၅ ဦး တက်ရောက်ကန်တော့ခံခဲ့ပြီး တက်ရောက်ကန်တော့ခံ နိုင်ခြင်းမရှိသည့် သက်ကြီးစာပေပညာရှင် ၃ ဦးအား အိမ်တိုင်ရာရောက် လိုက်လံ ကန်တော့ခဲ့ကြကြောင်း သိရသည်။

အဆိုပါစာဆိုတော်နေ့ အခမ်းအနားသို့ တောင်ကြီး၊ အေးသာယာ၊ ရွှေညောင်၊ အောင်သပြေတို့မှ စာပေပညာ ရှင်၊ ဝါသနာရှင် စုစုပေါင်း ၄၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

# တောင်ကြီးတွင် သတင်းမီဒီယာများအား ရွေးကောက်ပွဲသတင်းရယူခြင်းဆိုင်ရာ အခြေခံအချက်အလက်များ သင်တန်းပေး

စုလှိုင်

ရှမ်းပြည်နယ် တောင်ပိုင်း၊ တောင်ကြီးမြို့၊ Royal Taunggyi Hotel တွင် ဒီဇင်ဘာလ ၉ ရက်မှ ၁၂ ရက်အထိ သတင်းမီဒီယာသမားများအား ရွေးကောက်ပွဲသတင်းရယူခြင်းဆိုင်ရာ အခြေခံအချက်အလက်များကို ၄ ရက်ကြာ သင်ကြား ပို့ချပေးခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းကို မြန်မာနိုင်ငံ သတင်းပညာသိပ္ပံ (MJI) နှင့် ဂျာမဏီနိုင်ငံအခြေစိုက် DW Akademie တို့မှ ပူးပေါင်းစီစဉ် ဖွင့်လှစ်ခြင်းဖြစ်ပြီး တောင်ကြီးမြို့အပါအဝင် ရှမ်းပြည်နယ်နှင့် ပြည်တွင်းမှ သတင်းမီဒီယာသမားများ စုစုပေါင်း ၂၀ ဦး တက်ရောက်ခဲ့ကာ သင်တန်းဆရာများအဖြစ် DW Akademie မှ သင်တန်းဆရာမ Ali Fowle နှင့် မြန်မာနိုင်ငံသတင်းပညာ သိပ္ပံမှ ကိုတည်ကြည်အေး၊ ကိုကျော်မျိုးထွန်းတို့က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ရွေးကောက်ပွဲနီးလာတိုင်း နှစ်တိုင်းလုပ်နေကြပါ။ Organization က Fundထောက်ပံ့ ပေးလို့လုပ်တာပါ။ ဒီသင်တန်းကလာမယ့် ရွေးကောက်ပွဲအတွက် ပထမဆုံးလုပ်တဲ့ သင်တန်းပါ။ ရွေးကောက်ပွဲ ကာလမှာ သတင်းသမားတွေ သတင်းလိုက်နိုင်အောင် အဆင်ပြေအောင် လုပ်ပေးတဲ့ သင်တန်းပါပဲ"ဟု Communication Officer ကိုစိုးဇော်မော်က ကမ္ဘောဇတိုင်းသို့ ပြောသည်။

သင်တန်းတွင် ရွေးကောက်ပွဲနှင့် ပတ်သက်သည့် သတင်းများရေးသားရာ၌ သတင်းသမားများ သိရှိထားသင့်သည့် အချက်များ၊ သတင်းမီဒီယာ၏ အခန်းကဏ္ဍ၊ ဘက်လိုက်မှုကင်းသည့် သတင်းရေးသားပေးပို့ခြင်းနှင့် သတင်းသမားများ သိရှိသင့်သည့် ဥပဒေဆိုင်ရာ ဗဟုသုတ၊ သတင်းမီဒီယာ ကျင့်ဝတ်ဆိုင်ရာတို့ကို ဆွေးနွေးပို့ချပေးခဲ့ပြီး ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးထင်ကျော်နှင့် အတွင်းရေးမှူး ဦးဇော်မြင့်ဝင်းတို့ကလည်း သတင်းမီဒီယာသမားများ သိရှိသင့် သိရှိထိုက်သည်များကိုလာရောက်ဆွေးနွေး ပြောကြားပေးခဲ့သည်။

" ဒီ သင်တန်းကို တက်ရတာ တော်တော်လေး ကောင်းပါတယ်။ ရွေးကောက်ပွဲနဲ့ ပတ်သက်လို့ အရင်က ကြားဖြတ် ၂ ကြိမ် လိုက်ဖူးတယ် ဆိုပေမဲ့ တကယ့် တစ်နိုင်ငံလုံးကျင်းပမယ့် အထွေထွေရွေးကောက်ပွဲကြီးကတော့ တစ်ခါမှ သတင်းလိုက်အတွေ့အကြုံ မရှိသေးပါဘူး။ မဲရလဒ်အပြင် ရွေးကောက်ပွဲနဲ့ ပတ်သက်လို့ တခြားတစ်မူထူးခြားတဲ့ သတင်းတွေ ဘယ်လို တင်ဆက်ရမယ်ဆိုတဲ့ အတွေးအခေါ် တွေ၊ ရွေးကောက်ပွဲကာလ သတင်းခန်း စီမံခန့်ခွဲမှု အစီအစဉ်တွေကို သိလာရတဲ့အတွက် အကျိုး ရှိပါတယ်" ဟု သင်တန်းတက်ရောက်ခဲ့သည့် သတင်းမီဒီယာ သမား တစ်ဦးက ပြောသည်။

MJI အနေဖြင့် အဆိုပါ ရွေးကောက်ပွဲဆိုင်ရာ သတင်းရယူခြင်း သင်တန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြုလုပ်ပေးသွားရန်ရှိပြီး ရန်ကုန်မြို့တွင် ဒီဇင်ဘာလ ၂ ရက်မှ ၅ ရက်အထိ သင်တန်းပို့ချပေးခဲ့ပြီးဖြစ်ကာ တောင်ကြီးမြို့တွင် ဒုတိယအကြိမ်အဖြစ် ပို့ချပေးခြင်းဖြစ်ကြောင်း သိရသည်။

လာမည့် ၂၀၂၀ ပြည့်နှစ် နှစ်ကုန်ပိုင်းတွင် ပြည်လုံးကျွတ်အထွေထွေ ရွေးကောက်ပွဲကို ပြုလုပ်သွားရန်ရှိနေရာ ရွေးကောက်ပွဲမတိုင်မီ၊ ရွေးကောက်ပွဲကျင်းပနေစဉ်နှင့် ရွေးကောက်ပွဲအလွန် ကာလများ၌ သတင်း မီဒီယာများ၏ အခန်းကဏ္ဍသည် လွန်စွာ အရေးကြီးသည့် အတွက် ယခုသင်တန်းများကို ပို့ချပေးနေခြင်းဖြစ်ကြောင်း သိရသည်။

# ရှမ်းနီအမျိုးသားညီလာခံကို ၂၀၂၀ နှစ်စပိုင်းတွင် ပြောင်းလဲ ကျင်းပနိုင်ရန် ဆောင်ရွက်နေ

မင်းဇော်မင်း

ရှမ်းနီတိုင်းရင်းသားများ၏ ဒုတိယအကြိမ်မြောက် အမျိုးသားညီလာခံကို မူလက ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ကျင်းပရန် ရည်မှန်းခဲ့သော်လည်း ယခုအခါ ၂၀၂၀ နှစ်ဆန်းပိုင်းအတွင်း ပြောင်းလဲကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက် ရှိသည်ဟု ညီလာခံကျင်းပရေးဦးဆောင်သူများထံက သိရသည်။

"အခု ဒီဇင်ဘာလအစား ၂၀၂၀ အစပိုင်းမှာ ကျင်းပနိုင်ဖို့ ကြိုးပမ်းနေကြတယ်။ ညီလာခံဆိုတော့ ညှိနှိုင်းလုပ်ဆောင်သွားရမှာတွေ မပြီးပြတ်သေးတာကြောင့် အခုလိုရက်ပြောင်းလုပ်ဆောင်ရတာဖြစ်ပါတယ်" ဟု ညီလာခံ ကျင်းပရေး ဦးဆောင်သူတစ်ဦးဖြစ်သူ ရှမ်းနီအမျိုးသားများ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီမှ ဦးစောဝင်းထွန်းက ပြောသည်။

အဆိုပါညီလာခံဖြစ်မြောက်ရေးအတွက် ပြီးခဲ့သည့် စက်တင်ဘာလ ၈ ရက်က ကချင်ပြည်နယ်၊ မိုးညှင်းမြို့၊ အရှေ့ကျောင်းပရိယတ္တိစာသင်တိုက်တွင် ပြုလုပ်ခဲ့သည့် ရှမ်းနီအမျိုးသားများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီနှင့် မြို့နယ်အဖွဲ့အစည်းများ ညှိနှိုင်းဆွေးနွေးပွဲတွင် သဘောတူဆန္ဒပြုခဲ့ခြင်း ဖြစ်သည်။

ညီလာခံ ဖြစ်မြောက်ရေး အတွက် ရန်ပုံငွေအခက်အခဲနှင့် အခြားအခြေခံညှိနှိုင်းဖွယ်ရာများ ရှိနေသေးသည်ဟု ပူးပေါင်းဆောင်ရွက်ရေးကော်မတီအဖွဲ့ဝင်အချို့ထံက သိရသည်။

ပထမအကြိမ်ညီလာခံက စဉ်းစားချက်များနှင့် ယခုနောက်ပိုင်း လူမှုရေး၊ စီးပွားရေး အခြေအနေများကို လာမည့်ညီလာခံတွင် ဆွေးနွေးသွားရန်ရှိကြောင်း ဦးစောဝင်းထွန်းက ပြောသည်။

ရှမ်းနီ (ခေါ်)တိုင်းလျှမ်လူမျိုးများသည် ရှမ်းလူမျိုးတစ်မျိုး ဖြစ်ပြီး၊ မြန်မာပြည် အထက်ပိုင်း ကောလင်း၊ ဝန်းသို၊ ထီးချိုင့်၊ ပင်လယ်ဘူး၊ အင်းတော်၊ ဗန်းမောက်၊ ကသာ၊ မိုးညှင်း၊ မိုးကောင်း၊ ဗန်းမော်၊ အင်းတော်ကြီး၊ မြစ်ကြီးနား၊ ဝိုင်းမော်၊ ဆင်ဘိုတာလောကြီး၊ ဟိုပင်၊ ဟုမ္မလင်းနှင့် သောင်သွပ်ဒေသ၊ ဟောင်းပါး၊ လုံးခင်း၊ ဖားကန့်၊ စသည့်ဒေသများနှင့် ချင်းတွင်းမြစ်ဝှမ်း ဒေသများတွင် ကျယ်ပြန့်စွာ နေထိုင်ကြကြောင်း သိရသည်။

ရှမ်းနီတိုင်းရင်းသားများ၏ ပထမ အကြိမ်ညီလာခံကို ၂၀၁၆ ခုနှစ်၊ မတ်လ အတွင်းက မန္တလေးမြို့၌ ကျင်းပ ပြုလုပ်ခဲ့ကြပြီး ရှမ်းနီပြည်နယ် သတ်မှတ်ပေးရန် သဘောတူ ဆုံးဖြတ်ထားခဲ့ကြောင်း သိရသည်။

# ဆီဆိုင်တွင် လူထုဗဟိုပြုစီမံကိန်း ရန်ပုံငွေ ကျပ်သိန်း ၂၂၀၀ ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မည်

ခွန်ရဲထွေး (ဆီဆိုင်)

ရှမ်းပြည်နယ်တောင်ပိုင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လူထုဗဟိုပြုစီမံကိန်း (စတုတ္ထနှစ်စက်ဝန်း) ရန်ပုံငွေ ကျပ်သိန်း ၂၂၀၀ ဖြင့် ကျေးရွာပေါင်း ၂၃ ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



ဆီဆိုင်မြို့နယ်၊ နောင်ကျောကျေးရွာအုပ်စု၊ ပုံးလောင်းကျေးရွာဘုန်းတော်ကြီး ကျောင်းတွင် ဒီဇင်ဘာလ ၁၄ ရက်က ပြုလုပ်ခဲ့သည့် ကျေးရွာအစည်းအဝေးဆုံးဖြတ်ချက်အရ အဆိုပါ ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ၂၃ ရွာမှ ဒေသဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်း ၂၃ ခုကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ဆီဆိုင်မြို့နယ် နောင်ကျောကျေးရွာအုပ်စုတွင် ကျေးရွာ ၄၆ ရွာရှိပြီး စီမံကိန်းထောက်ပံ့ငွေကျပ်သိန်း ၂၂၀၀ ရရှိသဖြင့် ကျေးရွာ ၂၃ ရွာမှ စီမံကိန်း လုပ်ငန်းခွဲ ၂၃ ခုဖြစ်သော ဘက်စုံသုံးကျေးရွာခန်းမဆောင် ၁၀ ခု၊ မူကြိုကျောင်းဆောင် ၁ ခု၊ ဆရာ/မနားနေဆောင် ၁ ခု၊ အမြင့်တင် ရေသွယ်ခြင်း ၁ ခု၊ သဲပြန်းလမ်းခင်းခြင်း လုပ်ငန်း ၅ ခု၊ သံပြန်း + တံတား ၁ ခု၊ ကျောက် ချောလမ်း ခင်းခြင်း ၂ ခုနှင့်ကွန်ကရစ်လမ်း ၂ ခုတို့ကို အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ကျေးရွာအုပ်စု အစည်းအဝေးပွဲတွင် တက်ရောက်လာသည့် ကျေးရွာ အုပ်စုစီ/ထောက် ကော်မတီများ၊ ဘဏ္ဍာရေးဆပ်ကော်မတီများနှင့် ကျေးရွာအုပ်စု ဝေဖန်အကြံပြုကော်မတီများမှ ဆွေးနွေးဆုံးဖြတ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ကျေးရွာအုပ်စု အတွင်းရှိ စီ/ထောက် ကော်မတီကျေးရွာများ၏ ဦးစားပေးသော အခြေခံ အဆောက်အဦနှင့် ကျေးရွာအုပ်စု ထောက်ပံ့ငွေများ ချမှတ်ခြင်းတို့အတွက် ဆွေးနွေးမှုများ ညှိနှိုင်းမှုများနှင့် သဘောတူညီမှုများ ရရှိစေရန်၊ ကျေးရွာအုပ်စုဖွံ့ဖြိုးရေး အစီအစဉ်ထွက်ပေါ် လာစေရန်၊ အမျိုးသမီးများ ပါဝင်ရန်နှင့် စီမံကိန်း လုပ်ငန်းခွဲရွေးချယ်ရာတွင် အမျိုးသမီးများ ထည့်တွက်သည့် လုပ်ငန်းခွဲများ ပါဝင်မှုရှိရန် ရည်ရွယ်၍ ဆွေးနွေးပွဲ ကျင်းပရခြင်းဖြစ်ကြောင်း လူထုဗဟိုပြု စီမံကိန်း (မြို့နယ်နည်းပညာအကြံပေး)ကျား- မရေးရာတာဝန်ခံ ဒေါ်ယဉ်ယဉ်အေးထံမှ သိရသည်။

အခမ်းအနားသို့ တက်ရောက်လာသည့် ကော်မတီဝင်များကို စီမံကိန်းအကျီ၊ ဦးထုပ်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အဆိုပါ လူထုဗဟိုပြု စီမံကိန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

# အဂတိလိုက်စားမှုကို မဏ္ဍိုင် ၃ ရပ်မှ တာဝန်ရှိသူများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများ ပူးပေါင်းတိုက်ဖျက်ရန် ပြည်နယ်ဝန်ကြီးချုပ် တိုက်တွန်း

မောင်မောင်သန်း (တောင်ကြီး)

လူသားမျိုးနွယ်စုအတွင်း လိုက်စားနေသော အဂတိ လိုက်စားမှုကို ရှမ်းပြည်နယ်အစိုးရ၏ ဦးဆောင်မှုအောက်တွင် မဏ္ဍိုင် ၃ ရပ်မှ တာဝန်ရှိသူများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများ စုပေါင်းညီညာစွာ ဝိုင်းဝန်းပူးပေါင်း တိုက်ဖျက်ရန်လိုကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ်က တိုက်တွန်း ပြောကြားခဲ့သည်။

၂၀၁၉ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဒီဇင်ဘာလ ၉ ရက်၊ နံနက်ပိုင်းက တောင်ကြီးမြို့၊ မြို့တော်ခန်းမတွင် ကျင်းပပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ်က ယင်းကဲ့သို့ ပြောဆိုခဲ့ခြင်း ဖြစ်သည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့လာသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အထိမ်းအမှတ် သဝဏ်လွှာအားပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး လှဦးက ဖတ်ကြားခဲ့ပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က အမှာစကား ပြောကြားရာတွင် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျင်းပရခြင်းမှာ နိုင်ငံတော်အစိုးရ၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက် စိတ်ဆန္ဒရှိမှု ပိုမိုပေါ်လွင်စေပြီး ဖြောင့်မတ် တည်ကြည်မှု မြှင့်တင်ရေး ပညာရေးလုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာ သက်ရောက်မှုရှိစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင် တစ်ဦးက အဂတိလိုက်စားမှု တိုက်ဖျက်ရေး အခြေခံ သဘောတရားနှင့် လက်ရှိ ဆောင်ရွက်နေမှု အခြေအနေအား ရှင်းလင်းပြောကြားပြီး UNDP မှ ရိုက်ကူးထားသော အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် Video Clip အားပြသ၍ အခြေခံပညာ မူလတန်း၊ အလယ်တန်းအဆင့်ကျောင်းသား/ကျောင်းသူများက တေးသရုပ်ဖော်များဖြင့် ဖျော်ဖြေတင်ဆက်ကာ စာစီစာကုံး၊ ကာတွန်း၊ ကဗျာပြိုင်ပွဲနှင့် Role Play ပြိုင်ပွဲတွင်ဆု ရရှိသူများအား ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားများကို ယခင်က ရန်ကုန်မြို့တွင်သာ ကျင်းပခဲ့ခြင်းဖြစ်ပြီး ယခုနှစ်တွင် နိုင်ငံတော်သမ္မတရုံး၏ လမ်းညွှန်ချက်အရ တိုင်းဒေသကြီး/ပြည်နယ်များနှင့် နေပြည်တော်ကောင်စီတို့တွင် ပထမဆုံးအကြိမ် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့အတွက် ကုလသမဂ္ဂ၏ ဦးတည်ချက်မှာ "Together, We are United Against Corruption" "အဂတိတိုက်ဖျက်ရေး အတွက် ကျွန်ုပ်တို့အားလုံး စုပေါင်းညီ ညွတ်ကြပါစို့" ဖြစ်ကြောင်း သိရသည်။

ကမ္ဘောဇတိုင်း
VOLUME.5, ISSUE 49 THURSDAY, DECEMBER 19, 2019

# တီကျစ်ကျောက်မီးသွေးစက်ရုံ အနီးဝန်းကျင် ကျေးရွာများတွင် လေထု အရည်အသွေး တိုင်းတာမည်

မင်းဇော်မင်း

ရှမ်းပြည်နယ်တောင်ပိုင်း၊ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်လောင်းမြို့နယ်အတွင်းရှိ တီကျစ်ကျောက်မီးသွေးသုံး လျှပ်စစ်ဓါတ်အားပေးစက်ရုံ တည်ရှိရာ အနီးဝန်းကျင် ကျေးရွာများတွင် လေထုအရည်အသွေး တိုင်းတာစက်များကို တပ်ဆင်လျက်ရှိပြီး လေထုအတွင်း အမှုန်အမွှားများကို တိုင်းတာသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုဆိုင်ရာ အရပ်ဘက်မဟာ မိတ်အဖွဲ့ (MATA-SHAN) ထံမှ သိရသည်။




"ကျေးရွာ ၂ ရွာမှာ စပြီး တပ်တယ်။ Pilot အနေနဲ့ တစ်လတပ်ဆင်သွားမှာ ဖြစ်ပါတယ်။ လေထုထဲက အမှုန်တွေကို တိုင်းတာ တာပါ။ မနေ့ကတော့ ပုံမှန် အရည်အသွေး ထက်ပိုတဲ့ ကိန်းဂဏန်းတွေ တွေ့ရတယ်" ဟု MATA-SHAN အဖွဲ့ဝင် ကိုစိုင်းတူးက ကမ္ဘောဇတိုင်းသို့ ပြောသည်။

တီကျစ် ကျောက်မီးသွေးစက်ရုံနှင့် အနီးဆုံးကျေးရွာဖြစ်သည့် သာယာကုန်းနှင့် မီးသွေးချောင်းကျေးရွာများတွင် လေထုအရည်အသွေးတိုင်းတာစက်များကို တစ်လတပ်ဆင်ထားပြီး ကျန် ၂ လုံးအား တစ်နှစ်ပတ်လုံး တပ်ဆင်နိုင်ရေးအတွက် ERI အဖွဲ့နှင့် ပူးပေါင်း ဆောင်ရွက်သွားရန်ရှိနေကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ယခုတပ်ဆင်သည့် စက်များမှာ လေထုအတွင်း အမှုန်အမွှားများကို တိုင်းတာသည့်စက်များဖြစ်ပြီး PM 2.5 နှင့် PM 10 တို့ကို တိုင်းတာသည့် စက်များဖြစ်ကာ ဆာလဖာ၊ ကာဗွန်မိုနောက်ဆိုဒ် စသည့်ဓါတ်များအား တိုင်းတာရန်အတွက် သီးခြားစက်များဖြင့် တိုင်းတာသွားရန်ရှိနေကြောင်း သိရသည်။

ရေထုနှင့်လေထုအရည်အသွေး တိုင်းတာသည့် အဖြေများမှာ ရှင်းလင်းသော်လည်း မြေထုတိုင်းတာရာတွင်မူ ဓါတုဓါတ်ကြွင်းကြောင့် ရှုပ်ထွေးသည့်အတွက် နည်းပညာပိုင်းအရ လိုအပ်ချက်များ ရှိနိုင်သည်ဟု ၎င်းထံက သိရသည်။

Air Quality Index အရ ကျန်းမာရေးကို အကျိုးသက်ရောက်စေသည့် အရည်အသွေးများအနက် ၀ မှ ၅၀ အထိ ကောင်းအဆင့်ဖြစ်ကာ ၅၁ မှ ၁၀၀ အထိသင့်ဖြစ်ပြီး ၁၀၁ မှ ၁၅၀ အထိ အတွင်းခံနိုင်ရည်နည်းပါးသည့် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ အသက်ရှူလမ်းကြောင်းနှင့်အဆုတ်ရောဂါသည်များကို ထိခိုက်စေနိုင်ပြီး ၁၅၁ မှ ၂၀၀ အတွင်း၌ လူတိုင်းကို ထိခိုက်စေနိုင်ကာ ၂၀၁မှ၃၀၀တွင်ကျန်းမာရေးကို အလွန်ထိခိုက်စေသည့် အတွက် ကျန်းမာရေး သတိပေးချက်များလိုအပ်မည်ဖြစ်ကာ နောက်ဆုံးအဆင့်ဖြစ်သည့် ၃၀၁ မှ ၅၀၀ အတွင်း လူထုတစ်ရပ်လုံးကို ထိခိုက်စေမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

တီကျစ်ကျောက်မီးသွေးလောင်စာသုံး လျှပ်စစ်ဓါတ်အားပေး စက်ရုံမှာ သာယာကုန်းရွာနှင့် တီကျစ်အကြား မြေဧက ၁၁၃ ဧက အပေါ်တွင်ရှိပြီး ဒေသခံလူထုမှ အဆိုပါ စက်ရုံကြောင့် ပတ်ဝန်းကျင် အဆိပ်သင့်မှုဖြစ်ပေါ်လျက်ရှိကြောင်း စွပ်စွဲချက်များဖြင့် ဆန္ဒဖော်ထုတ် ကန့်ကွက်လျက်ရှိသည့် မြန်မာနိုင်ငံရှိ ကျောက်မီးသွေးသုံးလျှပ်စစ်စက်ရုံများအနက် အကြီးဆုံး စက်ရုံတစ်ခုဖြစ်သည်။

ဒေသခံ လူထုအနေဖြင့် ပြီးခဲ့သည့် အောက်တိုဘာလ ၃၀ ရက်က အင်အား ၈၀၀ ခန့်ဖြင့် ဝူရှိပွာကွမ်းတရုတ်ကုမ္ပဏီမှ လုပ်ဆောင်နေသည့် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ဒေင်ကုမ္ပဏီမှတူးဖော်နေသည့် ကျောက်မီးသွေးမိုင်းတွင်းများ ပိတ်သိမ်းပေးရန် ဆန္ဒထုတ်ဖော်ခဲ့ဖူးသည်။

# ပုံပါကျင်တွင် သစ္စာစီမံချက်ဖြင့် ကျောင်းသား / ကျောင်းသူများအား ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေး

မင်းဇော်မင်း

ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းတုံမြို့နယ်၊ ပုံပါကျင်မြို့တွင် အခြေခံပညာကျောင်းများမှ အသက် ၁၀ နှစ်ပြည့် ကျောင်းသား/ကျောင်းသူများအား သစ္စာစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ထုတ်ပေးလျက်ရှိကြောင်း ပုံပါကျင်မြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာရုံးမှ ဒုလဝကမှူး ဦးကျော်စွာဝင်းထံက သိရသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ဒီဇင်ဘာလ ၁၀ ရက်၊ မွန်းလွဲပိုင်းက ပုံပါကျင်မြို့ရှိ ပေဗွအောနှင့် ကုန်းဆာ အခြေခံပညာမူလတန်းကျောင်းများတွင် နိုင်ငံသားစိစစ်ရေး ကတ်ပြား ပြုလုပ်ပေးနိုင်ရန် ဆောင်ရွက်ခဲ့ကြောင်း ၎င်းထံကသိရသည်။

"ဒီနှစ် ကျောင်းစဖွင့်ကတည်းက သစ္စာစီမံချက် စတင်ပါတယ်။ ကျောင်းတွေက ပေးတဲ့အတိုင်း ၁၀ နှစ်ပြည့် ကျောင်းသား/သူ ၂၅၂ ယောက်ကို ကွင်းဆင်းဆောင်ရွက်ခဲ့ပါတယ်။ မြို့နယ် ဦးစီးအရာရှိ လက်မှတ်ထိုးပြီတာနဲ့ ကတ်ပြားတွေ ထုတ်ပေးပါတယ်" ဟု ဦးကျော်စွာဝင်းက ကမ္ဘောဇတိုင်းသို့ ပြောသည်။

မိုင်းတုံမြို့နယ်အတွင်း သစ္စာစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ရာ၌ ဇူလိုင်လ ၈ ရက်က ပုံပါကျင် အခြေခံပညာ အထက်တန်းကျောင်းရှိ ကျောင်းသား/သူ ၇၅ ဦးတို့ကို နိုင်ငံသားစိစစ်ရေး ကတ်ပြားများထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကာ နားကောင်းမူး အခြေခံပညာအထက် တန်းကျောင်းရှိ ကျောင်းသား/သူ ၁၃၀ ဦးနှင့် ပေဗွအောနှင့် ကုန်းဆာအခြေခံပညာ မူလတန်းကျောင်းများမှ ကျောင်းသား/သူများ၏ နိုင်ငံသား စိစစ်ရေးကတ်ပြားများကို ဒီဇင်ဘာလအတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်သွားမည်ဖြစ်ကြောင်းသိရသည်။

သစ္စာစီမံချက်မှာ အခြေခံ ပညာကျောင်းမှ အသက် ၁၀ နှစ်ပြည့်ပြီး ကျောင်းသား/ကျောင်းသူများ စာမေးပွဲ ဖြေဆိုရာတွင် အဆင်ပြေမှုများ ရှိစေရန်အတွက် ကျောင်းများကို အခြေခံကာ လုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံသား စိစစ်ခြင်း၊ လက်ဗွေနှိပ်ခြင်းများကွင်းဆင်းဆောင်ရွက်ပြီးနောက် နိုင်ငံသား စိစစ်ရေးကတ်ပြားများ ထုတ်ပေးသည့် လုပ်ငန်းစဉ်ဖြစ်ကြောင်း သိရသည်။

# ကျိုင်းတုံမြို့ရှိ ဟွေဖျန်သုသာန်တွင် မီးသင်္ဂြိုဟ်စက်အသစ် ၂ လုံး ထပ်မံ တပ်ဆင်

ထက်တိုင်းကျော်

ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံမြို့ရှိ ဟွေဖျန်သုသာန်၌ လက်ရှိ အသုံးပြုနေသည့် မီးသင်္ဂြိုဟ်စက် အပြင် မီးသင်္ဂြိုဟ်စက် ၂ လုံး ထပ်မံ တပ်ဆင်ပေးလျက်ရှိပြီး ၂၀၂၀ ပြည့်နှစ်တွင် စတင် အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်း မီးသင်္ဂြိုဟ်စက် အသစ် ၂ လုံးနှင့်အတူ မီးသင်္ဂြိုဟ်မည့် အဆောက်အဦ၏တန်ဖိုးမှာ ထိုင်းဘတ်ငွေ ကျပ်သိန်း ၃၀ ခန့်ရှိပြီး စေတနာရှင် များမှ ပိုင်းဝန်းစုပေါင်း လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဝစီပိတ်ဆရာတော် ဦးကောဝိဒက ဦးဆောင် ကမကထပြုပြီး လုပ်ထားတဲ့ အခုလက်ရှိ မီးသင်္ဂြိုဟ်စက်က ဟောင်းနေပြီဖြစ်လို့ ဆရာတော်ကပဲ မီးသင်္ဂြိုဟ်စက် အသစ် ၂ လုံးရအောင်စီမံကြိုးစားခဲ့တာဖြစ်ပါတယ်။ စေတနာရှင်များကလည်း ပါဝင်လှူဒါန်းခဲ့လို့အခုလို အဆင်ပြေသွားတာဖြစ်ပါတယ်"ဟု မီးသင်္ဂြိုဟ်စက် ဖြစ်မြောက်ရေး ဘဏ္ဍာငွေ ရှာဖွေရေး ကော်မတီ အတွင်းရေးမှူး ဦးသိန်းတန်က ကမ္ဘောဇတိုင်းသို့ပြောသည်။

"အရင်တုန်းကဆိုရင် ကွယ်လွန်သွားသူတွေကို ထင်းနဲ့ မီးသင်္ဂြိုဟ်ခဲ့ရတာ ဖြစ်ပါတယ်။ အလောင်းတစ်လောင်းအတွက် အနည်းဆုံး ထင်း ၁ လံကုန်ပြီး အခုလက်ရှိ ဈေးနဲ့ဆိုရင် ၇၀၀၀၀ လောက် ကျပါတယ်။ မီးရှို့ဖို့ တာယာဟောင်းနဲ့ ဒီဇယ်ပါ သုံးရပြီး မိုးရွာရင် ဒုက္ခရောက်ပါတယ်။ အခုတော့ ဒီဒုက္ခတွေ အေးသွားပါတယ်" ဟု ကျိုင်းတုံမြို့ရှိ နာရေးကူညီမှုအသင်းဝင်တစ်ဦးက ၎င်း၏ အမြင်ကို ပြောဆိုခဲ့သည်။

ကျိုင်းတုံမြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် သေဆုံးသူများ၏ရုပ်အလောင်းများအား ထင်းဖြင့် မီးသင်္ဂြိုဟ်နေဆဲဖြစ်ပြီး ရုပ်အလောင်းတစ်ခု မီး သင်္ဂြိုဟ်ရန်အတွက် အလျား ၆ ပေ၊ အမြင့် ၅ ပေရှိ ထင်းတစ်လံခန့် ကုန်ကျသဖြင့် သစ်တော မပြုန်းတီးစေရန်အတွက် ထင်းအစားထိုး မီးသင်္ဂြိုဟ်စက် ပြောင်းလဲ အသုံးပြုရန် လိုအပ်နေဆဲ ဖြစ်ကြောင်း သိရသည်။






# အားလုံး ပူးပေါင်းပါဝင်ရန် လိုသည့် အဂတိ တိုက်ဖျက်ရေး

ပြီးခဲ့သည့် ဒီဇင်ဘာလ ၉ ရက်က တောင်ကြီးမြို့တွင် ပြုလုပ်ခဲ့သည့် ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က လူသားမျိုးနွယ်စုအတွင်း လိုက်စားနေသော အဂတိလိုက်စားမှုကို ပြည်နယ်အစိုးရ၏ ဦးဆောင်မှုဖြင့် မဏ္ဍိုင် ၃ ရပ်မှ တာဝန်ရှိသူများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများ စုပေါင်းညီညာစွာ ဝိုင်းဝန်းပူးပေါင်း တိုက်ဖျက်ရန် လိုကြောင်း ပြောဆိုခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်၏ ပြောစကားအရ အဂတိလိုက်စားမှုကြီးသည် လူသားမျိုးနွယ်စုအတွင်း မည်မျှအတိုင်းအတာအထိ လိုက်စားနေပါသနည်း။ အဂတိလိုက်စားမှု ဆိုသည်မှာ အများပိုင်အာဏာကို မိမိကိုယ်ကျိုးအတွက် အလွဲသုံးစား ပြုလုပ်ခြင်းဟု အပြည်ပြည်ဆိုင်ရာပွင့်လင်းမြင်သာမှုအဖွဲ့ (TI) က အနက်အဓိပ္ပါယ် ဖွင့်ဆိုထားပြီး အဂတိလိုက်စားခြင်းသည် တင်းကျပ်သည့် စည်းမျဉ်းစည်းကမ်းနှင့် ပွင့်လင်းမြင်သာမှု မရှိသည့် ဗဟိုချုပ်ကိုင်မှုစနစ်များမှ ဖြစ်ပေါ်လာခြင်းဖြစ်ကာ နောက်ဆုံးရလဒ်မှာ ဆင်းရဲမွဲတေခြင်းသာ ဖြစ်ကြောင်း ယင်းအဖွဲ့မှ ထုတ်ပြန်ထားသည်။

နိုင်ငံတကာပွင့်လင်းမြင်သာမှုအဖွဲ့ (Transparency International-TI) ၏ ၂၀၁၈ ခုနှစ်အတွက် ကမ္ဘာ့အဂတိလိုက်စားမှုသတ်မှတ်ချက်ဇယား (Corruption Perception Inxex-CPI) အရ မြန်မာနိုင်ငံသည် နိုင်ငံပေါင်း ၁၈၀ အနက် ရမှတ် ၂၉ မှတ်ဖြင့် အဆင့် ၁၃၂ ၌ ရပ်တည်နေသည်ဟု သိရသည်။

မြန်မာနိုင်ငံအနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက် ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်က "လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေးကော်မရှင်" ကို စတင်ဖွဲ့စည်းခဲ့ပြီး ယင်းနှစ် ဩဂုတ်လတွင် "အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်" ဟု အမည်ပြောင်းလဲ ပြင်ဆင်ဖွဲ့စည်းကာ ဆောင်ရွက်ခဲ့ပါသည်။ ကော်မရှင်သက်တမ်း ၅ နှစ် အတွင်း ခက်ခဲသောလုပ်ငန်းများ ရှိနေသော်လည်း လုပ်ဆောင်နိုင်စွမ်း ရှိနိုင်သမျှ လုပ်ဆောင်နေသည်ဟု ကော်မရှင် တာဝန်ရှိသူတစ်ဦးက ပြောဆိုခဲ့သည်။

မြန်မာနိုင်ငံတွင် နှစ်ပေါင်းများစွာ အမြစ်တွယ်လာခဲ့သော အဂတိလိုက်စားမှု ကိစ္စရပ်ကြီးမှာ လူတန်းစားအလွှာအသီးသီး၌ တည်ရှိနေခြင်းဖြစ်သည်။ နိုင်ငံရေးတွင် စစ်တပ်၏ပါဝင်ပတ်သက် နေရာ ရယူထားမှုက အာဏာရှင်စနစ်ကို ခိုင်ခိုင်မာမာ အုတ်မြစ်ချပေးခဲ့ပြီး ပွင့်လင်းမြင်သာမှု မရှိခြင်းနှင့် တင်းကျပ်သည့် ဗဟိုချုပ်ကိုင်မှု စစ်အာဏာရှင် စနစ်ဆိုးအောက်၌ အဂတိလိုက်စားမှုက အမြစ်တွယ်ခဲ့ခြင်း ဖြစ်သည်။ ယင်းစနစ်ဆိုးကို တော်လှန်တိုက်ဖျက်ရန်မှာ မြန်မာနိုင်ငံသား အားလုံးတွင် တာဝန် ရှိပါသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကလည်း လာဘ်ပေးလာဘ်ယူမှုဟူသည် ယူသူ ရှိသလို ပေးသူလည်း ရှိနေခြင်း ဖြစ်ကြောင်း၊ မပေး၍ မလုပ်ပေးလျှင် တိုင်ကြားနိုင်ကြောင်း၊ တိုင်ကြားသူ မရှိပါက အရေးယူနိုင်ရန် ခက်ခဲကြောင်း ဩဂုတ် ၂၇ ရက်က နေပြည်တော်ရှိ MICC-I တွင် ပြုလုပ်ခဲ့သည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲတွင် ပြောဆိုထားသည်။

အဂတိလိုက်စားမှု ပပျောက်ရေးလုပ်ငန်းစဉ်များသည် အာဏာပိုင်များ၊ ဝန်ထမ်းအဖွဲ့အစည်းများနှင့်သာ သက်ဆိုင်သည်မဟုတ်ဘဲ ကျန် တိုင်းသူပြည်သား စီးပွားရေးလုပ်ငန်းရှင်၊ ကုန်သည်၊ ဈေးရောင်းမှအစ ဆင်းရဲသားအခြေခံလူတန်းစား အလွှာအသီးသီးနှင့် သက်ဆိုင်နေပါသည်။

သို့ဖြစ်၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက် နိုင်ငံသူ/နိုင်ငံသားအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်မည်သာ ဖြစ်ပါတော့သည်။ ။

ကမ်ဘောဇတိုင်း

" မီဒီယာအကြံပေး "
ဦးသန်းဝေ (တောင်ကြီး)
ဒေါက်တာ အောင်ကျော် (သွား/ဆရာဝန်)

" ဥပဒေအကြံပေး "
ဦးညီညီဇော် (LL.B)
(တရားလွှတ်တော်ရှေ့နေ)

" အယ်ဒီတာချုပ် "
ဖေတိုင်း

" တာဝန်ခံ အယ်ဒီတာ "
နန်းနန်းတိုင်း

" သတင်းအယ်ဒီတာ "
ကိုစိုး (ကမ်ဘောဇတိုင်း)

" သတင်းထောက်ချုပ် "
မင်းဇော်မင်း

" အကြီးတန်းသတင်းထောက် "
ထက်တိုင်းကျော်၊ ဇေယျာ

" သတင်းထောက် "
စိုင်းရာဇာ၊ နန်းဝင်းရီ
ကောင်းမွန်၊ စုလှိုင်၊ စိုင်းသိမ်သူ
စိုင်းအောင်မြတ်၊ ထမံသီ
မိုင်းမော(ကြိုဂံနယ်မြေ)၊ ခွန်သန်းအောင်

" ပင်တိုင်ဆောင်းပါးရှင် "
ကျော်ကျော်လင်း၊ အောင်ဆန်းဝင်း၊ စိုင်းကျော်မောင်

" ထုတ်ဝေသူ "
ဦးတင်အောင်ကျော် (မြ - ၀၁၀၇၉)

" ပုံနှိပ်သူ "
ဦးအေးဝင်း၊ "အေးကမ္ဘာ" ပုံနှိပ်တိုက် (၀၀၂၉၁)

" ဂျာနယ်တိုက် တည်နေရာ "
တောင်ကြီးမြို့ ရှမ်းပြည်နယ်

Mail - kanbawzatai.news@gmail.com
Website - www.kanbawzatainews.com
Facebook - www.facebook.com/kanbawzatai
Phone - 09899885514/ 09252783348
- 09428313690/ 09428360702

"ရှမ်းပြည်နယ် ကိုယ်စားပြု အပြစ် ထုတ်ဝေ ပြန့်ချိသည်။"

# ရှမ်းပြည်နယ်တွင် တရားမဝင်သတ္တု တူးဖော်ခဲ့သည့် တရုတ်နိုင်ငံသားပိုင် ကုမ္ပဏီအား အမည်ပျက်စာရင်း တင်သွင်းရန် သက်သေ အထောက်အထားများကို စစ်ဆေးသွားမည်

ရှမ်းပြည်နယ် တောင်ပိုင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်၊ ငှက်သောက်ကျေးရွာရှိ ဒေသအခေါ် အင်ကြင်းရေ နယ်နိမိတ်အတွင်း တရုတ်နိုင်ငံသားပိုင် GPS ကုမ္ပဏီမှ တရားမဝင် သတ္တုတူးဖော်ခဲ့ခြင်းနှင့် ပတ်သက်၍ ရွာငံမြို့နယ်ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးမင်းက လွှတ်တော်တွင် မေးခွန်းမေးမြန်းရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာရဲမြင့်ဆွေက ကုမ္ပဏီအား အမည်ပျက်စာရင်း (Black List) သွင်းရန် သက်သေအထောက်အထားများစစ်ဆေးရယူဆဲဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့သည်ဟုသိရသည်။

ရွာငံမြို့နယ်၊ ငှက်သောက်ကျေးရွာတွင် သတ္တုတူးဖော်နေသည့် GPS ကုမ္ပဏီမှာ တရားမဝင် တူးဖော်နေခြင်းဖြစ်ကြောင်း သိရှိရပြီး လက်ရှိအချိန်တွင် ကုမ္ပဏီပိုင်ရှင်ဖြစ်သူ တရုတ်နိုင်ငံသား Mr.Liu Kaiyong (၃၃ နှစ်)မှာ ထွက်ပြေး တိမ်းရှောင်နေသဖြင့် အမည်ပျက်စာရင်း သွင်းရန် အစီအစဉ် ရှိ/မရှိ မေးခွန်းမေးမြန်းမှုကို ဒုတိယဝန်ကြီးက ယင်းကဲ့သို့ ပြန်လည်ဖြေကြားခဲ့ခြင်း ဖြစ်သည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ကို ဒီဇင်ဘာလ ၁၂ ရက်က နေပြည်တော်တွင် ကျင်းပရာ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်ဦးအောင်စိုးမင်းက ရွာငံမြို့နယ်အတွင်း တရားမဝင် သတ္တုတူးဖော်နေသည့် GPS ကုမ္ပဏီအား အထူးစုံစမ်း စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းပြီး စိစစ်အရေးယူပေးရန်၊ ကုမ္ပဏီမှ တရားမဝင် လမ်းဖောက်လုပ်ခြင်း၊ သတ္တုများ ခိုးထုတ်ယူခြင်းကြောင့် ပျက်စီးဆုံးရှုံးသွားသည့် သဘာဝသယံဇာတ ရေမြေတောတောင်များအတွက် မည်သို့ဆောင်ရွက်ပေးမည်နှင့် ဝန်ကြီးဌာနအနေဖြင့် GPS ကုမ္ပဏီကို အမည်ပျက်စာရင်း (Blacklist) ကြော်ငြာပေးရန် အစီအစဉ် ရှိ/မရှိတို့ကို ဆက်စပ်မေးခွန်းများအဖြစ် မေးမြန်းခဲ့ခြင်းဖြစ်သည်။

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးအောင်စိုးမင်းကရွာငံမြို့နယ်ရှိ သဖန်းပင်ကျေးရွာ မြောက်ဘက်၊ ငှက်သောက်ကျေးရွာ အရှေ့ဘက်၊ ဒေသအခေါ် အင်ကြင်းရေ နယ်နိမိတ်တွင် တရားမဝင် သတ္တု တူးဖော်မှုများ ပြုလုပ်နေသည်ဟု ဒေသခံများ၏ တင်ပြချက် အရ မေးခွန်း မေးမြန်းရခြင်း ဖြစ်ပြီး ယင်းနေရာတွင် GPS ကုမ္ပဏီနှင့်ဟာ ဘော်စတားကုမ္ပဏီ တို့ လုပ်ကွက် ၂ ခု ရှိသည့်အပြင် လုပ်သားများမှာ တစ်အုပ်စုတည်း ဖြစ်နေသည့်အတွက် မည်သည့်ကုမ္ပဏီက လုပ်ကိုင်နေသည်ကို သိရှိလိုကြောင်း၊ မြေပြင် စစ်ဆေးချက်အရ တစ်ရက်လျှင် ဖြုန်းတန်ချိန် ၅၀ ခန့်၊ သတ္တုတန် ၂၀ ခန့် တူးဖော်နေသည်ကို စိစစ်တွေ့ရှိရသဖြင့် ဝန်ကြီးဌာနမှမည်ကဲ့သို့ အရေးယူ ဆောင်ရွက်သွားမည်ကို သိရှိလိုကြောင်း မေးခွန်းမေးမြန်းရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်တွင် စုံစမ်းစစ်ဆေးရေး အဖွဲ့ခေါင်းဆောင် ဒေါက်တာ နေဇာလင်းနှင့် အဖွဲ့မှ သွားရောက်စစ်ဆေးရာ GPS ကုမ္ပဏီပိုင်သည့် သတ္တုသန့်စင်စက်ရုံဖြစ်ကြောင်း သိရှိရပြီး GPS ကုမ္ပဏီသည် ရှမ်းပြည်နယ်၊ ရွာငံမြို့နယ်အတွင်း မြေဧရိယာ ၃၁၁၄ ဧကတွင် ခဲသတ္တုစမ်းသပ် တိုင်းတာခွင့်ရရှိရန် ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလကတင်ပြလျှောက်ထားခဲ့ပါကြောင်း၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ၂၂၄၄ ဒသမ ၈၄ ဧကတွင် ခဲသတ္တုစမ်းသပ် တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကန့်ကွက်ရန် မရှိကြောင်း သဘောထားမှတ်ချက်နှင့် မြေစာရင်းပုံစံများ ချထားပေးခဲ့ပြီးဖြစ်သော်လည်း သဘာဝ ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်(EMP)အတည်ပြုချက်ရရှိရေး ဆောင်ရွက်ဆဲသာ ဖြစ်ကာ ဝန်ကြီးဌာနမှ ခွင့်ပြုမိန့် ထုတ်ထားပေးခြင်း မရှိသေးကြောင်းနှင့် ခွင့်ပြုမိန့် မရထားသည့်အတွက် သတ္တုတူးခြင်း၊ လမ်းဖောက်ခြင်းများကို လုပ်ပိုင်ခွင့် မရှိသည်ကို လုပ်ဆောင်ထားသဖြင့် သတ္တုတွင်း ဥပဒေ ပုဒ်မ ၃၀၊ ပုဒ်မ ခွဲ(က)အရ ရွာငံမြို့နယ်ရဲစခန်းတွင် ကျူးလွန်သူ တရုတ်နိုင်ငံသား လီကျိုးယုံ(၃၃ နှစ်)အား ဒီဇင်ဘာ ၁ ရက်က ဘော်ဆိုင်းရုံးခွဲအရာရှိမှ အမှုဖွင့်လှစ်ထားကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

အဆိုပါ ဖြေကြားချက်များနှင့် ပတ်သက်၍ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်စိုးမင်းက ဆက်စပ် မေးခွန်းအဖြစ် မေးမြန်းရာတွင် လပေါင်းများစွာ တရားမဝင် သတ္တု တူးဖော်ခဲ့သည့်အတွက် သဘာဝ သယံဇာတများ ပျက်စီးမှုကို မည်သို့ ပြန်လည်ကုစားမည်ကို သိရှိလိုကြောင်းနှင့် ကုမ္ပဏီအားအမည်ပျက် စာရင်းသွင်းရန် အစီအစဉ် ရှိ/မရှိ မေးမြန်းရာတွင် ဒုတိယဝန်ကြီး ဒေါက်တာမြင့်ဆွေက သဘာဝ ပတ်ဝန်းကျင် ပြန်လည်ကုစားနိုင်ရန် အတွက် ရှမ်းပြည်နယ် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာန၊ သတ္တုတွင်း ဦးစီးဌာန၊ အမှတ်(၁)သတ္တုတွင်း လုပ်ငန်းကိုယ်စားလှယ်၊ GPS ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့များ၊ ဒေသခံကိုယ်စားလှယ် ရပ်မိရပ်ဖများပါဝင်သည့် အဖွဲ့ ဖွဲ့စည်းပြီး ထိခိုက်နစ်နာမှုရှိသည့် ပြည်သူများ၏ စိုက်ခင်းမြေနေရာ၊ ရွှေ့ပြောင်း တောင်ယာများကို လျော်ကြေးပေးချေနိုင်ရေး အစီအမံများ စီစဉ်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လုပ်ထုံးလုပ်နည်းနည်း ဥပဒေများအရ ကုမ္ပဏီကို Blacklist သွင်းရန် အတွက် ကျူးလွန်သည့် အထောက်အထားများ ခိုင်မာစေရန် မြေပြင်တွင် စိစစ်ပြီး ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

"ဒုတိယဝန်ကြီးရဲ့ ဖြေကြားမှုအပေါ်မှာတော့ ကျေနပ်အားရမှု မရှိပါဘူး။ ဒါတွေက လွှတ်တော်ထဲက မေးမှ လုပ်ရမှာ မဟုတ်ပါဘူး။ ဝန်ကြီးဌာနရဲ့ အလုပ်ပါ။ လွှတ်တော်ထဲမှာ မေးခွန်းမေးမှ အချက်အလက်တွေရှာရဦးမယ်ဆိုတာကတော့အားရကျေနပ်မှု မရှိပါဘူး။ ခဲသတ္တု တူးဖော်မှုနဲ့ ပတ်သက်ရင် အမှတ်(၁) သတ္တုတွင်းလုပ်ငန်း၊ သယံဇာတနဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှာ အဓိက တာဝန်ရှိပါတယ်" ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးမင်းက ကမ္ဘောဇတိုင်းသို့ ပြောသည်။

၎င်းအနေဖြင့် ဒေသခံများ၏ တင်ပြချက်အရ ရွာငံမြို့နယ်အတွင်းရှိ သတ္တုတူးဖော်ရေးလုပ်ငန်းများ ခွင့်ပြုချ ထားပေးမှု၊ လုပ်ကွက်နှင့် သက်တမ်းတို့ကို လွှတ်တော်တွင် ကြယ်ပွင့်မပြ မေးခွန်းမေးမြန်းခဲ့ရာမှ အဆိုပါ GPS ကုမ္ပဏီသည် တရားမဝင် တူးဖော်နေခြင်းဖြစ်ကြောင်း သိရှိခဲ့ရခြင်း ဖြစ်သည်ဟု ဆက်လက်ပြောကြားခဲ့သည်။

ရွာငံမြို့နယ်အတွင်း ရပ်ကွက် ၃ ရပ်ကွက်၊ ၂၉ အုပ်စု၊ ကျေးရွာပေါင်း ၁၂၅ ရွာရှိပြီး မြို့နယ်လူဦးရေ စုစုပေါင်း ၈၃၂၁၉ ဦးရှိကာ မြို့နယ်အတွင်း၌ ခဲသတ္တုတူးဖော်ရေး လုပ်ငန်းများ အများဆုံး တည်ရှိနေသည်။

# ကျိုင်းတုံမြို့တွင်း၌ ဖွင့်လှစ်ထားသည့် ယာဉ်လိုင်းဂိတ်များအား အဝေးပြေး ကားဝင်းသို့ ပြောင်းရွှေ့ရန် ညွှန်ကြားထား

ထက်တိုင်းကျော်

ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံမြို့တွင် လူနေရပ်ကွက်များ အတွင်း ခရီးသည် အတင်အချ လုပ်ဆောင်နေသည့် ယာဉ်လိုင်းဂိတ်များအား ယန်းခမ်းအဝေးပြေး ယာဉ်ရပ်နားစခန်းသို့ ပြောင်းရွှေ့ရန် ကျိုင်းတုံခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းမင်းသိန်းမှ မြို့နယ်စည်ပင်သာယာရေးဌာနနှင့် မော်တော်ယာဉ်လိုင်းပေါင်းစုံ ကြီးကြပ်ထိန်းသိမ်းရေးအဖွဲ့တို့ထံ ဒီဇင်ဘာလ ၃ ရက်က စာထုတ် ညွှန်ကြားထားကြောင်း သိရသည်။

ယင်း အကြောင်းကြားစာတွင် ကျိုင်းတုံမြို့ပေါ်ရှိလူနေရပ်ကွက်များ အတွင်း ခရီးသည်တင် မော်တော်ယာဉ်လိုင်းဂိတ်ဖွင့်လှစ် ထားရှိမှုများကို စစ်ဆေးတွေ့ ရှိနေရပြီး ယာဉ်ကြီး/ယာဉ်ငယ်များ ရပ်ကွက်အတွင်းသို့ ဝင်ရောက်ရာ၌ မြို့တွင်းရှိ လမ်းများ ကျဉ်းမြောင်းသဖြင့် လမ်းပိတ်ဆို့ခြင်းနှင့် ပျက်စီးခြင်းများ မကြာခဏ ဖြစ်ပေါ်နေရကြောင်း၊ သို့ဖြစ်၍ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေးအတွက် တရားဝင်/တရားမဝင် ဖွင့်လှစ်ထားသည့် မော်တော်ယာဉ်ဂိတ်များအားအဝေးပြေးကားဝင်းသို့ အမြန်ဆုံး ပြောင်းရွှေ့ပေးရန် အသိပေး အကြောင်းကြားကြောင်း ဖော်ပြပါရှိသည်။

"မြို့ထဲမှာ ကားဂိတ်တွေဖွင့်ပြီး ခရီးသည်တင် ပြေးဆွဲနေတာကိုပိတ်ပြီး ကားဝင်းထဲကို ရွှေ့ဖို့အတွက်စည်ပင်နဲ့မထသကို စာပို့အကြောင်းကြားထားပါတယ်။ ယာဉ်တွေများပြီး လမ်း ပိတ်ဆို့တာနဲ့ ယာဉ်မတော်တဆမှုဖြစ်စဉ်တွေ မဖြစ်ပွားစေဖို့ ရည်ရွယ်ပါတယ်"ဟု ကျိုင်းတုံခရိုင် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းမင်းသိန်းက ကမ္ဘောဇတိုင်းသို့ ပြောသည်။

ကျိုင်းတုံမြို့တွင် ယာဉ်ကြောပိတ်ဆို့မှုနှင့် ပတ်သက်၍ ဒေသခံတစ်ဦးကလည်း "ကားဂိတ်တွေ ပြောင်းပေးဖို့ လိုသလို လမ်းဧရိယာပေါ်တက်ပြီး ဈေးရောင်းတာနဲ့ လမ်းမှာ ယာဉ် ၂ ထပ်ရပ်တာ၊ လမ်းဘယ်ညာမှာ အတူရပ်တာတွေက လမ်းပိတ်ဆို့မှုကို ပိုဖြစ်စေပါတယ်။ ဒီလိုမှ စည်းကမ်း မလုပ်ဘူးဆိုရင် ထုံးစံဖြစ်သွားမယ်"ဟု ၎င်း၏အမြင်ကို ပြောဆိုခဲ့သည်။




ကျိုင်းတုံမြို့ပေါ်ရှိ ရပ်ကွက်များ အတွင်း မိုင်းပျဉ်း၊ မိုင်းခတ်၊ မိုင်းယန်း၊ မိုင်းလား၊ မိုင်းဖြတ်၊ မိုင်းယောင်း၊ တောင်ကြီးနှင့် တာချီလိတ်မြို့များသို့ ခရီးသည်တင် ပြေးဆွဲနေသည့် တရားဝင် မော်တော်ယာဉ်လိုင်းများနှင့် တရားမဝင်ယာဉ်များ ဝင်ရောက်ဂိတ်ထိုးပြေးဆွဲမှုများ ရှိနေကြောင်း သိရသည်။

VOLUME.5, ISSUE 49 THURSDAY, DECEMBER 19, 2019
ကမ္ဘောဇတိုင်း

# လင်းယုန်မိုးကောင်းကင် ယာဉ်လိုင်းမှ ရန်ကုန် – တောင်ကြီး – ကျိုင်းတုံ – တာချီလိတ်ခရီးစဉ်အား အဆင့်မြင့် မော်တော်ယာဉ်များဖြင့် နေ့စဉ် ပြေးဆွဲပေးလျက်ရှိ

ရန်ကုန်ကံသာမိုးကောင်းကင် ကုမ္ပဏီလီမိတက်၏ လင်းယုန် မိုးကောင်းကင် အဆင့်မြင့်ခရီးသည် ပို့ဆောင်ရေး လုပ်ငန်းမှ ရန်ကုန်-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် ခရီးစဉ်အား ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်မှ စတင်၍ အဆင့် မြင့် မော်တော်ယာဉ်များဖြင့် နေ့စဉ် အချိန်မှန်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

ယင်းခရီးစဉ်တွင် ခရီးသည်များ ဘေးအန္တရာယ် ကင်းရှင်းပြီး နိုင်ငံတကာအဆင့်မီ လုံခြုံစိတ်ချရသည့် ဥရောပ စံချိန်စံညွှန်းများနှင့် အညီ ထုတ်လုပ်ထားသော ဆွီဒင်နိုင်ငံထုတ် Scania Marcopolo Bus ကားသစ်များဖြင့် ပြေးဆွဲပေးနေခြင်း ဖြစ်ကြောင်း သိရသည်။

လင်းယုန် မိုးကောင်းကင် အဆင့်မြင့် ခရီးသည် ပို့ဆောင်ရေး ယာဉ်လိုင်းသည် ရန်ကုန်မြို့၊ အောင်မင်္ဂလာအဝေးပြေးကားဝင်းမှ နေ့စဉ် ည ၈ နာရီတွင် စတင် ထွက်ခွာပြီး နောက်တစ်ရက် နံနက်တွင် တောင်ကြီးမြို့၊ အေးသာယာကားဝင်းသို့ ဆိုက်ရောက်ကာ ကျိုင်းတုံနှင့် တာချီလိတ်အထိ ဆက်လက် မောင်းနှင် ပြေးဆွဲ ပေးနေခြင်း ဖြစ်ကြောင်း သိရ သည်။

"တာချီလိတ်ကနေ ညနေ ၆ နာရီ စထွက်ပြီး ကျိုင်းတုံကို ည ၉ နာရီခွဲလောက်မှာ ဝင်ပါတယ်။ တာကော် တံတားအထိ ဆက်ပြီးတော့ မောင်း ပါတယ်။ မနက် ၆ နာရီ တံတားဖွင့်တာနဲ့ ကွန်ဟိန်း-နမ့်စန်-လွိုင်လင်- တောင်ကြီးခရီးစဉ် အတိုင်း ရန်ကုန်အထိ ဆက်မောင်း ပါတယ်။ အသွားအပြန် ခရီးစဉ် တစ်ခုမှာ ယာဉ်မောင်း ၂ ယောက်နဲ့ စပယ်ယာ ၂ ယောက်စီ ပါလို့ စိတ်ချရပါတယ်" ဟု အဆိုပါ ယာဉ်လိုင်းမှ ကျိုင်းတုံဂိတ်မှူး ဦးနိုင်ကြီးက ပြောသည်။

အဆိုပါယာဉ်လိုင်းမှ မော်တော်ယာဉ်များသည် VIP အထူး ကားများ ဖြစ်ပြီး လမ်းခရီးစဉ်အတွင်း ခရီးသည်များအတွက် ဝန်ဆောင်မှုအ ဖြစ် ထိုင်ခုံ တစ်လုံးစီတွင် TV တစ်လုံးနှင့် သောက်ရေသန့်၊ စနီးတာဝါ၊ သွားတိုက်ဆေး၊ သွားတိုက်တံနှင့် အဆာပြေ စားသုံးရန် မုန့် ၆ မျိုးတို့ကို ဝန်ဆောင်မှု ပေးအပ်ထားကြောင်း သိရသည်။

လင်းယုန်မိုးကောင်းကင် မော်တော်ယာဉ်လိုင်းသည် ရန်ကုန်မြို့တွင်းမှ တာမွေဦးချစ်မောင်လမ်းဂိတ်၊ ယုဇနပလာဇာ၊ အောင်ဆန်းကွင်းဂိတ်များသို့ ကုန်စည်ပို့ဆောင်သည့် ဝန်ဆောင်မှုနှင့် ရန်ကုန်မြို့တွင်းနေ အိမ်/ရုံးခန်း များသို့ ပါဆယ်ပို့ဆောင်သည့် ဝန်ဆောင်မှုတို့ကိုလည်း ဆောင်ရွက်ပေးနေလျက် ရှိကြောင်း သိရသည်။







# မိုင်းတုံတွင် အာဖရိကဝက်အပြင်းဖျားရောဂါ ဖြစ်ပွား၍ သေဆုံးသည့် ဝက်များကို စနစ်တကျ စွန့်ပစ်ရန် ပညာပေးလျက်ရှိ

မင်းဇော်မင်း

ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းဆတ်ခရိုင်၊ မိုင်းတုံမြို့နယ် အတွင်း အာဖရိက ဝက်အပြင်းဖျားရောဂါဖြစ်ပွား၍ သေဆုံးသည့် ဝက်များကို စနစ်တကျ စွန့်ပစ်ရန်နှင့် အခြားဝက်များသို့ ရောဂါကူးစက်မှု မရှိစေရေး၊ အခြားရောဂါများ ထပ်မံမဖြစ်ပွားစေရေးတို့အတွက် လူထု အသိပညာပေး ဟောပြောမှုများ ပြုလုပ်လျက်ရှိသည်ဟု သိရသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက မိုင်းတုံမြို့နယ်၊ ပုံပါကျင်မြို့ပေါ်ရှိ ရပ်ကွက်များ၌ ဝက်ကောင်ရေ ၃၀ ခန့် သေဆုံးမှုဖြစ်ပွားခဲ့ပြီး ဝက်သေများအား ရေချောင်းများအတွင်း စည်းကမ်းမဲ့ စွန့်ပစ်မှုများ ရှိခဲ့သည့်အတွက်သက်ဆိုင်ရာဌာနများမှသွားရောက်သယ်ဆောင်ကာစနစ်တကျ ဆေးဖျန်း၍ မြေမြှုပ်ခဲ့ရသည်ဟု သိရသည်။

"ဒီနှစ် ရှမ်းအရှေ့ကို ဝက်ရောဂါနဲ့ ပတ်သက်လို့ Infective ဇရိယာလို့ သတ်မှတ်ထားပါတယ်။ မြို့နယ်အနေနဲ့လည်း ကော်မတီဖွဲ့ပြီး လုပ်ဆောင်ထားပါတယ်။ အခုလည်း ရေချောင်းထဲ ပစ်ထားတာတွေ၊ အိတ်နဲ့ ထည့်ပြီး စွန့်ပစ်ထားတာတွေကို သွား ဆယ်ပြီး မြေကြီးထဲ မြှုပ်ကြတယ်။ ပြီးတော့ အခုလို စွန့်ပစ်မှုတွေ မလုပ်ဖို့၊ မြေကြီးထဲ သေချာ မြှုပ်ဖို့၊ သတင်း အမြန် ပို့ဖို့နဲ့ ဝက်ခြံတွေကို မွေးမြူရေး လုပ်ငန်းသုံး ဆေးတွေဖျန်းနိုင်အောင် ထောက်ပံ့နေတဲ့ အကြောင်း ပညာပေး ဟောပြောမှုတွေ လုပ်နေပါတယ်" ဟု မိုင်းတုံမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာ စိုင်းအေးလှိုင်က ကမ္ဘောဇတိုင်းသို့ ပြောသည်။

ပုံပါကျင်တွင် ရေချောင်းအတွင်း အိတ်ဖြင့်ထည့်၍ စွန့်ပစ်ထားသည့် ဝက်သေကောင် ၁၄ ကောင်ကို ဆယ်ယူကာ မြေကြီးအတွင်း မြှုပ်နှံခဲ့ရသည်ဟု ၎င်းထံက သိရသည်။

လက်ရှိတွင် ပုံပါကျင်မြို့၊ ရပ်ကွက်(၁) အတွင်း ဝက် ၁၁ ကောင် သေဆုံးခဲ့ပြီးဖြစ်ပြီး ပုံအံ့စသည့် ဒေသများတွင်လည်းဝက်သေဆုံးမှုများ ရှိနေကာ အသိပညာ နည်းပါးခြင်းကြောင့် စည်းကမ်းမဲ့ စွန့်ပစ်မှုများရှိနေကြောင်းနှင့် "ဝ"ဒေသ ဟော့အောဘက်တွင် ဝက်သားမစားရန် ပိတ်ပင်မှုများ ရှိနေသည်ဟု ပုံပါကျင်မြို့ ဒေသခံ ဦးစိုင်းဝင်းမြတ်ဦးက ပြောသည်။

သို့ဖြစ်၍ ပုံပါကျင်မြို့တွင် အသိပညာပေး လုပ်ငန်းနှင့် သန့်စင်ရေး လုပ်ငန်းများကို မြို့အုပ်ချုပ်ရေးမှူး၊ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၊ စည်ပင်သာယာရေးဌာနနှင့် မီးသတ်ဌာနတို့ ပူးပေါင်းဆောင်ရွက်လျက် ရှိကြောင်း သိရသည်။



# အေးသာယာ ဂေါက်ကလပ်တွင် ၆၂ ကြိမ်မြောက် ကမ္ဘောဇဂေါက်သီးရိုက် ပြိုင်ပွဲ စတင်ကျင်းပ

စုလှိုင်

၆၂ ကြိမ်မြောက် ကမ္ဘောဇဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ဒီဇင်ဘာလ ၁၉ ရက်မှ ၂၂ ရက်အထိ တောင်ကြီးမြို့နယ်၊ အေးသာယာ ဂေါက်ကလပ်တွင် ကျင်းပ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ပြိုင်ပွဲတွင် ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးမှ ဂေါက်ကလပ်အသင်းပေါင်း ၆၁ သင်း ဝင်ရောက်ယှဉ် ပြိုင်လျက်ရှိကြောင်း ရှမ်းပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိရသည်။

"ကမ္ဘောဇဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ရှမ်းပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်းနဲ့ အရှေ့ပိုင်းတွေမှာ အလှည့်ကျ ကျင်းပလာတာ ဒီနှစ်ကတော့ တောင်ကြီး အေးသာယာ ဂေါက်ကလပ်မှာ ကျင်းပတာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ် အတွင်းမှာရှိတဲ့ ဂေါက်ကလပ် အသင်းတွေပဲ ပါဝင်ယှဉ်ပြိုင်နေတာ ဖြစ်ပါတယ်" ဟု ရှမ်းပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးကျော်ကျော်သိန်းက ကမ္ဘောဇတိုင်းသို့ ပြောသည်။

"ရွှေမိုင်းတုံ ဂေါက်ကလပ်အနေနဲ့ ပထမဆုံးအကြိမ် ၆ ဦး ပါဝင်ယှဉ်ပြိုင်ဖို့စာရင်းပေးထားပါတယ်။ ကျန်းမာရေးအရရော၊ တစ်ဦးချင်းရော၊ အသင်းအဖွဲ့ရော လူကြီးလူကောင်းဆန်ဆန် ကစားရတဲ့ ကစားနည်းဖြစ်လို့ လူတန်းစားတိုင်း ကစားသင့်တဲ့ ကစားနည်းဖြစ်ပါတယ်" ဟု ရွှေမိုင်းတုံဂေါက်ကလပ် ဥက္ကဋ္ဌ ဦးမင်းမင်းဇော်က ကမ္ဘောဇတိုင်းသို့ ပြောသည်။

ပြိုင်ပွဲကို ဒီဇင်ဘာလ ၁၉ ရက်မှ ၂၂ ရက်အထိ သတ်မှတ်အစီအစဉ်များအတိုင်း ယှဉ်ပြိုင် လျက်ရှိပြီး အမျိုးသားပြိုင်ပွဲကို အေးသာယာ ဂေါက်ကွင်းတွင် လည်းကောင်း၊ အသက် ၆၅ နှစ်အထက် သက်ကြီးနှင့် အမျိုးသမီးပြိုင်ပွဲကို တောင်ကြီး ဂေါက်ကွင်းတွင် လည်းကောင်း ကျင်းပပြုလုပ်လျက်ရှိကြောင်း သိရသည်။

ကမ္ဘောဇတိုင်း VOLUME.5, ISSUE.49 THURSDAY, DECEMBER 19, 2019



| | |
|---|---|
| စာအုပ်အမည် | - ယေးတက္ကသိုလ် ခရီးသည် |
| စာရေးသူ | - ဗိုလ်ဗကို |
| တန်ဖိုး | - ၄၅၀၀ |
| မှာယူနိုင်သည့်ဖုန်း | - ၀၉ ၉၆၉၉၉၈၅၀၀ |

ယခုစာအုပ်ကို ရေးသားသူ"ဗိုလ်ဗကို" ရဲ့အမည်ဟာ လူကြီးပိုင်း စာဖတ်ပရိသတ် အများစုနဲ့ ရင်းနှီးပြီးသားလည်း ဖြစ်ပါတယ်။ ဒါပေမဲ့ သူ့ကို စာရေးဆရာ အနေနဲ့ မဟုတ်ဘဲ ရုပ်ရှင်မင်းသားအဖြစ်သာ လူသိများကြတာ ဖြစ်ပါတယ်။ "ဗိုလ်ဗကို" ဟာ ဗမာ့လွတ်လပ်ရေး တပ်မတော်မှာ စစ်ဗိုလ်အနေနဲ့ အမှုထမ်းခဲ့သူလည်း ဖြစ်ပါတယ်။ လွတ်လပ်ရေး မော်ကွန်းဝင်(ဒုတိယအဆင့်)၊ ဇေယျကျော်ထင်၊ ဝဏ္ဏကျော်ထင်စတဲ့ ဘွဲ့တံဆိပ်တွေကိုလည်း ရရှိခဲ့ပါတယ်။ ရုပ်ရှင်မင်းသားအနေနဲ့ လူသိများ ထင်ရှားခဲ့ပြီး အကယ်ဒမီဆု နှစ်ဆု ရခဲ့ပါတယ်။ ဒ့ါအပြင် ဘာသာဗေဒ ပညာရှင်အဖြစ် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှာ သင်ကြားပို့ချခဲ့ပြီး စာရေး ဆရာအနေနဲ့ စာအုပ်ကောင်းများစွာကို ရေးသား ပြုစုခဲ့ပေမယ့် အဲ့ဒီအကြောင်းတွေကို သိရှိသူ အလွန်နည်းပါတယ်။ စာအုပ်ပေါင်း ၂၂အုပ် ရေးသား ပြုစုခဲ့ပါတယ်။

ဒီစာအုပ်ဟာ အမေရိကန် ပြည်ထောင်စုရှိ ယေးတက္ကသိုလ်ကို မဟာဝိဇ္ဇာဘွဲ့ယူဖို့ ပညာတော်သင် သွားရောက်ခဲ့တဲ့ စာရေးသူရဲ့ ခရီးသွားမှတ်တမ်းလည်း ဖြစ်ပါတယ်။ မြန်မာစာဖတ်ပရိသတ်တွေကို နိုင်ငံခြား ဗဟုသုတ အတွေ့အကြုံတွေ မျှဝေဖို့၊ ကမ္ဘာ့ထိပ်တန်း အဆင့် ယေးတက္ကသိုလ်ရဲ့ ပညာရေးဆိုင်ရာ စီမံဆောင်ရွက်ချက်တွေကို ပြည်တွင်းရှိ ကျောင်းသားလူငယ်များ လေ့လာနိုင်ဖို့ စတဲ့ရည်ရွယ်ချက်တွေနဲ့ ဒီစာအုပ်ကို ရေးသားထားတာ ဖြစ်ပါတယ်။

စာအုပ်ရဲ့ နောက်ဆုံးမှာ ပညာရပ်ဆိုင်ရာ စိတ်ဝင်စားသူများ ရှာဖွေဖတ်ရှုသင့်တဲ့ စာအုပ်များစာရင်းကို ရည်ညွှန်းအဖြစ် ထည့်သွင်းထားတာ အလွန်အဖိုးတန်လှပါတယ်။ ပညာရပ်ဆိုင်ရာအနေနဲ့ရော ခရီးသွားသမိုင်း မှတ်တမ်းအဖြစ်ပါ လေ့လာနိုင်မယ့် ဒီစာအုပ်ကို "ရန်ကုန်လမ်းမများ"မှ ထုတ်ဝေလိုက်တာ ဖြစ်ပါတယ်။




တန်ဖိုး - ၄၅၀၀

ပို့ခ အခမဲ့

| | |
|---|---|
| စာအုပ်အမည် | - ဘယ်လိုတွေးရင် အောင်မြင်မလဲ |
| စာရေးသူ | - ကိုသူရ(MOE) |
| တန်ဖိုး | - ၄၅၀၀ |
| မှာယူနိုင်သည့်ဖုန်း | - ၀၉ ၉၆၉၉၉၈၅၀၀ |

ဒီစာအုပ်ဟာ စာရေးသူ ကိုသူရ (MOE)ရဲ့ ဘယ်လိုတွေးရင် အောင်မြင်မလဲဆိုတဲ့ စာအုပ်ဖြစ်ပြီးတော့ စာမျက်နှာ ၂၀၀ ပါဝင်တဲ့ ဆောင်းပါးတို ၁၀၀ ပုဒ်ကို ဖတ်ရှုရမှာ ဖြစ်ပါတယ်။ လူတွေ ကြိုးစားချင်စိတ်ပေါ်ချိန်မှာ၊ နောက်က တွန်းအားရှိချိန်မှာ ကြိုးစားရတာ အဆင်ပြေပေမယ့် ကိုယ့်မှာ အဆင်လည်းပြေနေပြီ ဘယ်သူမှလည်း တွန်းဖို့ စောင့်ကြည့်ဖို့ လူမရှိတဲ့ အချိန်မျိုးမှာ ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်ဟာကို ပြန်တွန်းရတာ အင်မတန်ခက်ပါတယ်လို့ စာရေးဆရာ ကိုသူရက ဆိုပါတယ်။

ကဏ္ဍပေါင်းစုံအတွက် စာဖတ်သူကို တွန်းအားဖြစ်စေမယ့် ဆောင်းပါးတို ၁၀၀ ပုဒ် ပါဝင်တဲ့ အပြင် IT သမားတစ်ယောက်ဖြစ်တဲ့ ကိုသူရက တစ်ခါဖတ် ၂ မိနစ်စာ စာလေးတွေ ပြုစုထားခြင်း ဖြစ်ပါတယ်။ စာတိုလေးတွေ ဆိုပေမယ့် တွေးတောစရာ၊ စဉ်းစားဆင်ခြင်စရာလေးတွေမို့ စာဖတ်သူတွေအတွက် တစ်ခုခုကျန်ခဲ့မှာ သေချာပါတယ်။

ကမ္ဘောဇတိုင်းကာတွန်း Kanbawza Tai Cartoon



ကမ္ဘောဇတိုင်းကာတွန်း Kanbawza Tai Cartoon



ကမ္ဘောဇတိုင်းကာတွန်း Kanbawza Tai Cartoon



ကမ္ဘောဇတိုင်းကာတွန်း Kanbawza Tai Cartoon



VOLUME.5, ISSUE 49 THURSDAY, DECEMBER 19, 2019

# ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လုပ်ငန်း ဆောင်ရွက်ချက်များ

ပင်းတယ

နွေရာသီတွင် ရေပြတ်လပ်မှု မရှိစေရေးအတွက် ရေရှားပါးနိုင်သည့် ကျေးရွာများသို့ ဒီဇင်ဘာလ ၉ ရက်နေ့တွင် မြို့နယ်ဦးစီးမှူးနှင့် အဖွဲ့မှ ကျေးရွာလူထုနှင့် ပူးပေါင်းကာ ရေရယူနိုင်မည့် နည်းလမ်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဟိုပုံး

၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ်ဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေး နည်းပညာပေး (GAP/ GAHP) သင်တန်းအား ဒီဇင်ဘာလ ၅ ရက်နေ့တွင် ပေါင်လင်းအုပ်စု၊ တွံတီးကျေးရွာ၊ ၁၀ ရက်နေ့တွင် ဘော်ကုန်းအုပ်စု၊ လီမောကျေးရွာတို့တွင် စိုက်ပျိုးရေး ဦးစီးဌာနနှင့် ပူးပေါင်းကာ ကျေးရွာအလိုက် စိုက်ပျိုးရေးလုပ်ကိုင်သည့် သီးနှံပေါ်မူတည်၍ ဟောပြောပို့ချပေးခဲ့ကြောင်း သိရသည်။

ရပ်စောက်

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်မည့် ယမ်းတွင်းငါးကြောင်အုပ်စု၊ နားသွန်းကျေးရွာသို့ ဒီဇင်ဘာလ ၉ ရက်နေ့တွင် မြို့နယ်ဦးစီးမှူးနှင့် အဖွဲ့မှ ကျေးရွာအဆင့်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီတို့အား ပွင့်လင်းမြင်သာမှုရှိစွာ မဲပေးရွေးချယ်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

ပင်လောင်း

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ဖြင့် စိမ့်စမ်းရေ(အမြှင့်တင်) သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပေးခဲ့သည့် မင်းဘူးအုပ်စု၊ ကလင်မြောက်ကျေးရွာသို့ လက်ရှိအခြေအနေအား ဒီဇင်ဘာလ ၈ ရက်နေ့တွင် မြို့နယ်ဦးစီးမှူးနှင့်အဖွဲ့မှ ကွင်းဆင်းစစ်ဆေးရာ ရေပန့်နှင့် ဒလက်တာဘိုင်များ အနည်းငယ်ပျက်စီးလျက်ရှိ သဖြင့် ကျေးရွာလူထုနှင့် လိုအပ်ချက်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ညောင်ရွှေ

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်ဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းဆောင်ရွက်မည့် တိလောအုပ်စု၊ ကျော့မောင်ငယ်ကျေးရွာသို့ ဒီဇင်ဘာလ ၉ ရက်နေ့တွင် မြို့နယ်ဦးစီးမှူးနှင့် အဖွဲ့မှစီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းတို့အား အများဆန္ဒနှင့် ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

ကျေးသီး

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ဖြင့် မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် နောင်ဆွမ်း၊ ကုန်းလေကျေးရွာသို့ စီမံကိန်းဆောင်ရွက်ပေးမှု အခြေအနေနှင့် စာရင်းဇယား ထိန်းသိမ်းထားရှိမှုတို့အား ဒီဇင်ဘာလ ၉ ရက်နေ့တွင် ခေတ္တမြို့နယ်ဦးစီးမှူးနှင့် အဖွဲ့မှ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

နမ့်စန်

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ဖြင့် မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဟိုင်နားကြီးကျေးရွာနှင့် ခိုင်းလေလံ၊ ကုန်းမဟာတ်၊ ညောင်ဆာကျေးရွာများသို့ စီမံကိန်းဆောင်ရွက်မှု အခြေအနေနှင့် စာရင်းဇယားထိန်းသိမ်းထားရှိမှုတို့အား ဒီဇင်ဘာလ ၉ ရက်နေ့တွင် ဒုဦးစီးမှူးနှင့် အဖွဲ့မှ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ကွန်ဟိန်း

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်မည့် ပောင်လစ်ကျေးရွာသို့ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် မြို့နယ်ဦးစီးမှူးနှင့် အဖွဲ့မှ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းအား ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လဲချား

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ စတင်၍ မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဝမ်ပန်းအုပ်စု၊ ဝမ်ပန်း ဟိုနား ကျေးရွာသို့ အရင်း/အတိုး ပြန်လည်ထုတ်ချေးမှုနှင့် စာရင်းဇယားထိန်းသိမ်းထားရှိမှုတို့အား ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကွင်းဆင်းကြီးကြပ်ခဲ့ကြောင်း သိရသည်။

မောက်မယ်

၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်ဖြင့် ရေပေးရေးလုပ်ငန်းအဖြစ် ဟိုလွိုင်အုပ်စု၊ ဟိုပုံးကျေးရွာတွင် စိမ့်စမ်းရေးသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရေးအတွက် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် မြို့နယ်ဦးစီးမှူးနှင့် အဖွဲ့မှ ကွင်းဆင်းတိုင်းတာ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မိုင်းပန်

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ဖြင့် မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ပိုးလိုင်းအုပ်စု၊ ၃ မိုင်ကျေးရွာတွင် ကော်မတီသစ်ပြန်လည် ရွေးချယ်ပြီး ဖြစ်သောကြောင့် ဒီဇင်ဘာလ ၉ ရက်နေ့တွင် မြို့နယ်ဦးစီးမှူးနှင့် အဖွဲ့မှ ငွေစာရင်းထိန်းသိမ်းနည်း သင်တန်းအား ကျေးရွာအရောက် သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

မိုင်းတုံ

မဲကင်အုပ်စု၊ မဲကင်ကျေးရွာ၌ ကျေးလက်မီးလင်းရေးလုပ်ငန်းအဖြစ် ICB-3 လုပ်ငန်းများ ဆောင်ရွက်နေမှုအား ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် မြို့နယ်ဦးစီးမှူးနှင့်အဖွဲ့မှ သွားရောက်ကြီးကြပ်ခဲ့ကြောင်း သိရသည်။

မိုင်းဆတ်

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် ကျေးလက်ရေပေးရေးလုပ်ငန်းများအား ရေရှည်တည်တံ့စေရန်အတွက် ထိန်းသိမ်းလည်ပတ်ခြင်း ဆိုင်ရာလုပ်ငန်းများ၊ ကျန်းမာရေးနှင့် တစ်ကိုယ်ရည် သန့်ရှင်းရေးဆိုင်ရာ ပညာပေးဆောင်ရွက်မှုနှင့် ကျန်းမာရေးဆိုင်ရာ Vinyl များ ပေးဆပ်မှုကို ဒီဇင်ဘာ ၁၀ ရက်နေ့တွင် မြို့နယ်ဦးစီးမှူးနှင့်အဖွဲ့မှ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

တာချီလိတ်

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်မည့် မိုင်းကိုးအုပ်စု၊ မယ်ပိန်းကျေးရွာနှင့် ပန်ဟက်ကျေးရွာများသို့ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် မြို့နယ်ဦးစီးမှူးနှင့် အဖွဲ့မှ ကျေးရွာကော်မတီဝင်များနှင့် ကျေးရွာသူ/သား များအား စီမံကိန်းဆိုင်ရာ ငွေစာရင်းရေးသွင်းနည်း သင်တန်းအား မြို့နယ်ကျေးလက်ဦးစီးရုံးတွင် ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

ကျိုင်းတုံ

ကျေးလက်ဦးစီးဌာနနှင့် Luxam bourg အဖွဲ့တို့ ပူးပေါင်းသော ကျိုင်းတုံမြို့နယ် တောင်ပေါ် ၅ အုပ်စုနှင့် နမ့်အင်းအုပ်စု၊ နမ့်ဖူးကျေးရွာ (5KW2 Picohydor) အသေးစား ရေအားလျှပ်စစ်တပ်ဆင်ခြင်းနှင့် အိမ်တိုင်ရာရောက် ရေပေးရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ နမ့်ခတ်အုပ်စု၊ ဟက်ပီးကွယ် ၃ ကျေးရွာတွင် ဝက်မွေးမြူရေးနှင့် Stell Tank (250 Liter) 3 လုံး ဆောင်ရွက်ထားရှိမှုအား ဒီဇင်ဘာလ ၉ ရက်နေ့တွင် ကျေးလက်ဦးစီးရုံးချုပ်မှ ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော် ရှမ်းပြည်နယ် ကျေးလက်မှ ညွှန်ကြားရေးမှူး ဦးမောင်မောင်ဝင်း၊ ရုံးခွဲ(ကျိုင်းတုံ) ကျေးလက်မှ ရုံးခွဲမှူး ဦးသန်းလင်းထွန်း၊ ခရိုင်ဦးစီးမှူး မြို့နယ်ဦးစီးမှူးတို့မှ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

မိုင်းလား

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ စတင်၍ မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဝမ်တာပုံအုပ်စု၊ နမ့်ကာကျေးရွာသို့ စီမံကိန်းဖြင့် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေအား ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကျေးလက်ဦးစီးရုံးချုပ်မှ ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်၊ ရှမ်းပြည်နယ်ကျေးလက်မှ ညွှန်ကြားရေးမှူး ဦးမောင်မောင်ဝင်း၊ ရုံးခွဲ (ကျိုင်းတုံ) ကျေးလက်မှ ရုံးခွဲမှူး ဦးသန်းလင်းထွန်း၊ ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးတို့မှ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

လားရှိုး

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှစတင်၍ မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဟူးမွှန်အုပ်စု၊ ဟက်ကာကျေးရွာသို့ စီမံကိန်းရန်ပုံငွေ ပဌမအကြိမ်ထုတ်ချေးမှုအား ဒီဇင်ဘာလ ၆ ရက်နေ့တွင် မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများမှ ကွင်းဆင်းကြီးကြပ်ခဲ့ကြောင်း သိရသည်။

သိန္နီ

အမျိုးသားအဆင့် လျှပ်စစ်ဓာတ်အား ရရှိရေး စီမံကိန်း (NEP) ဖြင့် ဆောင်ရွက်နေသည့် ကောင်အိုင်ကျေးရွာသို့ ဆိုလာများ အိမ်တိုင်းစေ့တပ်ဆင်ပေးခြင်းနှင့် လမ်းမီးတိုင် ၅ တိုင် စိုက်ထူထားမှုအား ဒီဇင်ဘာလ ၉ ရက်နေ့တွင် မြို့နယ်ဦးစီးမှူးနှင့် အဖွဲ့မှ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

မိုင်းရယ်

အမျိုးသားအဆင့် လျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်း (NEP)ICB-3 ဖြင့် ဆောင်ရွက်ခဲ့သည့် မန်ပုံအုပ်စု၊ မန်ပုံကျေးရွာ၌ တစ်အိမ်သုံးဆိုလာစနစ် (60W- ၂၅ ခု၊ 100W -၆ ခု) နှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်ပြီးစီးမှု အခြေအနေအား ဒီဇင်ဘာလ ၉ ရက်နေ့တွင် မြို့နယ်ဦးစီးမှူးနှင့် အဖွဲ့မှ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ကျောက်မဲ

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အပ်ချုပ်စက်သင်တန်းအား ဒီဇင်ဘာလ ၂ ရက်နေ့တွင် ခရိုင်ကျေးလက်ဦးစီးရုံး၌ ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ စီမံခန့်ခွဲမှုကော်မတီဝင် ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်ဦးစီးမှူးနှင့်အဖွဲ့၊ သင်တန်းသူ ၂၀ ဦး တက်ရောက်ခဲ့ကြောင်းနှင့် သင်တန်းအား ၂-၁၂-၂၀၁၉ မှ ၃၀-၁၂-၂၀၁၉ ထိ ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

နောင်ချို

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ICB×-3DRD-1 ဖြင့် ဆောင်ရွက်မည့် တောင်ရှည်အုပ်စု၊ မံမော်ကျေးရွာသို့ ဆိုလာနှင့် ဆက်စပ်ပစ္စည်းများ ရောက်ရှိမှုအား ဒီဇင်ဘာလ ၂ ရက်နေ့တွင် မြို့နယ်ဦးစီးမှူးနှင့်အဖွဲ့မှ သွားရောက်ကြီးကြပ်ခဲ့ကြောင်း သိရသည်။

စာမျက်နှာ (၁၅) သို့ ➤ ➤ ➤

**➢ စာမျက်နှာ(၁၇) ကမ္ဘာ့ဂျက် အန္တရာယ်မှ အဆက်**

သုံးစွဲသော်လည်း ယခု ၂၀၁၉ ခုနှစ်တွင်မူ 43kg အထိ တိုးတက်သုံးစွဲနေပြီ ဖြစ်သည်။ ၁၉၀၇ ခုနှစ်မှ စတင်၍ သုံးစွဲခဲ့သည့် ပလတ်စတစ် မျိုးစုံမှာ ၁၉၅၀ ခုနှစ်များတွင် ၈ ဒသမ ၃ ဘီလျံအထိ သုံးစွဲ ခဲ့ပြီးသည့်အနက်မှ ၉ ရာခိုင်နှုန်းကိုသာ ပြန်လည်၍ Recycle ပြုလုပ်သုံးစွဲနိုင်ခဲ့သည်ဟု ဆိုသည်။ လက်ရှိတွင် တစ်မိနစ်တိုင်းတွင် ရေသန့်ဘူး ဝယ်ယူသုံးစွဲမှု ၁၁ သန်းရှိပြီး ပလတ်စတစ် အိတ်များကို ၂ သန်းအထိ သုံးစွဲနေသည်ဟု လေ့လာမှုများက ဆိုသည်။ တစ်နှစ်တွင် ရေသန့်ဘူး စွန့်ပစ်မှု ၃၅ ဘီလျံရှိနေပြီး ပလတ်စတစ်ကြောင့် ပင်လယ်ပျော်ငှက်နှင့် ရေနေသတ္တဝါများ တစ်သိန်းကျော် သေကြေ ပျက်စီးနေကြရသည်ဟု ecowatch.com က ဖော်ပြသည်။

မြန်မာနိုင်ငံအနေဖြင့်မူ တစ်ရက်လျှင် အမှိုက်တန် ၁၂၀၀၀ ကို စွန့်ပစ်နေပြီး ထိုအထဲမှ အသုံးဝင်သော အမှိုက်နှင့် အသုံးမဝင်သော အမှိုက်ဟု ခွဲခြားရာတွင် မီးဖိုချောင်သုံး ဟင်းသီးဟင်းရွက်အမှိုက်နှင့် ခြံထွက်အမှိုက်၊ စားကြွင်းစားကျန်များမှာ အသုံးဝင်သော် အမှိုက်များဖြစ်ပြီး စွန့်ပစ်ပလတ်စတစ်များမှာမူ အသုံး မဝင်သည့် အမှိုက်များဟု သတ်မှတ်သည်သာမက ယခုအခါတွင် အဖျက်ပိုင်းရပ်စ်လို ကမ္ဘာ့ ဂေဟာစနစ်ကို ထိခိုက်ဖျက်စီးနေပြီ ဖြစ်သည်။ မြန်မာနိုင်ငံတွင် ပလတ်စတစ်အိတ် ၄ လုံးကို လူတစ်ဦးတိုင်း ပျမ်းမျှစွန့်ပစ်နေပြီး တစ်နိုင်ငံလုံးသည် ၅ စက္ကန့်တိုင်း အိတ် ၅၀၀၀ ကို စွန့်ပစ်လျက်ရှိသည်ဟု ဆိုသည်။

အသင်တို့၏ ပတ်ဝန်းကျင်တွင် ပလတ်စတစ်သည် နေရာတိုင်းတွင် အသုံးပြုနေသလို ပလတ်စတစ် စွန့်ပစ်မှုကလည်း ကိန်းဂဏန်းများ အချိန်နဲ့အမျှ တိုးတက်များပြားလာလျက်ရှိသည်က ဆောင်းပါးအစတွင် ဖော်ပြခဲ့သည့် (Plastic Island) ကြီး ဖြစ်တည်လာသည်အထိ ကြီးမားလာလျက်ရှိသည့် အကျိုးဆက်ကို ရရှိလာပြီး ယင်းကျွန်းကြီးမှ ခါတ်ပြုထွက်ရှိသည့် မီသိန်းဓာတ်ငွေ့က ကာဗွန်ဒိုင်အောက်ဆိုဒ်ဓါတ်ငွေ့ထက် အဆ ၂၀ မှ ၂၅ ရာခိုင်နှုန်း ပိုမိုပြင်းထန်ကာ ကမ္ဘာ့လေထုကို ညစ်ညမ်းစေသည့်အတွက် ပညာရှင်များ ခန့်မှန်းချက်အရ ယခုထက် ပိုမိုများပြားလာသည့် ပလတ်စတစ် စွန့်ပစ်အမှိုက်များကြောင့် ၂၀၃၀ ခုနှစ်တွင်နာဂစ်လို မုန်တိုင်းကြီးမျိုး နှစ်တိုင်းဖြစ်ကာ ၂၀၅၀ ခုနှစ်တွင် ရေနေသတ္တဝါများထက် ပလတ်စတစ် အမှိုက်က ပိုမိုများပြားလာမည်ဟု ကုလသမဂ္ဂက ခန့်မှန်းထားသည်။

လွန်ခဲ့သော နှစ် (၅၀)က ပလတ်စတစ် ထုတ်လုပ်သုံးစွဲမှုမှာ ၂ ဆ တိုးတက်လာသော်လည်း လာမည့် ၅ နှစ်အတွင်းတွင် ၃ ဆအထိ တိုးမြင့်လာမည်ဟု ခန့်မှန်းသဖြင့် လူလုပ်ပစ္စည်းကြောင့်ပင် လူသားများ အတိဒုက္ခရောက်မည့် အခြေအနေဖြစ်နေသည်ကို လူသားများကပင် ပြန်လည်သန့်စင်ရန် လိုအပ်ပေမည်။

မြန်မာနိုင်ငံအနေဖြင့်ဆိုလျှင် တစ်ရက်လျှင် စွန့်ပစ်အမှိုက် ၁၂၀၀၀ တန်ရှိပြီး ယင်းအနက်မှာ ၁၅ ရာခိုင်နှုန်းဖြစ်သည့် ၂၆၀၀ တန်ကိုသာ Recycle ပြန်လည် ပြုလုပ်နိုင်စွမ်း ရှိသည်ဟု ဆိုသည်။ ယင်းအထဲတွင် ပလတ်စတစ်က ၅၅ ရာခိုင်နှုန်း Non Biodegradable ၊ စက္ကူ ၂၅ ရာခိုင်နှုန်း Non Organic၊ ဆွေးမြေ့ ခက်ခဲသည့် အထည် ၁၀ ရာခိုင်နှုန်း၊ မှန်/ဖန်စသည့် Organic Approx. 70% တို့က ၅ ရာခိုင်နှုန်းနှင့် အခြား ဆွေးမြေ့လွယ်သည့် ပစ္စည်းမှာ ၅ ရာခိုင်နှုန်းသာ ရှိကြောင်း ဆန်းစစ်ချက်တွင် ပါရှိသည်။

ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်၊ ဇွန်လအတွင်းက သန့်မြန်မာနှင့် PHYS တို့မှ ပူးပေါင်းပြုလုပ်သည့် ဧရာဝတီမြစ်၏ ညစ်ညမ်းမှုကို တိုင်းတာရာတွင် မြစ်ညာပိုင်း အမှိုက်စွန့်ပစ်မှုက တစ်ရက်လျှင် ၅၈ တန်ရှိကာ မြစ်အောက်ပိုင်းတွင် တစ်ရက် ၂၉ တန်မှ ၃၂ တန်အထိရှိသည်ဟု သိရှိရပြီး တစ်ရက်လျှင် စုစုပေါင်းပျမ်းမျှ အမှိုက်တန် ၁၂၀ မှ ၁၅၀ ကြား စွန့်ပစ်နေကြသဖြင့် ကမ္ဘာရှိ အညစ်ညမ်းဆုံး မြစ်များတွင် နံပါတ်(၉)ချိတ်ကာ တရုတ်နိုင်ငံမှ ယန်စီမြစ်မှာ ကမ္ဘာ့နံပါတ် (၁) အညစ်ညမ်းဆုံးဖြစ်ကာ နံပါတ် (၂)မှာ အိန္ဒိယနိုင်ငံမှ ဂင်္ဂါမြစ်ဖြစ်ကြောင်း သိရသည်။

၂၀၁၉ ခုနှစ်၊ အောက်တိုဘာလအတွင်း ကမ်းရိုးတန်းများ ညစ်ညမ်းမှု စောင့်ကြည့်ရေးအဖွဲ့မှ သတင်းတွင် အိန္ဒိယကမ်းရိုးတန်းက အညစ်ညမ်းဆုံးဖြစ်ကာ အာရှနိုင်ငံမှ စီးဆင်းလာသည့် ရေစီးကြောင်းများက အထက်တွင် ဖော်ပြခဲ့သည့် ပလတ်စတစ် ကျွန်းကြီးဆီသို့ ရောက်ရှိနေသည်ဟု ဖော်ပြထားသည်။ ပင်လယ် သမုဒ္ဒရာအတွင်း ဆားငန်ရေနှင့် ထိကာ ပလတ်စတစ်အမှိုက်များ ဓာတ်ပြု ပြိုကွဲရာက ထွက်ပေါ်လာသည့် ပလတ်စတစ်အမှုန်များ ကို ရေနေသတ္တဝါများက စားသုံးကြပြီး ထိုရေနေသတ္တဝါများကို လူသားများနှင့် တိရစ္ဆာန်များက စားသုံးကြခြင်းဖြင့် ခန္ဓာကိုယ် များအတွင်းသို့ ပလတ်စတစ်အမှုန်များ ဝင်ရောက်လျက်ရှိရာ ရောဂါမျိုးစုံ ဖြစ်ပွားစေသည့် အကြောင်းရင်းတစ်ခုဖြစ်လာ နေပေသည်။

မကြာမီက ထိုင်းနိုင်ငံ သဘာဝဘေးမဲ့တောအတွင်း သမင်တစ်ကောင် သေဆုံးမှုကို ဆန်းစစ်ရာတွင် လူ့အတွင်းခံအဝတ်များနှင့် ပလတ်စတစ်များ စားသုံးထားကြောင်းတွေ့ရသလို ဝေလငါးများ၊ ငါးများ၊ လိပ်များ၊ ဖျံများ၊ ဖင်ယော်များ၊ သက်ရှိသတ္တဝါကျောက်တန်းများ ပလတ်စတစ်ကြောင့် သေကြေပျက်စီးနေကြသည်ကို မကြာခဏ တွေ့မြင်ကြားသိနေရကြရသည်။

မြန်မာနိုင်ငံတွင်လည်း တစ်စတုရန်း ကီလိုမီတာတွင် ပလတ်စတစ် အမှုန် ၂၈၀၀၀ ပျံ့လွင့်နေပြီး လိပ်ကောင်ရေပေါက်ဖွားမှု ဆိုးရွားစွာ ကျဆင်းလာနေမှုမှာ လိပ်များဥ ဥရာသဲသောင်များတွင် များပြားစွာ ဖုံးလွှမ်းလာနေသည့် ပလတ်စတစ် အမှိုက်များကြောင့်ဖြစ်ပြီး လိပ်များ ဥရာတွင် အနှောက်အယှက်များ ဖြစ်ပေါ်နေသည့်အတွက် ဖြစ်ကြောင်း သိရသည်။

သို့ဆိုလျှင် လူများတီထွင်ဖန်တီး ထုတ်လုပ်သည့် ပလတ်စတစ်များကြောင့် လူသားဝန်းကျင် ကမ္ဘာကြီး ထိခိုက်ပျက်စီးလာနေမှုကို မည်သို့ပြင်ဆင်ကြမည်နည်း- လက်ရှိတွင် Land-fill မြေကြီးပေါ် စုပုံခြင်း၊ မြေဖို့ခြင်း၊ Burning မီးရှို့ဖျက်ဆီးခြင်း၊ To the water ရေထဲပစ်ချခြင်းများဖြင့် အမှိုက်များကိုရှင်းလင်းနေကြပြီး စွမ်းအင်ထုတ်လုပ်မှုကိုမူ နည်းပါးစွာသာ ပြန်လည်ပြုလုပ်နိုင်သေးသည်ဖြစ်ရာ တစ်ဦးချင်းသုံး၊ တစ်ကိုယ်ရေသုံး Single use ပလတ်စတစ် အမှိုက်စွန့်ပစ်မှုကို လျှော့ချနိုင်ဖို့ များစွာလို အပ်ပေမည်။

Reduce သုံးစွဲမှု လျှော့ချမှု၊ Refuse သုံးစွဲမှုကို ငြင်းပယ်မှု၊ Reuse ပြန်လည်အသုံးချမှု ၊Recycle ပြန်လည် ပြုပြင်သုံးစွဲမှု တို့ကို စည်းစနစ်ကျစွာဖြင့် လုပ်ဆောင်ကြရန် လိုအပ်ပေမည်။ Reduce လုပ်ငန်းစဉ်တွင် ရေသန့်ဘူးများအစား Reusable Water Bottles များ၊ အရည်သောက် ပလတ်စတစ်ပိုက်များနေရာတွင် ဖန်သို့မဟုတ် စတီးဖြင့် ပြုလုပ်ထားသည့် Straws ပိုက်၊ ကြွတ်ကြွတ်အိတ်များနေရာတွင် ပြန်လည်အသုံး ပြု၍ရသည့် ziplock အိတ်များ၊ ကော်ဖီမစ်ထုတ်များအစား ကော်ဖီခွက်များ၊ ကြိမ်ခြင်း၊ ဝါးခြင်း၊ စဉ့်ထည်မြေထည် လုပ်ခွက်များ၊ စတီး၊ ဒန်ချိုင့်များပြန်လည် အသုံးပြုကြရပေမည်။ မရှိမဖြစ် သုံးစွဲမှုအရမှ လွဲ၍ ပလတ်စတစ် သုံးစွဲမှုကို Refuse ငြင်းဆိုမှု ပြုလုပ်ကြရမည်ဖြစ်ပြီး ပြန်လည်အသုံးချနိုင်သည့် Reuse ပလတ်စတစ်များကိုလည်း အတတ်နိုင်ဆုံး ပြန်လည်အသုံးချရန် လိုအပ်ပေမည်၊ ပြန်လည်သန့်စင် ထုတ်လုပ်နိုင်သည့် Recycle ပြုလုပ်နိုင်မှု ပြုလုပ်ရန် လိုအပ်ပြီး ယင်းမှ လူသားအကျိုးပြုစွမ်းအင် ထုတ်လုပ်ခြင်းကို စင်္ကာပူနိုင်ငံလို ပြုလုပ်နိုင်ရန် ကြိုးပမ်းကြရမည်ဖြစ်သည်။

ပလတ်စတစ် လျှော့ချရေး လိုအပ်ချက်အရ ကမ္ဘာ့နိုင်ငံများတွင် ဥပဒေ၊ မူဝါဒများဖြင့်တားမြစ်ခြင်းများ ရှိနေရာ အာဖရိကတိုက်မှ (၁၁)နိုင်ငံတို့တွင် တားမြစ်ထားပြီး အာရှ(၆)နိုင်ငံဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယား၊ ဟောင်ကောင်၊ အိန္ဒိယ၊ မလေးရှားနဲ့ ထိုင်ဝမ်တို့လည်း ပလတ်စတစ်အခွန်ကောက်ခံလျက်ရှိပြီး ဥရောပတွင်(၅)နိုင်ငံ၊ တောင်အမေရိကတွင်(၄)နိုင်ငံတွင် တားမြစ်လျက်ရှိကာ တရုတ်နိုင်ငံတွင် ၂၀၁၈ (အိုလံပစ်)တွင် ပလတ်စတစ်အခွန်တိုး ကောက်ခြင်းဖြင့်လည်းကောင်း၊ ဩစတေးလျတွင် အခွန်ကောက်ခြင်းများ ပြုလုပ်နေသော်လည်း မြောက်အမေရိကတိုက်တွင်မူ မူဝါဒမရှိသေးကြောင်းနှင့် အမေရိကန်နိုင်ငံတွင်မူ ၂၀၁၄ခု နှစ်က ကာလီဖိုးနီးယားတွင် တားမြစ်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

မြန်မာပြည်တွင်မူ ပလပ်စတစ်လျှော့ချရေး မူဝါဒလုပ်ဆောင်ချက်ကိုသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့တွေနဲ့ ဥပဒေ ပြုနိုင်သူများ ပူးပေါင်းပြီး ပလတ်စတစ်နှင့်ပတ်သက်လို့ အခွန်စည်းကြပ်ရေး အတွက် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလအတွင်းတွင် နေပြည်တော်၌ Workshop တစ်ခု ကျင်းပခဲ့ရာ Mysop မှ ရှမ်းပြည်နယ်နိုင်ငံရေးပါတီကိုယ်စားလှယ်များ တက်ရောက်လေ့လာခဲ့ကြောင်းနှင့် သဘာဝပတ်ဝန်းကျင် ပညာရှင်များနှင့် ဥပဒေပြုနိုင်သူများ ပူးပေါင်းပြင်ဆင်ကြောင်း သိရသည်။

လူတို့ပြုလုပ်ဖန်တီးခဲ့သည့် ပလပ်စတစ်သည် ထိတိုင်းရွှေဖြစ် သမိုင်းတစ်ခေတ်ဟု တင်စားခဲ့သော်လည်း ယခုတွင် မိမိတို့လူသားမျိုးနွယ်နဲ့ သက်ရှိသက်မဲ့ ဂေဟာစနစ်ကိုပါထိခိုက်ပျက်စီးစေမည့်အခြေအနေသို့ ရောက်ရှိလာနေပြီဖြစ်သည့် ကမ္ဘာ့ပလတ်စတစ် ညစ်ညမ်းမှု (Modern Pollution)ကင်ဆာရောဂါဆိုးကို မိမိတို့လူသားများကပင် ပြန်လည်ချေဖျက်ကာ သန့်စင်ရတော့မည်ဖြစ်သဖြင့်ကမ္ဘာ့ လူသားတိုင်း၊ မြန်မာနိုင်ငံသားတိုင်း နောင်မိမိတို့မျိုးဆက် အနာဂတ်လူသားများအတွက် မဖြစ်မနေ လုပ်ဆောင်ရမည့်သမိုင်းပေး တာဝန်တစ်ရပ်ပင်ဖြစ်ကြောင်း ဤဆောင်းပါးဖြင့် တိုက်တွန်း လိုက်ရပါကြောင်း။

---

**□ စာမျက်နှာ(၁၄) ကျေးလက်ဦးစီးဌာနမှ အဆက်**

မိုးမိတ်

၂၀၁၈-၂၀၁၉ (ပ-၆) ခုဘဏ္ဍာရေးနှစ်မှစတင်၍ မြစိမ်းရောင်စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ပေကုန်(လားဟူ)နှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ဖြင့် ဆောင်ရွက်သည့် ပေကုန်းနှင့် အောင်မြေကျေးရွာများသို့ စီမံကိန်းဖြင့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် စာရင်းဇယားများထိန်းသိမ်းထားရှိမှုတို့အား ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ခရိုင်ဦးစီးမှူးနှင့် အဖွဲ့မှကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

မိုးမိတ်

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ဖြင့် ဘော်လားအင်းကျေးရွာ စက်ရေတွင်းတူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်ခဲ့ပြီး အဆိုပါရေကန်မှ အိမ်တိုင်ရာရောက်ရေပိုက် သွယ်တန်းရန်အတွက် ၂" 0 PVC ပိုက် (၂၃၆) လုံးအားကျေးရွာလူထုမှ ဆောင်ရွက်နေမှုအား ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် မြို့နယ်ဦးစီးမှူးနှင့် အဖွဲ့မှ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

မဘိမ်း

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှ စတင်၍ မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ချောင်းဝကျေးရွာမှ စီမံကိန်းရန်ပုံငွေ အတိုးရငွေဖြင့် သစ်တားတံတားတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်မည့်အခြေအနေအား ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် မြို့နယ်ဦးစီးမှူးနှင့်အဖွဲ့မှ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ဟိုပန်

၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် နောင်မိုအုပ်စု၊ နောင်အွန်ကျေးရွာတွင် ကုန်ထုတ်လမ်း ဖောက်လုပ်ပေးနိုင်ရန်အတွက် ဒီဇင်ဘာလ ၉ ရက်နေ့တွင် ခရိုင်ဦးစီးမှူးနှင့်အဖွဲ့မှ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ဟိုပန်

အမျိုးသားအဆင့် လျှပ်စစ်ဓာတ်အား ရရှိရေးစီမံကိန်း (NEP) ဖြင့် ဖတ်ဟာအုပ်စု၊ ဖတ်ဟာကျေးရွာ ICB-3 တပ်ဆင်နေမှု အခြေအနေအား ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် မြို့နယ်ဦးစီးမှူးနှင့်အဖွဲ့မှ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

VOLUME.5, ISSUE 49 THURSDAY, DECEMBER 19, 2019
ကမ္ဘောဇတိုင်း

# ငါးရာငါးဆယ် ဇာတ်ပင်လယ် နှင့် နီတိ နှစ်ဖြာ

ကျော်လင်းထွန်း { ချောင်းဦး }



□ ကျော်လင်းထွန်း(ချောင်းဦး)

နီတိ၏အဓိပ္ပာယ်ကို ပညာရေးဝန်ကြီးဌာန၊ မြန်မာစာအဖွဲ့ ဦးစီးဌာနမှ ထုတ်ဝေသော မြန်မာအဘိဓာန်တွင် လမ်းညွှန်ဆုံးမပေးသောကျမ်းဟု တွေ့ရပါသည်။ လောကနီတိနှင့် ပြည်သူ့နီတိဟူသော နီတိ ၂ ဖြာကို အားလုံးနီးပါး ကြားဖူးမိကြပါလိမ့်မည်။ လောကကြီးတွင်မည်သို့ ပြုမူနေထိုင်ရမည်။ ပြုမူနေထိုင်မှု အမှန်နှင့် မှားယွင်းသော အပြုအမူ အနေအထိုင်များကို ညွှန်ကြားပြသထားသော ကျမ်းစာအုပ်ကို လောကနီတိဟုခေါ်ပါသည်။ ပြည်သူ့နီတိမှာ ခေတ်ကာလနှင့် နေရာဒေသအပေါ် မူတည်၍ လူတန်းစားအလွှာအသီးသီးနှင့် ဆက်ဆံကျင်လည်နေကြသော ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ ဆရာမ၊ သားသမီးနှင့်မိဘ၊ အလုပ်ရှင်နှင့် အလုပ်သမား၊ အရာရှိနှင့် ဝန်ထမ်းစသည်ဖြင့် အပြန်အလှန် လိုက်နာကျင့်သုံးစေလိုသော လမ်းညွှန်ဆုံးမမှုကျမ်းဖြစ်သည်။

ပညာရေးစနစ်သစ်၏ Grade 10 သင်ရိုးတွင် ဖြည့်စွက်ဘာသာရပ်အနေဖြင့် စာရိတ္တနှင့် ပြည်သူ့နီတိကို ထည့်သွင်းပြဋ္ဌာန်းလိုက်သောအခါ ဝမ်းသာကျေနပ်မိပါသည်။ တကယ်ဆိုလျှင် နီတိဆိုသည်မှာ ငယ်စဉ်က မိဘလေ့ကျင့် ပြုစုပျိုးထောင်ပေးသလို ကျောင်းတွင် မြန်မာဆရာ၊ ဆရာမများက ကဗျာမှပျို့နှင့် အခြားကဗျာများ၊ ဇာတကဝတ္ထုများကို သေချာစွာရှင်းလင်းကြကျန်ဆရာ၊ ဆရာမများ၏ သွန်သင်ဆုံးမမှုကို တပည့်တွေက လိုက်နာကျင့်သုံးရမည်။ အပြုအမူ၊ အနေအထိုင် ဘာသာရပ်ပင်ဖြစ်သည်။ ထို့အတူရပ်ကွက်အတွင်းမှာလည်း လူကြီးမိဘများက လမ်းတွင်သွားလာနေထိုင်ပုံ ပြောဆိုဆက်ဆံပုံတို့ကို မိမိကိုယ်တိုင်လည်း လူငယ်များ၏ ရှေ့ဆောင်လမ်းပြ နေထိုင်ရင်း လေ့ကျင့်ပျိုးထောင်ပေးပါက ပြည်သူ့နီတိ၏ အဓိပ္ပာယ် ပို၍ပေါ်လွင်လာပါလိမ့်မည်။

ဇာတက ဆိုသည်မှာ အခြားမဟုတ်ပါ။ ငါးရာ့ငါးဆယ်ဇာတ်တော်ကြီးထဲမှ ကလေးများ၏ အသက်အရွယ်၊ အတန်းနှင့် လိုက်ဖက်မည့် အတုယူဖွယ်အလေ့အကျင့်များကို နည်းယူတတ်စေရန်ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ ငါးရာ့ငါးဆယ်ဟု ဆိုထားသော်လည်း အမှန်တကယ်မှာ ၅၅၀ မပြည့်ပါ။ ၅၄၇ သာဖြစ်ပြီး ဘုရားလောင်း၏ ပါရမီနုစဉ် ၅၃၇ ဘဝနှင့် ပါရမီရင့်သောအခါ ၁၀ ဘဝတို့ဖြစ်ပြီး နမှာငါးရာ ရင့်မှာတစ်ကျိပ် ဟုသာ အလွယ်မှတ်အဆိုရှိခဲ့ပါသည်။ ပါရမီရင့်စဉ် ၁၀ ဘဝကို ဇာတ်တော်ကြီး ၁၀ ဘွဲ့ဟု ခေါ်ဝေါ်ကြပြီး အတိုကောက်မှတ်သားရန် တေ၊ ဇ၊ သု၊ နေ၊ မ၊ ဘူ၊ စန်၊ နာ၊ ဝိ၊ ဝေ ဟုဆိုထားသည်။ တေမိယဇာတ်တော်အစ ဝေဿန္တရာဇာတ်တော်အဆုံးပင် ဖြစ်သည်။

ဤတွင် ၅၅၀ ဇာတ်တော်ကြီးမှ ပါရမီတော် နုစဉ်နှင့် ရင့်စဉ် မြတ်စွာဘုရားလောင်းတော်၏ ဘဝဖြစ်စဉ်များကို နိပါတ်တော်အလိုက် ခွဲခြားသိရှိနိုင်ပါသည်။ ဧကနိပါတ်တွင် ဇာတ်ပေါင်း ၁၅၀၊ ဒုကနိပါတ်တွင် ဇာတ်ပေါင်း ၁၀၀ စသည်ဖြင့် တိကနိပါတ်၊ စတုကနိပါတ်၊ ပဥ္စမနိပါတ်မှသည် တေရသနိပါတ်အထိ နိပါတ်တော် ၁၃ ခုနှင့် ပကိဏ္ဏနိပါတ်၊ ဝီသတိနိပါတ်စသည်ဖြင့် နိပါတ်တော် ၈ ခု စုစုပေါင်း ပါရမီနုစဉ် ၅၃၇ ဘဝကို နိပါတ်တော် ၂၁ ခု၌ တွေ့ရပြီး ပါရမီရင့်စဉ် ၁၀ ဘဝဖြစ်သော ဇာတ်တော်ကြီး ၁၀ ဘွဲ့ကို မဟာနိပါတ်တော်တွင် တွေ့ရပါသည်။

လောကနီတိတွင် ဗာလဒုဇ္ဇကဏ္ဍ ဟူသော လူမိုက်လူယုတ်နှင့်ဆိုင်သော အခန်း၌ စဉ်းစားမြော်မြင်တတ်သော အသိရှိရန်၊ ကောင်းကျိုးပြုနိုင်သော ကုသိုလ်ဖန်တီး လုပ်ဆောင်နိုင်ရန် လမ်းညွှန်သည်။ ထိုနည်းတူ လောကနီတိ၏ မိတ္တကဏ္ဍဟူသော မိတ်သင်္ဂဟဆိုင်သော အခန်း၌ မိမိနှင့်ထိတွေ့ဆက်ဆံနေသော သူမှ အကျိုးကျေးဇူးဖန်တီးနိုင်အောင် ကောင်းမွန်သော ပတ်ဝန်းကျင်ဖြစ်လာအောင် ကြံဆောင်ရန်ဖွင့်ဆိုထားသည်။ ဤသည်တို့သည် ၅၅၀ ဇာတ်ပင်မှ စုဠသေဋ္ဌိ= သူဌေးငယ်ဇာတ်တော်နှင့် အလွန်ဆင်တူကြောင်း လေ့လာတွေ့ရှိနိုင်သည်။ ငယ်စဉ်က သတ္တမတန်း ပဉ္စာဝုဓဇာတ်တော်သည် ဇာတကတွင် ပါဝင်ခဲ့သည်။ မိမိထက်ကိုယ်ကာယပိုင်းတွင် များဒွစွာသာလွန်သော တောစောင့်ဘီလူးကို သတ္တိနှင့် ဝီရိယအားကိုသုံး၍ ပြန်လည်တိုက်ခိုက်ခဲ့ပုံမှာ စိတ်ဝင်စားစရာ ကောင်းလှသည်။ ဤသည်မှာ လောကနီတိ ပဏ္ဍိတကဏ္ဍ အပိုဒ် ၂၇ တွင် ရဲရင့်သောသူသည် လက်နက်ကင်း၍ စစ်မြေပြင်သို့ မသွားရာဟူသော အဆိုနှင့် ကိုက်ညီနေတော့သည်။ ဆိုလိုသည်မှာ ပြည်သူ့နီတိ၊ လောကနီတိကို လေ့လာရမည်၊ သို့မဟုတ် သူတစ်ပါးကို ဝေမျှမည်ဆိုပါက ၅၅၀ ဇာတ်တော်ကို လေ့လာမည်ဆိုပါက ပို၍ ကျယ်ကျယ်ပြန့်ပြန့် သိရှိ မျှဝေနိုင်ကြောင်း တွေ့နိုင်ပါသည်။

၅၅၀ ဇာတ်နိပါတ်တော်ကို လေ့လာကြည့်ပါက ဘုရားလောင်းဖြစ်တော်မူရာ ဌာနများမှာ ဗာရာဏသီပြည်၌ ၄၄၈ ဘဝ၊ မိတ္ထီလာပြည်၌ ၂၂ ဘဝ ရာဇဂြိုဟ်ပြည်၌ ၁၃ ဘဝ စသည်ဖြင့် အသေးစိတ်ဖော်ပြထားသည်ကို တွေ့ရသည်။ ဘုရားလောင်းဖြစ်တော်မူရာ ၅၄၇ ဘဝအနက် ၄၄၈ ဘဝဖြစ်တော်မူခဲ့သော ဗာရာဏသီပြည်သည် အများဆုံးဖြစ်ပါသည်။ ထို့ကြောင့်ပင် မင်းမသိဗြဟ္မဒတ်၊ ပြည်မသိ ဗာရာဏသီဟု ဆိုစမှတ်ပြုခဲ့ကြပြီး ရှေးစကားပြောဖို့ ဘယ်ပြည်ဘယ်မင်းရယ်မေ့နေပါက ကလေးများစိတ်ဝင်စားလာစေရန် ရှေးရှေးတုန်းက ဘုရားလောင်းတော်ဟာ ဗာရာဏသီပြည်၊ ဗြဟ္မဒတ်မင်းလက်ထက်ကပေါ့ ဟုစကြရသည်။ သို့သော်မြတ်စွာဘုရားသည် မိမိ၏ဘုရားလောင်းတော်ဖြစ်စဉ်များကို ပြန်လည်ဟောကြားတော်မူသည့် နေရာကတော့ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ ဖြစ်သည်။

ရသေ့ဘဝနှင့် ၁၀၈ ကြိမ်၊ မင်းဘဝနှင့် ၆၀ ကြိမ်၊ စကြဝတေးမင်းဘဝနှင့် ၁ ကြိမ်စသည့် စသည့်ကောင်းမွန်မြင့်မြတ်သော ဘဝများသာမက ဒွန်းစဏ္ဍားဘဝနှင့် ၃ ကြိမ်၊ မြင်းဘဝ၊ နွားဘဝ၊ ခွေးဘဝ၊ ကျီးဘဝ၊ လင်းတ စသည့်ကုန်းသတ္တဝါ၊ ကောင်းကင်သတ္တဝါ၊ ရေသတ္တဝါတို့ကို ရောက်ရှိခဲ့သော်လည်း ရောက်လေရာဘဝတိုင်းတွင် အများကောင်းကျိုးပြု ပရဟိတစိတ်နှင့် အလုပ်လုပ်ခဲ့ကြောင်းများတွေ့နိုင်သည်။ မစ္ဆဇာတ်တော်တွင် မိုးရွာစေခြင်း အကြောင်း (မစ္ဆ=ငါး) (ကပေါတ= ခိုငှက်) ဇာတ်တော်တွင် လောဘကြီးသော ကျီးကိုဆုံးမသည့်အကြောင်း (ဗက= ဗျိုင်း) ဇာတ်တော်တွင် ဗျိုင်းထက်ပုဇွန်ပညာသာလွန်သောအကြောင်းများနှင့် ဆက်စပ်ပြီး နီတိမည်သော လမ်းညွှန်ဆုံးမမှုများကို ကလေးများအားပုံပြင်ပြောပြရင်း သင်နိုင်သည်။ စာသင်ကြားနေရင်း နီတိကိုရှင်းပြနိုင်သည်။ စာဖတ်ရင်း၊ စာရေးရင်း နီတိကို ဆင်ခြင်နိုင် ဖြန့်ဝေနိုင်မည်။

နီတိဟူသည် ကလေးများအား ပြောပြသောပုံပြင်များ၊ ဖတ်ရှုစေချင်သောစာအုပ်များ သွားရင်းလာရင်းမြင်တွေ့ရသည်များမှ ပဲ့ပြင်သွန်သင်၊ သုံးသပ်ဆင်ခြင် သိရှိနိုင်သည့် လမ်းညွှန်ဆုံးမရမည့် ပြုကျင့်လိုက်နာဖွယ်ရာများဖြစ်သည်။

ယဉ်ကျေးလိမ္မာသင်တန်းများနှင့် ဓမ္မစကူးလ်များ ပေါ်ပေါက်လာသောအခါ ငယ်စဉ်ကဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းများကို သတိရမိသည်။ ထမင်းစားလျှင် မိဘကိုအရင်ဦးချဖို့၊ မနက်မိုးလင်းမျက်နှာသစ်ပြီးလျှင် သောက်တော်ရေ ဆီမီးကပ်ဖို့၊ လမ်းလျှောက်လျှင် ဖိနပ်သံမမြည်အောင် လျှောက်ကြဖို့ လူကြီးသူမများနှင့် စကားပြောလျှင် ပါးစပ်မှ တပြက်ပြက်နှင့် အသံမမြည်ကြဖို့ သွန်သင်ဆုံးမပေးပါသည်။ ဤသည်တို့မှ ပြည်သူ့နီတိပင်ဖြစ်ပါသည်။

`မိဦးဖဦး၊ ဆရာ့ဦးကို ခူး၍အလျင်မစားနှင့်`

`မိဘဆရာ ထားသည့်ဟာကို၊ မျက်နှာကွယ်လျှင် မယူနှင့်

`လိုချင်သောအား၊ တောင်းပါကြားက၊ဝပ်တွားခယရှိသေကြ

`လက်ရေးလက်သား၊ ခြားနားသိသာ၊ သူ့ထက်ငါလျှင်`

`ခရာညီဝန်း၊ မယွင်းမထောင့်၊ ဖြောင့်ဖြောင့်သားသား`

`ကိုကြီးအစ်မ၊ သည်နှစ်ဝကို၊ မိဘကဲ့သို့မှတ်ပါလေ`

`တစ်ယောက်စကား တစ်ယောက်နားမှာ၊ မခါးရအောင်၊ သတိဆောင်၍၊ မောင်တို့ဆိုလေ၊ ပျားသကာသို့ချိုလှစေ`စသော မူလတန်း အလယ်တန်း ကဗျာစာသားထဲမှ အများစုမှာ ပတ်ဝန်းကျင်တွင် လိုက်နာကျင့်သုံးကြရမည့် နီတိများပင်ဖြစ်သည်။ လောကကို ကောင်းကျိုးပြုစေနိုင်သော၊ လိုက်နာသူကို ယဉ်ကျေးလိမ္မာစေနိုင်သော၊ ဂုဏ်သိက္ခာမြှင့်တင်ပေးမည့် မဟာဩသဓ နတ်ချစ်ဆေးကြီးပင်ဖြစ်သည်။ မိမိနှင့် တစ်ပါးသူအား စိတ်ချမ်းသာမှု ပေးနိုင်စွမ်းသော မင်္ဂလာရှိစေမည့် နီတိကို အားလုံးမျက်ကွယ်မပြုဘဲ လိုက်နာကျင့်သုံးကြမည် ဆိုပါက လောကကြီးသာယာလှပလာပါမည်။

၅၅၀ ဇာတ်ပင်လယ်ကို ကူးခတ်ရင်း ဗုဒ္ဓမြတ်စွာအားကြည်ညိုမှု ကုသိုလ်ဖြင့် မရဏပီတိဝ္ဂမ်းဆီထိသကဲ့သို့ ကြည်မွေ့မိပါသည်။ ၎င်းမှတစ်ဆင့်တိုး၍ ဇာတကနိပါတ်များ၏ ညွှန်ကြားမှုဆုံးမမှု နီတိများကို မိမိနှင့်ပတ်ဝန်းကျင်တွင် အသုံးချနိုင်ပါက ကုသိုလ်ဆင့်ပွား အကျိုးများသည်မှာ လက်တွေ့ဒိဋ္ဌဖြစ်ကြောင်း ရေးသားလမ်းညွှန်အပ်ပါသည်။

**၅၅၀ ဇာတ်နိပါတ်တော်ကို လေ့လာကြည့်ပါက ဘုရားလောင်း ဖြစ်တော်မူရာ ဌာနများမှာ ဗာရာဏသီပြည်၌ ၄၄၈ ဘဝ၊ မိတ္ထီလာပြည်၌ ၂၂ ဘဝ ရာဇဂြိုဟ်ပြည်၌ ၁၃ ဘဝ စသည်ဖြင့် အသေးစိတ် ဖော်ပြထားသည်ကို တွေ့ရသည်။**

# ကမ္ဘာဖျက် အန္တရာယ် ပလတ်စတစ်



□ မင်းဇော်မင်း

လူတို့နေထိုင်ရာ ကမ္ဘာကြီး၏ သဘာဝပတ်ဝန်းကျင်တွင် လူတို့ပြုလုပ်သည့် အမှိုက်များဖြင့် တဖြည်းဖြည်း ပြည့်နက်လာကာ ယင်းအမှိုက်များက သဘာဝပတ်ဝန်းကျင်နှင့် လူသားတို့၏ ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်လာသည့် အခြေအနေကို လက်ရှိ ရင်ဆိုင်နေကြရပြီ ဖြစ်သည်။

ထိုအမှိုက်များကြောင့်ကမ္ဘာကြီး၏ သက်ရှိ/သက်မဲ့များဖြင့် ဖွဲ့စည်းထားသည့် လေထုညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှု၊ မြေထုညစ်ညမ်းမှုများစသည့် ညစ်ညမ်းမှုများကြောင့် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟာစနစ်များ ပျက်စီးလာနေပြီကို သိရှိလာကြပြီး ထိုအထဲတွင် ပလတ်စတစ် ညစ်ညမ်းမှု(Plastic Pollution) ဆိုသည့် နောက်ဆုံးပေါ် ညစ်ညမ်းမှုက သဘာဝပတ်ဝန်းကျင်၊ ဂေဟာစနစ်နှင့် လူသားတို့၏ ကျန်းမာရေးအပေါ် မည်မျှထိခိုက်လျက်ရှိပြီး အရေးတကြီး ဖြေရှင်းရန် လိုအပ်နေကြောင်း၊ ပလတ်စတစ် အလွန်အကျွံ သုံးစွဲခြင်း၏ အကျိုးဆက်ကို ထိထိရောက်ရောက် ဖြေရှင်းနိုင်စွမ်း မရှိလျှင် ပလတ်စတစ်က အဖျက်စွမ်းအားကြီးစွာဖြင့် ကမ္ဘာကို အန္တရာယ်ပြုနေပြီဖြစ်သည်ကို လူသားများ သိရှိရန် အမြန်လိုအပ်လာပြီ ဖြစ်သည်။

မြန်မာနိုင်ငံ၏ အကျယ်အဝန်း စတုရန်းမိုင် ၂ သိန်း ၆ သောင်းကျော်ထက် ပိုကြီးမားကျယ်ဝန်းသည့် ပလတ်စတစ် ကျွန်းကြီးသည် ကမ္ဘာ့ရေပြင် ပစိဖိတ်သမုဒ္ဒရာအတွင်းတွင် အမြင့် ၃ မီတာကျော် ရှိနေပြီဖြစ်ကြောင်း အံ့ဩထိတ်လန့်ဖွယ် တွေ့ရှိရသည့်အပြင် ပင်လယ်ဆားငန်ရေနှင့် ဓာတ်ပြုကာ ပြိုကွဲပျက်စီးသွားသည့် မိုက်ကရို ပလတ်စတစ်အမှုန်(Micro Plastic) များက ရေနေသတ္တဝါများမှတစ်ဆင့် သက်ရှိလူသားများသို့ မျိုးတုံးစေမည့် အန္တရာယ်ဖြစ်စေနိုင်သည်ကို ပညာရှင်များက လေ့လာ တွေ့ရှိဖော်ထုတ်လာကြလျက် ရှိနေပေသည်။

တွေ့ရှိချက်တွင် လူတစ်ဦးသည် တစ်နေ့လျှင် မိုက်ကရို ပလတ်စတစ်အမှုန် ၇၀၀၀၀ ခန့်ကို ကိုယ်တွင်းသို့ လေထု၊ ရေထု၊ မြေထုများမှတဆင့် ဝင်ရောက်နေသည်ဟု ဆိုသည်။ ယင်း၏ အကျိုးဆက်က မျိုးပွားမှုကို ထိခိုက်စေသည့်အပြင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများသာမက Sensitive group ဖြစ်သည့် ကလေးသူငယ်၊ သက်ကြီးရွယ်အိုနှင့် မကျန်းမာသူများတွင် အလွယ်တကူ ဦးနှောက်ထိခိုက်မှုများ၊ အဆုတ်ရောဂါ၊ ကင်ဆာရောဂါများကို ဖြစ်ပွားစေနိုင်သည်ဟု ပြောသည်။

အဆိုပါ ပလတ်စတစ်ကျွန်းကြီးသည် လူတို့စွန့်ပစ်သည့် ပလတ်စတစ် မျိုးစုံတို့ကြောင့်ဖြစ်ရပြီး မြစ်ချောင်းများမှ တစ်ဆင့် ပင်လယ်သမုဒ္ဒရာ ရေစီးကြောင်းများဖြင့် စုပုံရောက်ရှိဖြစ်တည်လာခြင်း ဖြစ်သဖြင့် လူလုပ်သည့်ကျွန်း ဖြစ်သော်လည်း မလိုလားအပ်သည့် အန္တရာယ်ကျွန်းကြီး ဖြစ်ကြောင်း သိစေလိုသည်၊ သိပြီးလျှင် မိမိတို့လုပ်သည့်အရာကို မိမိတို့ပင် ပြန်လည်ထိန်းသိမ်းရန် လိုအပ်သည်ကိုလည်း သိစေလိုရင်းဖြင့် ကမ္ဘာဖျက်အန္တရာယ် ပလတ်စတစ် ပြဿနာကို တစ်ဦးချင်းမှသည် လူသားအဖွဲ့အစည်းအားလုံး ထိန်းသိမ်းပြုပြင်ကာ ကမ္ဘာကြီး ဆက်လက် တည်တံ့စေရေး ရှေ့ရှုသည့် လုပ်ရပ်အနေဖြင့် ဤဆောင်းပါးကို ရေးသားရခြင်း ဖြစ်ကြောင်းပါ။

လူသားတို့တီထွင်ခဲ့သည့် ပလတ်စတစ်၏ နောက်ခံသမိုင်းကြောင်းကို ကြည့်လျှင် ၁၉ ရာစု အစက စသည်ဖြစ်သဖြင့် ကမ္ဘာ့သက်တမ်းနှင့် နှိုင်းယှဉ်ပါက မကြာလှသေးသော်လည်း ထိခိုက်စေမှုကတော့ အမြန်နှုန်း မြင့်မားလှကြောင်း တွေ့ရပေသည်။

၁၉၀၇ ခုနှစ်က Charles Goodyear ဆိုသူက ရာဘာကို ပြုလုပ်ရာမှ ဆာလဖာနှင့် ပေါင်းစပ်ရင်း ပလတ်စတစ်ကို တီထွင်ပြီး လူသားတို့အတွက် လွယ်ကူသက်သာစေသည့် ပလတ်စတစ်ထွက်ပစ္စည်းများကို အများအပြား ထုတ်လုပ်လာစေခဲ့ခြင်း ဖြစ်သည်။

ယခင်က အသုံးပြုခဲ့သည့် ကော်သစ်စေး(Celluloid) မှ ဆယ်လူလို့စ်များအစား သုံးစွဲခဲ့ကာ Dr Leo H. Baekeland က Plastic ခေါ် Phemolic ဟု အမည်ပေးခဲ့သည်။ လူလုပ်ပ လတ်စတစ်များက သဘာဝပလတ်စတစ်များဖြစ်သည့် တိရစ္ဆာန်များ၏ ခွာများမှ Casein(glue)၊ တိရစ္ဆာန်များ၏နို့မှ ထွက်သည့် Formaldehyde (glue)၊ Plants အပင်များမှ ထွက်သည့် ဆယ်လူလို့စ်များ၊ Bituman( ကတ္တရာစေး)၊ Trees များမှ ထွက်သည့် Latax များနေရာတွင် အစားထိုးသုံးစွဲခဲ့သည်။

ပလတ်စတစ် စတင်ဖြစ်ပွားမှုမှာ လွန်ခဲ့သည့် နှစ်သန်းပေါင်း ၄၀၀တွင် သမုဒ္ဒရာများအတွင်းမရေမတွက်နိုင်အောင်ရှိနေသည့် marine Plankton ဆိုသည့် အပင်မဟုတ်၊ အကောင်မဟုတ် သက်ရှိတစ်မျိုးကို ဘက်တီးရီးယားများက စားသုံးရင်း ရေနံနှင့် gas များဖြစ်ပေါ်လာပြီး ယခုခေတ်တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့များ ထုတ်လုပ်မှုက ထွက်သည့်ဘေးထွက်ပစ္စည်းများ အဖြစ် အမြောက်အများ ထုတ်လုပ်လာကြခြင်းဖြစ်ကြောင်း သိရသည်။

ပလတ်စတစ်ကို အသုံးပြုသည့် နည်းလမ်းများမှာ ထုတ်ပိုးခြင်း(Packaging)နှင့် ဖျော်ဖြေမှု(Entertainment)တို့ဖြင့် အသုံးပြုကြရင်းဖြင့် ပြန်လည်ချေဖျက်နိုင်စွမ်း မရှိမှုက ညစ်ညမ်းမှုများ ဖြစ်ပွားလာရခြင်း ဖြစ်ပေသည်။၊ ညစ်ညမ်းမှု ဆိုသည်မှာ သဘာဝပတ်ဝန်းကျင်ထဲသို့ အစိုင်အခဲ၊ အရည် (သို့မဟုတ်)အငွေ့များ ထပ်တိုးလာခြင်း၊(သို့) စွမ်းအင်ပုံစံနှင့် ရှိနေသည့်အပူ၊ အသံ၊ ရေဒီယိုသတ္တိကြွပစ္စည်းများ ဝင်ရောက်လာပြီး ပျံ့နှံ့ပျော်ဝင်ခြင်း၊ အားလျော့သွားခြင်း၊ အန္တရာယ်မဖြစ်စေသော ပုံစံဖြင့် ပြန်လည်အသုံးပြုခြင်းထက် ပိုသည့် အကြိမ်ရေများများဖြစ်လာပါက ညစ်ညမ်းခြင်း ဖြစ်ပေါ်လာသည်ဟု ဖွင့်ဆိုထားသည်။ ဆိုလိုသည်မှာ Recovery ပြန်လည် လုပ်ဆောင်နိုင်စွမ်း မရှိခြင်းနှင့် အချိန် လိုအပ်ခြင်းတို့လည်း ပါဝင်သည်ဟု ဆိုသည်။

ပလတ်စတစ်တွင် အမျိုးအစားအားဖြင့် အုပ်စုကြီး(၂) အုပ်စုရှိရာ ယင်းတို့မှာ သာမိုပလတ်စတစ်(Thermo Plastic) နှင့် သာမိုဆက်တင် (Thermo Setting)တို့ ဖြစ်ကြသည်။

သာမိုပလတ်စတစ်(Thermo Plastic)၏ ဂုဏ်သတ္တိမှာ အပူပေးလျှင် မီးမလောင်ဘဲ အရည်ပျော်ကာ အခြားနေရာများတွင် ပြန်လည်အသုံးပြုနိုင်စွမ်းရှိသည်။ သို့သော် ပြန်သုံးရန် မလွယ်ကူသေးပေ၊ Plastic Memory သတ္တိရှိသည့် Pvc ပိုက်မျိုးနှင့် အိမ်သုတ်ဆေးတို့ ဖြစ်ကြသည်။

သာမိုဆက်တင် (Thermo Setting) ၏ဂုဏ်သတ္တိမှာ မီးလောင်နိုင်ပြီး ပြန်သုံးရန် မလွယ်ကူပေ၊ မယ်လမင်း၊ Socket မှန်နှင့် တူသည့် Acrylic(Perspex) မှန်ယောင်ဆောင် ပလတ်စတစ်ဖြစ်ပြီး အလွယ်တကူ ကျိုးပဲ့ပျက်စီးမှု မရှိချေ၊ ပေါ့ပါးသည့် Nylon အဝတ်အစားများ၊ အလွန်သန်မာခိုင်ခံ့သည့် အမျိုးအစားအဖြစ် အသုံးပြုနိုင်သည်။

လူအများ တီထွင်ထုတ်လုပ်သည့် ပလတ်စတစ်ပစ္စည်းများကို ခွဲခြားပါက(၇)မျိုးရှိသည်ဟု ရန်ကုန်အခြေစိုက် Recyglo အဖွဲ့မှ ခွဲခြားပြောကြားရာတွင် ပြန်လည် အသုံးပြုနိုင်စွမ်းရှိသည့် ကြွပ်ဆတ်သည့် သဘောရှိပြီး အမှတ်အသား တြိဂံပုံအတွင်းတွင် နံပါတ်(1) ဟုဖော်ပြထားပြီး PETE ဟု ရိုက်နှိပ်ထားသည့် အမျိုးအစား၊ ခေါင်းလျှော်ရေဘူးတို့လို Recycle ပြုလုပ်နိုင်ပြီး တြိဂံအတွင်း (2)ဟု ဖော်ပြထားပြီး HDPE ဟု ဖော်ပြထားသည့်အမျိုးအစား၊ PVC ပိုက်များလို မာပြီးခက်မာသည့် တြိဂံအတွင်း(3)ဟု ဖော်ပြထားသည့် V ဟု ဖော်ပြထားသည့် အမျိုး အစား၊ ပျော့ပြီးလိမ်လို့ရသည့် အိတ်လိုမျိုးတြိဂံအတွင်း (4) ဟု ဖော်ပြထားပြီး V ဟု ဖော်ပြထားသည့် အမျိုးအစား၊ ထမင်း ဘူး၊ ဘောပင်လို အမာအမျိုးအစား တြိဂံအတွင်း (5) ဟုဖော် ပြထားပြီး PP သင်္ကေတ ဖော်ပြထားသည့် အမျိုးအစား၊ ဖော့ဘူး၊ တစ်ခါသုံး Recycle ပြန် လုပ်၍ မရသည့် တြိဂံအတွင်း (6)PS ဟု ဖော်ပြထားသည့် အမျိုးအစားနှင့် ရေသန့်ဗူး၊ ဖလင်စသည့် တြိဂံအတွင်း (7) ဖော်ပြထားပြီး Others ဟု ဖော်ပြထားသည့် အမျိုးအစားဟူ၍ ခွဲခြားထားသည်ဟု ဆိုသည်။

ယင်းအမျိုးအစား (၇)မျိုးတွင် အမှတ်စဉ် (၁/၂/၄/၅) တို့မှာ Thermoplastic အမျိုးအစား ဖြစ်ပြီး အမှတ်စဉ်(၃/၆/၇) တို့မှာ Thermosetting အမျိုးအစားတို့ဖြစ်သည်ဟု ပညာရှင်များက ညွှန်းသည်။ ယင်းတွင် Thermoplastic ပါ ပစ္စည်းများမှာ ပါဝင်သည့် ဓာတ်ပေါင်းများ လုံးဝ ပြိုကွဲသွားသည့်အခြေအနေသို့ရောက်ရန် မှန်းဆချက်တွင် ရေသန့်ဘူး နှစ် ၂၀၀၊ ကြွတ်ကြွတ်အိတ် နှစ် ၄၅၀ နှင့် နိုင်လွန်ပါ အဝတ်များ နှစ် ၅၀၀ ဖြစ်ပြီး ပျမ်းမျှအားဖြင့် နှစ်၂၀၀မှ နှစ် ၁၀၀၀ ကြားနှင့် Thermosetting တွင် ပါဝင်သည့် ဖော့ဘူးလိုပစ္စည်းများမှာ နှစ်ပေါင်း ၅၀၀၀ အထိဖြစ်ကြောင်း ပညာရှင်များက ဆိုသည်။

ကမ္ဘာတွင် ပလတ်စတစ်ကို ရေနံထွက်ပစ္စည်းမှ ဘေးထွက်ပစ္စည်းအဖြစ် ထုတ်လုပ်ပြီး ဈေးနှုန်းသက်သာသည့်အပြင် အသုံးပြုရ လွယ်ကူစေသည့်အတွက် လူသားများ အသုံးပြုမှုများပြားလာမှုက ယခု သတိပြုမိသည့်အချိန်တွင် အလွန်ပင်ဆိုးရွားစွာ ဖုံးလွှမ်းလျက်ရှိသည်ကို တွေ့ကြရကာ ကမ္ဘာ့အလှအသီးသီးကို ညစ်ညမ်းစေလျက်ရှိသည်ကို အထူးသတိချပ်မိကြသည့် နိုင်ငံများက ပလတ်စတစ်ကို ရှောင်ကြဉ်နိုင်ရေး နည်းမျိုးစုံဖြင့် ပြန်လည် ကုစားလာနေကြပြီ ဖြစ်သည်။

လူသားများ Single use တစ်ခါသုံး ပလတ်စတစ်စွန့်ပစ်မှုတွင် လူတစ်ဦးလျှင် ပလပ်စတစ်သုံးစွဲမှုက (၁၂) မိနစ်လျှင် ပလတ်စတစ်ပစ္စည်း တစ်ခုစွန့်ပစ်နေပြီး နိုင်ငံတစ်နိုင်ငံချင်း သုံးစွဲစွန့်ပစ်မှု မတူသော်လည်း ၁၉၇၄ ခုနှစ်က တစ်ဦးလျှင် 2kg သာ

စာမျက်နှာ (၁၅) သို့ > > >



# ဆုတွေ ယူရင်းနဲ့ အမှိုက်တွေ ပစ်နေကြတယ်

□ အောင်ဆန်းဝင်း

သိတော့သိကြတယ်။ မျက်မှန်းတန်းမိတယ်။ လမ်းမှာတွေ့ရင်ပြုံးပြတယ်။ လူချင်းဆုံရင် နှုတ်ဆက်ကြတယ်။ အကျွမ်းတဝင်မဟုတ်တဲ့ မိတ်ဆွေအပေါင်း အသင်းတွေပြောရမှာပေ့ါ။ အဲ့ဒီလိုလူတွေထဲကမှ တချို့လူတွေက တွေ့တွေ့ဆိုင်ဆိုင်ကြုံရင် မေးခွန်းတစ်ခု မေးတတ်ကြတယ်။ အလုပ်အကိုင် ဘာလုပ်တာလဲတဲ့။ ဘယ်လိုစိတ်ကူးနဲ့ မေးတယ်မပြောတတ်ဘူး။ အလုပ်က ဟိုစပ်စပ် ဒီစပ်စပ် အတော်တော့ စုံတယ်။ မူလဘူတ လက်ငုပ်လက်ရင်းက စာအုပ် အငှားဆိုင်။ (အခုစာကြည့်တိုက်လိုလို စာအုပ်အငှားဆိုင်လိုလို)ပေ့ါ။ နိုင်ငံရပ်ခြား တိုင်းတစ်ပါးရုပ်ရှင်တွေ စုပေါင်းစပ်ပေါင်း လုပ်ထားတဲ့ ဓာတ်ပြားချပ်တွေရောင်းတယ်။ အောင်မြင်ဖို့ လုံးပန်းနေရတဲ့ အဝေးပြေး ကားလက်မှတ်အရောင်းဂိတ်လေးလည်း လုပ်နေတယ်။ ငုတ်တုတ်ထိုင်ရင်မမြင်၊ မကြားရတဲ့အတွက် အကြားအမြင်လေးရအောင် ဆိုင်ကယ်တက္ကစီမောင်းတဲ့အခါလည်းရှိ။

ချောက်တီးချောက်ချက် တိုလီမုတ်စအစုံလုပ်လို့ စီးပွားဖြစ်ထွန်းနေတယ်တော့ မထင်လိုက်ပါနဲ့ဦး။ ဝါသနာပါလွန်းလို့ အမိုက်ခံဖွင့်ထားတဲ့ စာအုပ်အငှားဆိုင်က မြန်မာကျပ်ငွေ တစ်ထောင်ပြည့်အောင်ဝင်တဲ့ရက် မရှိပါဘူး။ မှန်အပြားနဲ့ လက်ကိုင်ဖုန်းတွေ လှိုင်လှိုင်ပေါ်ကတည်းက ဓာတ်ပြားချပ်ရောင်းတဲ့ အလုပ်ကလည်း အသက်မထွက်ရုံတမယ်။ ရွှေမြန်မာတွေ ခေတ်ကျော်တက်ချင်ရင် လက်လံတယ်ပြောရမလား။ ရုပ်ရှင်ကြည့်တာတောင် အိမ်ဦးခန်းထောင်ထားတဲ့ ရုပ်မြင်သံကြားစက်နဲ့ မကြည့်တော့ဘူး။ တစ်ထောင်ဖိုး ၃ ကားနဲ့ ဖုန်းအပြားထဲဇတ်ကားထည့်ပြီး မျက်စိအပျက်ခံ အားပေးကြတယ်။ အဝေးပြေးကားလက်မှတ် အရောင်းဂိတ်ကလည်း လုံးပန်းနေရဆဲ ကာလဆိုတော့ လုံးချာ လည်နေတုန်း။ ဆိုင်ကယ်တက္ကစီဆွဲတယ်ဆိုတာက သွားသွားလာလာအကြားအမြင်လေး ရချင်တာကအဓိက။

ဘိုးဘိုးလဲမကျအောင် ပုံစံမျိုးစုံကျားကန်နေရတဲ့ အလုပ်တွေအကြောင်း ဇာတ်စုံရှင်းတော့ နောက်ထပ်မေးခွန်းတစ်ခု ထပ်ဆင့်တယ်။ အဖတ်ဆယ်မရနိုင်တော့တဲ့ စာအုပ်အငှားဆိုင်လုပ်ငန်းကရှင်းတယ်။ ကော်ပီရိုက် ထွန်းထွန်းကားမရှိသေးတဲ့ ဒီနိုင်ငံမှာ ရုပ်ရှင်နဲ့ဂီတလောကအဖတ်ဆယ်ဖို့ မလွယ်ပါဘူး။ ကားလက်မှတ်အရောင်း လုပ်ငန်းဆိုတာလည်း တော်ရုံစကေးနဲ့လည်ပတ်အောင် မလုပ်နိုင်။ ဟိုစပ်စပ်ဒီစပ်စပ်သွားနိုင်ရမယ်။ လူမျိုးပေါင်းစုံနဲ့ အလွမ်းသင့်အောင် ပေါင်းနိုင်ပြောနိုင်ရမယ်။ အဲဒီဟာတွေအထိပြဿနာမရှိသေးဘူး။အကြားအမြင်ရအောင် ဆိုင်ကယ်တက္ကစီဆွဲတာတော့။ ခေါင်းစဉ်နည်းနည်းလွဲနေသလားလို့တဲ့။ အကြားအမြင်ရတယ်ဆိုတာ အများအားဖြင့် ဗေဒင်လောကသုံးတဲ့စကား။ ဆိုင်ကယ်တက္ကစီမောင်းတာနဲ့ မအပ်စပ်တော့ ခေါင်းရှုပ်သလိုဖြစ်သွားတယ်ထင်ပါတယ်။

အဲ့ဒီတော့ ကိုယ်တိုင်ရှုပ်ထားတဲ့ ဇာတ်ကိုယ်တိုင်ပြန်ရှင်းရတော့တာပေ့ါ။ အထက်မှာ စကားကြောမရှည်သင့်ဘဲ ပေရှည်ထားတဲ့ အလုပ်ဆိုတာတွေက လူမြင်သူမြင်အလုပ်တွေ။ လူမသိသူမသိ တိတ်တိတ်ပုန်းလုပ်တဲ့ အလုပ်တစ်ခုရှိပါသေးတယ်။ (တစ်လွဲမတွေးနဲ့နော် အခုရှင်းပြမလို့) စာရေးဆရာပါလို့ ခေါင်းစဉ်တပ်မရသေးတဲ့ စာပေလေး မတောက်တစ်ခေါက်ရေးတဲ့ အလုပ်။ ဘာတွေရေးလည်းဆိုတော့ စိတ်ကူးထဲပေါ်တဲ့အရာတွေကို စိတ်ကူးပေါက်သလိုရေးပါတယ်။ ဆောင်းပါးဖြစ်တဲ့အခါရှိတယ်။ သတင်းဆောင်းပါး ဖြစ်သွားတာရှိတယ်။ တစ်ခါတလေ အက်ဆေးပုံစံဖြစ်တတ်တယ်။ ရသစာတမ်းခေါင်းစဉ်အောက်လည်း ရောက်ခဲ့ဖူးတယ်။ ကဗျာလောကထဲ ခဏကျင်လည်ခဲ့တယ်။ သတင်းတိုလေးတွေ လက်တည့်စမ်းတဲ့ခါစမ်း။ ဝေးဝေးတစ်ခါ လပြည့်ဝန်းမဂ္ဂဇင်းမှာ ဝတ္ထုတိုလေးတွေရေးပါတယ်။

အမြဲတမ်းစဉ်ဆက်မပြတ်ရေးဖြစ်တဲ့ စာမျက်နှာက ရှမ်းပြည်နယ်ကိုယ်စားပြု အပတ်စဉ်ထုတ်ဝေနေတဲ့ ကမ္ဘောဇတိုင်းသတင်းဂျာနယ် အတွဲ ၁ အမှတ် ၁ ကနေ ခရီးဆက်လာတာအခုလက်ရှိအချိန်ထိ အစိုးရနဲ့ပြည်သူကြား ပေါင်းကူးပေးရမယ့်အရာလေးတွေကို ထိကပါး ရိကပါးရေးခဲ့ဖူးတယ်။ တောင်ကြီးမြို့မှာ နေထိုင်တာဖြစ်တဲ့အတွက် မြို့တော်လိုအပ်ချက်၊ မြို့တော်မှာဖြစ်ပျက်နေတာတွေ ခပ်ပါးပါး ထောက်ပြခဲ့ဖူးတယ်။ ၅ နှစ်လောက် အပတ်စဉ်နီးပါးရေးတာဆိုတော့ တဖြည်းဖြည်းရေးစရာဇာတ်ကွက်ရှားလာတယ်။ ကိုယ့်ဝပ်ကျင်းမှာ ငုတ်တုတ်ဥနေရင် ရေးစရာမရှိလို့ ဆိုင်ကယ်တက္ကစီမောင်းရင်း ကုန်ကြမ်းထွက်ရှာတာ။ ရှေ့ဆောင်ဆရာကြီးများလို စိတ်ကူးပါရမီဉာဏ်ရင့်သန်ခြင်းမရှိတော့ အကြားအမြင်လေးမှမရှိရင် စာတစ်ပုဒ်ဖြစ်အောင်မရေးတတ်တာ အားနည်းချက်တစ်ခုဆိုရမှာပေ့ါ။

ရောက်တတ်ရာရာလျှောက်သွား ဆီလိုအပေါက်ရှာတာတောင် တစ်ခါတစ်ခါ ရေးစရာဇာတ်ကွက် ရှာမရတာမျိုးကြုံရတယ်။ အရင်တုန်းကတော့ မရရအောင်ရှာ မဖြစ်ဖြစ်အောင်ရေးပေ့ါ။ အခုတော့အဲ့ဒီလိုမဟုတ်ဘူး။ အကြားအမြင်မရှိရင် တစ်လုံးမှမရေးဘဲ နားအေးပါးအေးစာဖတ်နေလိုက်တယ်။ အခုလည်းရေးစရာ ဇာတ်ကွက်ပျောက်လို့ စာထိုင်ဖတ်ကာမှ ရေးစရာကတည့်တည့် လာတိုးပါလေရော ။ ပြီးခဲ့တဲ့အပတ်က ထုတ်ဝေဖြန့်ချိခဲ့တဲ့ ကမ္ဘောဇတိုင်း သတင်းဂျာနယ်ထဲ သတင်းထောက်ချုပ် ဆရာမင်းဇော်မင်း ရေးသားထားတဲ့ သတင်းတစ်ပုဒ်ဖတ်လိုက်ရတယ်။ သတင်းခေါင်းစဉ်က တောင်ကြီးမြို့တွင် ရေကြီးရေလျှံမှု မဖြစ်ပေါ်စေရန် ပလတ်စတစ်အမှိုက်လျှော့ချရေး အစီအစဉ်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြလို့ဆိုထားတာပါ။ ခေါင်းစဉ် ဖတ်လိုက်တာနဲ့ ဂနိုင်ကန်လမ်းရဲ့ မြောက်ဘက်ချောင်းထဲက အမှိုက်တွေကို မြင်မိတယ်။

မိုးတွင်းရာသီ ကုန်ဆုံးသွားပေမယ့် ဂနိုင်ကန်လမ်း မြောက်ဘက်ချောင်းထဲမှာ စည်းကမ်းမဲ့စွန့်ပစ်အမှိုက်တွေ အခုချိန်ထိနေရာယူထားတာ တွေ့ရပါတယ်။ အမှိုက်တွေ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် အနားယူတဲ့နေရာက ဘယ်လိုမှသုံးစားလို့မရတဲ့ ဆည်ပေါက်စလေးနားမှာပါ။ စည်းကမ်းမဲ့ စွန့်ပစ်အမှိုက်အပြင် ရေဆိုးရေညစ်တွေပါ ရှိနေပါတယ်။ သဘာဝပတ်ဝန်းကျင်ကို ဖျက်ဆီးမြို့အလှကို ပျက်ဆီးစေပြီး ရောဂါဘယမျိုးစုံပေါက်ဖွားအောင် တမင်သက်သက် လုပ်ယူထားသလားတောင် ထင်မှတ်ရပါတယ်။ လက်ရှိမြင်တွေ့နေရတဲ့ အနေအထားရလာမယ့် မိုးတွင်းအထိ အပြောင်းအလဲဖြစ်မယ့်ပုံ မရှိပါဘူး။ ဂနိုင်ကန်လမ်း အနောက်ဘက်ခြမ်း တိုးချဲ့ခြင်းလုပ်ငန်းနဲ့ပတ်သက်ပြီး သက်ဆိုင်ရာလူကြီးတွေ အဲဒီနေရာကို အကြာခဏလာတတ်ပါတယ်။ အောက်ခြေထိမကြည့်မိလို့ မမြင်တာလားတော့ မပြောတတ်။

နှစ်စဉ်နှစ်တိုင်း တောင်ကြီးမြို့ ဆိုးဆိုးဝါးဝါး ရေကြီးရေလျှံမှုဖြစ်စေတဲ့အကြောင်းအရင်းအနေနဲ့ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုကြောင့်လို့ သတင်းထဲမှာ ဆိုထားပါတယ်။ အဓိကရေမြောင်းပိတ်စေတာ ပလတ်စတစ်အမှိုက်တွေကြောင့်လို့ မွေးတောင်ကြီး အမှိုက်နှင့် မိလ္လာသိမ်းဆည်းရေး ကော်မတီကအထွေထွေမန်နေဂျာ ဒေါ်နန်းအေးလှိုင်ကလည်း ပြောပါတယ်။ ရေကြီးရေလျှံမှုဖြစ်စေတဲ့ အကြောင်းရင်းကို သုံးသပ်ရင် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုကြောင့်ဆိုတာ သိသာထင်ရှားနေပါတယ်။ ဒီဟာကိုဖြေရှင်းဖို့အတွက် စည်းကမ်းတကျ အမှိုက်ပစ်အောင်ဘယ်လိုလုပ်ရမလဲဆိုတဲ့ မေးခွန်းထွက်လာပါတယ်။ အရိုးရှင်းဆုံးထုတ်လို့ရနိုင်တဲ့ အဖြေကတော့ အသိပညာပေးမှုများများလုပ်ပြီး ထိထိရောက်ရောက်အရေးယူမှုပါ။ ပညာပေးရုံသက်သက်နဲ့တော့ အရေထူနေသူတချို့အတွက် ကျွဲပါးစောင်းတီးအဆင့် လောက်သာရှိပါလိမ့်မယ်။

ရှမ်းပြည်နယ် အစိုးရရုံးစိုက်ရာ တောင်ကြီးမှာ ရေကြီးရေလျှံမှု ထပ်မဖြစ်ပေါ်စေရေးအတွက် ပလတ်စတစ်အမှိုက်လျှော့ချရေးအစီအစဉ်ကို ပြည်နယ်အစိုးရအဖွဲ့မှာ တင်ပြထားတယ်လို့သတင်းမှာဆိုထားပါသေးတယ်။ အမှိုက်လျှော့ချရေးအပြင် တစ်ပါတည်း တွဲလုပ်ရမယ့်အရာက ပြည်သူလူထုကြား တွင်တွင်ကျယ်ကျယ်ဖြစ်နေတဲ့ ကြွတ်ကြွတ်အိတ်၊ ပလတ်စတစ် သုံးစွဲမှု လျှော့ချနိုင်ရေးပါ။ သုံးစွဲမှုလျှော့ကျခြင်း မရှိဘဲနဲ့တော့ အမှိုက်လျှော့ချရေး လုပ်ဆောင်တဲ့နေရာမှာ အောင်မြင်မှုဖြစ်လာနိုင်မှာ မဟုတ်ပါဘူး။ လုပ်ဆောင်တဲ့ နေရာမှာလည်း ကောက်ရိုးမီးလို မဖြစ်ဖို့လိုအပ်ပါသေးတယ်။ မြန်မာနိုင်ငံမှာ လုပ်ဆောင်နေတဲ့အရာအများစုက အသံကြားရင်နောက်ကနေ လိုက်ဝုန်းကြတယ်။ မျက်နှာပန်းလှသလိုဖြစ် လူကြည့်ကောင်းအောင် မိတ်ကပ်လိမ်းပြီးတာနဲ့ မှတ်တမ်းတင်ဂုဏ်ပြုလိုက်သည် ဆိုတာမျိုးတွေပါ။

ရှမ်းပြည်နယ်မြို့တော် တောင်ကြီးမြို့ဟာ သန့်ရှင်းမှုနဲ့ပတ်သက်ပြီး ဆုတွေမကြာခဏရရှိနေတဲ့ မြို့တော်တစ်ခုဖြစ်ပါတယ်။ ရရှိထားတဲ့ ဆုတန်ဖိုးနဲ့အညီ မြို့တော်ဂုဏ်သိက္ခာ ထိန်းသိမ်းရမှာ တောင်ကြီးမြို့မှာနေထိုင်သူတွေရဲ့ အဓိက တာဝန်တစ်ရပ်ပါ။ မြို့တော်သာယာလှပမှုကို အစဉ်လာမပျက် ထိန်းသိမ်းဖို့အတွက် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်းတွေ ရှောင်ရှားဖို့လိုအပ်ပါတယ်။ တစ်ကိုယ်ရည် ပလတ်စတစ်သုံးစွဲမှုကိုလည်းကိုယ်ပိုင်အသိနဲ့ လျှော့ချမှသာ လျှော့ကျသွားနိုင်မှာဖြစ်ပါတယ်။ ခြေဦးတည့်ရာ သွားရင်းလာရင်း မြင်တွေ့နေရတဲ့ အနေအထားကတော့ အားရတဲ့ ဘက်မှာရှိမနေသေးပါဘူး။ စည်းကမ်းလိုက်နာမှုပိုင်းဆိုင်ရာ လိုအပ်ချက်တွေ ရှိနေပါသေးတယ်။ နေရာစုံထောင့်စုံ အမှန်တကယ် သန့်ရှင်းတဲ့ မြို့တော်ကြီးဖြစ်ဖို့အတွက်ကတော့ အစိုးရကောပြည်သူပါ အခုထက်ပူးပေါင်းဆောင်ရွက်ဖို့လိုအပ်နေကြောင်းပါ။

## ➢ စာမျက်နှာ(၂၈) အိုင်စီဂျေမှ ဖြင့်ကွင်းစုံ မှ အဆက်

တွင်မြန်မာနှင့် ဂမ်ဘီယာခြား ပြဿနာ မဟုတ်သလို မြန်မာသည် OIC အဖွဲ့ဝင်နိုင်ငံ မဟုတ်သည့်အတွက် ဖြေရှင်းရန် နည်းလမ်းမကျကြောင်း၊ အတိအကျအချက်အလက်များလည်း မပါဝင်သည့်အပြင် ကုလသမဂ္ဂ အချက်အလက်ရှာဖွေရေးအဖွဲ့နဲ့ OICကအချက်အလက် တွေပါပါဝင်တာဖြစ်သည့်အတွက် မြန်မာက ဆန့်ကျင်ငြင်းဆန်လို့ရတဲ့ အချက်အလက် ဥပဒေ အကြောင်းမရှိပါဘူး `ခရိုအေးရှားနဲ့ဆာဗီးယားအမှု စီရင်ချက် အပိုဒ် ၄၃၇ မှာ ခရိုအေးရှားလူမျိုး ၁၂၀၀၀ ကို ဆာဗီးယားက သတ်ပစ်တယ်လို့ စွပ်စွဲတယ်၊ ဆာဗီးယားက အဲလောက်မသေပါဘူးလို့ ငြင်းတယ်၊ လူမျိုးသုဉ်း သတ်ဖြတ်မှုမှာ သေဆုံးသူဦးရေ နည်းလားများလား ငြင်းရတာက အခရာကျပါတယ်၊ ကျွန်တော့်အတွေ့အကြုံအရ လူမျိုးသုဉ်းသတ်ဖြတ်ခြင်းစွဲတဲ့ အမှုတွေသမိုင်းမှာ လူ ဘယ်နယောက် အသတ်ခံရတယ်ဆိုတာ မတင်ပြနိုင်ဘဲ တရားစွဲလာတာ ပထမဆုံးအကြိမ် အလွန်ထူးဆန်းတဲ့အမှု ဖြစ်နေပါတယ်`ဟု လျှောက်လဲရာတွင် ပါရှိသည်ကို ကောက်နုတ်ချက်အဖြစ်ဖော်ပြလိုက်ပါသည်။

ICJ တွင် မူလခန့် တရားသူကြီး ၁၅ ဦးအပြင် မြန်မာနိုင်ငံဖက်က Judge de hoc ကိုယ်စားပြုတရားသူကြီးတစ်ဦးအဖြစ် ဂျာမဏီနိုင်ငံကိုလုံးတက္ကသိုလ်က အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနှင့် လုံခြုံရေးဥပဒေဌာနက ပါမောက္ခနှင့် ဒါရိုက်တာဖြစ်သူ ပြစ်မှုဆိုင်ရာ ဥပဒေပါမောက္ခ Claus Kress ကို ခန့်လိုက်သည်။ ၎င်းသည် ဥပဒေနှင့်ပတ်သက်သည့်စာအုပ်ပေါင်း ၁၅၀ ကျော် ရေးသားခဲ့သူဖြစ်ကာ ၎င်းသည် မြန်မာနိုင်ငံဘက်က ရပ်တည်မည်ဖြစ်သလို အပြည်ပြည်ဆိုင်ရာ တရားရုံးဆုံးဖြတ်ချက်များတွင် မြန်မာနိုင်ငံအတွက် ခုခံပြီး ကွဲလွဲချက်ရှိသည့် အမြင်များရှိခဲ့ပါက ရေးပေးမည်ဖြစ်သည်ဟု ဆိုသည်။ မြန်မာနိုင်ငံမှ ဥပဒေပညာရှင် ဒေါက်တာမြင့်ဇံက BBC သို့ Judge de hoc ကိုယ် စားပြုတရားသူကြီးကို ရှောင်တခင် တရားသူကြီးဟု ခေါ်ဝေါ် သုံးနှုန်းခဲ့သည်။

ICJ ၏ လက်ရှိတရားသူကြီး ဥက္ကဋ္ဌမှာ ဆိုမာလီယာနိုင်ငံသား အဘဒ်ဒုကာဝီ အာမက်ယူဆွတ်ဖြစ်ပြီး တရားစွဲသည့်ဂမ်ဘီယာနိုင်ငံအနေဖြင့် ရှောင်တခင်တရားသူကြီးအဖြစ် တောင်အာဖရိကနိုင်ငံက တရားသူကြီး ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီး တာဝန်ယူခဲ့သူ နာဗာသီမန် ပီလေးဆိုသူကို ခန့်ထားပါတယ်။ ဒေါက်တာမြင့်ဇံက `ဘယ်နိုင်ငံပဲ ဖြစ်ဖြစ် အရည်အချင်းရှိတဲ့ တရားသူကြီးကို ရွေးခန့်မှာပါ၊ ဂမ်ဘီယာကော မြန်မာကော အခုလို တရားသူကြီးတွေ ခန့်ထားလိုက်တော့ အနည်းဆုံးတစ်မဲစီတော့ သေချာသွားပြီ`ဟု BBC သို့ ပြောခဲ့သည်။

မြန်မာနိုင်ငံမှ ရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူးချုပ်အငြိမ်းစားဖြစ်သူ ဦးကျော်အေးက `မနေ့က ICJ အမှုမှာ မြန်မာဘက်ကရှေ့နေ ၃ ဦးလုံးရဲ့ လျှောက်လဲချက်တွေ ကောင်းလိုက်တာဗျာ၊ ဥပဒေအတိုင်းသာ ဆုံးဖြတ်ရင် ကျုပ်တို့နိုင်မှာ၊ မြေကြီးကို လက်နဲ့ပုတ်ရင်တောင် လွဲချင်လွဲဦးမယ်`ဟု မှတ်ချက်ပြုထားသည်ကို တွေ့ရသည်။ ၎င်းအနေဖြင့် ထိုအမှုအား လျှောက်လဲရမည်ဆိုပါက ရိုဟင်ဂျာ အသုံးအနှုန်းကို လုံးဝလက်မခံဘဲ၊ ဘင်္ဂါလီဟုသာ လက်ခံပြီးအကယ်၍ ကန့်ကွက်ချက် လက်မခံပါက တရားစွဲဆိုချက်ကိုလက်မခံရန် စဉ်းစားခဲ့ကြောင်း ၎င်း၏ ဒီလိုလျှောက်လဲမယ်ဟု ရေးသားကာ၊ မိမိလို ဇနပုဒ်ရှေ့နေတစ်ဦးအဖြစ်သာ ရေးသားမိခဲ့ခြင်းဟုဆိုကာ ယခု ICJ ကိစ္စတွင် ဘာသာရေး ရည်ရွယ်ချက်ကို ဖုံးကွယ်ပြီး နိုင်ငံရေးအရ မြန်မာနိုင်ငံကို ထိုးနက်တိုက်ခိုက်နေတာကို ကမ္ဘာက သိစေချင်ကြောင်း မှတ်ချက်ပြုသည်။

ရှမ်းပြည်နယ်မှ တရားဥပဒေဆိုင်ရာကျွမ်းကျင်သူ တစ်ဦးကမူ `ကျွန်တော်တို့က နိုင်ငံတကာ ဥပဒေအပြင်ခု ICJ တရားရုံးကိစ္စကိုတော့ မသုံးသပ်နိုင်ပါဘူး၊ သို့သော်လည်း ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ကတော့ အစိုးရရဲ့ဂုဏ်ရော၊ နိုင်ငံရဲ့ဂုဏ်ရော ဆောင်နိုင်ခဲ့တာဖြစ်လို့ ၂၀၂၀ အတွက် သေချာစေပါတယ်`ဟု ဆိုသည်။

`လူမျိုးသုဉ်းသတ်ဖြတ်မှု မရှိဘူးလို့ ပြောကြားချက်ကို ကမ္ဘာကြီးက သက်သေအထောက်အထားနဲ့ စီရင်ချမှတ်ပါလိမ့်မယ်၊သူခိုးက ခိုးတယ်လို့ ဝန်မခံပါဘူး၊ ဒါပေမယ့် တရားမျှတမှုဟာ သက်သေအထောက်အထားနဲ့ ဆောင်ကြဉ်းလာပါလိမ့်မယ်`ဟု Arakan Rohingya Society for Peace and Human Rights အဖွဲ့ဥက္ကဋ္ဌ မိုဟာမက် မိုဟီဘူလာက AP သတင်းဌာနသို့ ပြောခဲ့သည်။

DVB သတင်းဌာနက ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ဒီအမှုဟာ သက်သေမခိုင်တာမို့ ကုလသမဂ္ဂအဆင့်မြင့်ဆုံး တရားရုံးမှာ ကြားနာဖို့ မသင့်ဘူးလို့လည်း ပြောကြားခဲ့ပြီး မြန်မာတရားရေးကိုယ်စားလှယ်အဖွဲ့ကို စိတ်ပိုင်းဆိုင်ရာထောက်ပံ့ပေးနေသည့် တရားမျှတမှုဟန်ချက်အပေါ် သက်ရောက်မှုရှိမလား ဆိုသည့်မေးခွန်းထုတ်လိုက်ပြီး ဒေါ်အောင်ဆန်းစုကြည်၏ကိုယ်စားပြုမှုသည် တရားမျှတမှုအပေါ်ထက်စာရင် နိုင်ငံ ရေးဟန်ချက်အတွက်ပိုပြီး အသာစီးရှိနေတယ်လို့လည်းသုံးသပ်သည်ဟု ဆိုခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ဘင်္ဂါလီရော ရိုဟင်ဂျာ အသုံးအနှုန်းများကို ရှောင်ရှားပြောဆိုခဲ့ခြင်းကို သတိပြုမိသည်ဟု နိုင်ငံရေးအကျဉ်းသားဟောင်း စာရေးဆရာ နောင်ကျော်က မှတ်ချက်ပြုပြီး မြန်မာဘက်က ခံစစ်လိုင်းက မသတ်ပါဘူး ဆိုတာကို အဓိက မသွားဘူး၊ Genocide မမြောက်ပါဘူးဆိုတာကို အဓိကသွားတယ်ဟု ဦးသိန်းမြတ်၏ ကောက်ချက်ကို မျှဝေပေးထားသည်။

နိုင်ငံရေးအကျဉ်းသားဟောင်း တစ်ဦးဖြစ်သူ စာရေးဆရာ နောင်ကျော်က မြန်မာဘက်က ခံစစ်လိုင်းက မသတ်ပါဘူးဆိုတာကို အဓိက မသွားဘူး၊ Genocide မမြောက်ပါဘူးဆိုတာ အဓိကသွားတယ်၊ စိတ်ဝင်စားစရာခံစစ်ဗျူဟာပဲဟု မှတ်ချက်ပြုသည်။ ၎င်းကပင် ICJ ၏ ၃ ရက်တာလျှောက် လဲချေပချက်များကို နားထောင်ရင်း ပြည်တွင်းစစ် နှစ် ၇၀ ကျော်အတွင်း အာဏာရ စစ်ခေါင်းဆောင် အဆက်ဆက်က ပြည်မပြည်နယ်က လူထုတွေအပေါ် ဘယ်လောက်တောင်စစ်ဦး ဘီလူးစိတ်နဲ့ ဒုက္ခပေးခဲ့ကြသလဲ ဆိုတာကိုပါဆက်တွေးမိတယ်၊ စစ်ဆိုတာ နိုင်ငံရေး ပြဿနာရဲ့ အဆက်ဖြစ်တယ်ဆိုရင် စစ်ဖြစ်ရခြင်းရဲ့ နိုင်ငံရေးပြဿနာအကြောင်းခံကို မှန်မှန်ကန်ကန်၊ တရားနည်းလမ်းကျကျ ဖြေရှင်းရမယ်ဆိုတဲ့ အဖြေကထွက်လာလေ့ရှိတယ်၊ ပြည်တွင်းစစ်ဖြစ်ရခြင်းရဲ့ မှန်ကန်တဲ့သမိုင်း စစ်ကို လေ့လာတွေ့ရှိနိုင်ပါစေ၊ နိုင်ငံရေးပြဿနာကိုလည်း မှန်ကန်စွာ ဖြေရှင်းနိုင်ကြပါစေ၊ ငြိမ်းချမ်းရေးလမ်းကြောင်းကို ပြည်သူ့မျက်နှာကြည့်ပြီး ဖြေရှင်းလိုစိတ် အခိုင်အမာရှိကြပါစေ၊ စစ်ရပ်စဲချုပ်ငြိမ်းရေးနဲ့တိုင်းပြည်ငြိမ်းချမ်းအောင်၊ တိုးတက်အောင်၊ အဆုံးအဖြတ်ပေးနိုင်သူတွေက ပြည်သူဘက်က အဂတိတရားများကို ရှောင်ရှားပြီး ပြတ်သားစွာ ရပ်တည်ဆောင်ရွက်နိုင်ပါစေ၊ တိုင်းပြည်ကောင်းကျိုးဆောင် အရည်အချင်းရှိတဲ့ ခေါင်းဆောင်ကောင်းများ ဦးစီးတဲ့ တိုင်းပြည်ဖြစ်လာပါစေကြောင်း ဆန္ဒပြုမိပါတယ်ဟု သုံးသပ်ထားသည်။

မြန်မာဘက်က အပြီးသတ် လျှောက်လဲချက်တွင် ဂမ်ဘီယာအနေနဲ့ OIC အထောက်အပံ့နဲ့ လာသည့်အတွက် တရားစွဲခွင့်မရှိ၊ သလိုတိုက်ရိုက် ထိခိုက်ခံစားရသည့် နိုင်ငံလည်း မဟုတ်သည့်အတွက် တရားစွဲပိုင်ခွင့်မရှိဟု Article 8 / 9 ကို အဓိကရှင်းလင်းသွားခဲ့သည်။ ပါမောက္ခရှာဘတ်က အဓိကဖြေရှင်းသူဖြစ်ပြီး ဂမ်ဘီယာရှေ့နေများ၏ အချက် ၆ ချက်ကို ရှင်းသွားရာ နိုင်ငံသားမပေးတာကို ဂျီနိုဆိုဒ်ဟု ပြောမရကြောင်း၊ ကာချုပ် FB က ပိုစ်သည် အစိုးရ တစ်ဖွဲ့လုံးကို ကိုယ်စား မပြုကြောင်း၊ ထောက်ပြသည့် လူသတ်ကျင်းကြီးများမှာ AP သတင်းဌာနက တင်ပြထားတာကို ယူထားတာ ဖြစ်ပြီး AP ၏ နောက်ဆုံးထုတ်ပြန်ချက်တွင် အဆိုပါ ကျင်းများ ဘယ်မှာရှိသည်၊ ဘယ်နယောက် မြှုပ်ထားသည်ဆိုတာ မပါကြောင်း၊ မသေချာသည့် သတင်းကို လာတင်ပြနေကြောင်း၊ ၂၀၁၂/၁၃ က သူပြောခဲ့သည့် အင်တာဗျူးတွင် Genocide ဟုမပြောခဲ့ကြောင်း၊ အင်းဒင် ကိစ္စပုံတွေဆိုလည်း သက်ဆိုင်သူတွေကို အရေးယူပြီးပြီ Genocide ကွန်ဗင်းရှင်းအရလည်း ဒေသအာဏာပိုင်ကလည်း အမှုကို စီရင်မယ်ပြောတယ်လို့ဆိုကာ ဂမ်ဘီယာက တရားစွဲထားတာကို ပလပ်ပေးဖို့ တောင်းဆိုခဲ့သည်။

တရားသူကြီးများကတော့ လိုအပ်တဲ့အချက်အလက်တွေရှိရင် ထပ်တောင်းမည်၊ အသင့်လုပ်ထားဖို့ ပြောပြီးရပ်နားခဲ့သည်။ အမိန့်ချမှတ်ရန် နေ့ရက် အတိအကျ မပြောသလို အမိန့်ချရင် ချမှတ်တဲ့အတိုင်း ဆောင်ရွက်ပြီး ၄ လကြာရင်ICJ ကို ပြန်အစီရင်ခံရမည်ဖြစ်ပြီး မြန်မာဘက်က မလုပ်ဆောင်ပါက ICJ က လုံခြုံရေးကောင်စီတင်ဖို့ရှိမည်ဖြစ်သည်ဟု သိရ၍ အမိန့်ကို လာမည့် ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလအတွင်း ချမှတ်မည်ဟု ခန့်မှန်းရပါသည်။

မိမိအနေဖြင့်မူ ဒေါ်အောင်န်းစုကြည်အနေဖြင့် တရားရေးဟန်ချက်မျှတမှုအပြင် နိုင်ငံရေး ဟန်ချက်အသာစီးရယူနိုင်ရေးအတွက် အခြေအနေအပေါ် အကောင်းဆုံး ရယူခဲ့ခြင်းဖြစ်သည့်အပြင် နိုင်ငံတကာသို့ တစ်ဖက်သတ် ဝါဒဖြန့်ရေးသားဖြန့်ဝေနေသည့် မီဒီယာပေါင်းစုံနှင့် ကမ္ဘာ့လူထုအပေါ် မှန်ကန်သည့် သတင်းများကို မှန်ကန်စွာဖြန့်ဝေ ပေးနိုင်ခဲ့သည့်အပြင် မြန်မာနိုင်ငံအပေါ် ကမ္ဘာ့အမြင်များ ပြောင်းလဲစေကာ ယခု ICJ အမှုတွင်လည်း ယခင် လက်ဝဲအယူအဆဖြစ်သည့် ရန်/ငါ ခွဲခြားနိုင်မှုများ ပြတ်သားစွာ ပေါ်ထွက်လာစေသည့် စစ်တပ်သုံးစကား စမ်းသပ်ရှာဖွေ ပစ်ခတ်မှု (Searching Fire) အမြင်ရှင်းစေကြောင်းနှင့် ၎င်းအပေါ် Stake Holder များ၊ တိုင်းရင်းသားခေါင်းဆောင်များမှ နိုင်ငံရေးအဖြေစစ် တွေ့ရှိဖြေ ရှင်းနိုင်ကြပါစေ၊ ပြည်တွင်းပြည်ပ စည်းလုံးခြင်းများအပြင် ပြည်တွင်းပြည်ပ သွေးကွဲမှုများကိုပါ ဖြေရှင်းနိုင်စွမ်း ရှိကြပါစေကြောင်း ဆန္ဒမွန်ပြုအပ်ကြောင်းပါ။

## ➢ စာမျက်နှာ(၂၆) အမေရိကန် လုံခြုံရေးမှ အဆက်

အိုဘားမား သဘောထား

သမ္မတအိုဘားမားသည် အီရန်အား များစွာအလျှော့ပေးဆက်ဆံခဲ့သည်။ ထို့ကြောင့် ဆော်ဒီသံအမတ်ကြီးအား ပုံးခွဲတိုက်ခိုက်မှုသာ ပေါ်ပေါက်ခဲ့ပါက အိုဘားမားကို ပျော့ညံ့သူဟူ၍ နိုင်ငံရေးပြိုင်ဘက်များက ဝေဖန်အပြစ်တင်ကြပေမည်။ ထို အခါ အိုဘားမားသည် ဒုတိယအကြိမ် သမ္မတအဖြစ် ရွေးကောက်ခံရဖွယ်မရှိပါ။

အိုဘားမားသည် သဘောထားပျော့ပျောင်းသူ ဖြစ်သောကြောင့် ငြိမ်းချမ်းရေးနိုဘယ်ဆုပင် ရရှိခဲ့သော်လည်း သံအမတ်ကြီးအား ပုံးခွဲလုပ်ကြံမှုသာ ပေါ်ပေါက်ခဲ့ပါက အိုဘားမားသည် သဘောထားတင်းမာသူ ဖြစ်လာနိုင်ချေလည်းရှိသည်။ သမ္မတဘုရှ်သည် ၉/၁၁ တိုက်ခိုက်မှုကို ပြင်းထန်စွာဆောင်ရွက်တုံ့ပြန်ခဲ့သကဲ့သို့ အိုဘားမားလည်းအီရန်အား တိုက်ခိုက်ရန်အမိန့်ပေးပြီး သဘောထားတင်းမာသူတစ်ဦး ဖြစ်နိုင်ချေရှိသည်။

၂၀၁၀ ခုနှစ်တွင် အီရန်သည် နျူကလီးယားပုံးထုတ်လုပ်ရန်နီးစပ်သည့် အခြေအနေသို့ရောက်ရှိခဲ့ရာ အနောက်နိုင်ငံများနှင့် ဆက်ဆံရေးတင်းမာခဲ့ရသည်။ အမေရိကန်၊ ဗြိတိန်နှင့် ပြင်သစ်တပ်ဖွဲ့များသည် ပင်လယ်ကွေ့သို့ပင်သွားရောက်ကာ အီရန်ကို စစ်ရေးအရ အရေးယူရန် အသင့်အနေအထားသို့ပင် ရှိနေခဲ့သည်။ အစ္စရေးသည်လည်း အီရန်၏ နျူကလီးယားစခန်းများအား ပုံးကြဲတိုက်ခိုက်ရန် အလေးအနက်ပင်ဆွေးနွေးသုံးသပ်ခဲ့ကြသည်။ အဆိုပါအခြေအနေတွင် ဆော်ဒီသံအမတ်ကြီးအား အီရန်၏ လုပ်ကြံမှုသာ အောင်မြင်ပေါ်ပေါက်ခဲ့ပါက ကမ္ဘာ့သမိုင်းသည်လည်း အကြီးအကျယ် ပြောင်းလဲသွားနိုင်ချေရှိနေသည်။

မက္ကဆီကိုတွင် မူးယစ်ဆေးဝါးဂိုဏ်းများသည် အစိုးရကိုပင် ဂရုမစိုက် အလေးမမူသည့် အနေအထားထိ အင်အားတောင့်တင်းနေကြသည်။ အမေရိကန်အစိုးရအနေဖြင့် အိမ်နီးချင်း မက္ကဆီကိုမှ မူးယစ်ဆေးဝါးဂိုဏ်းများကို အလေးထားသင့်ပြီး ၎င်းတို့ကို လျစ်လျူရှုထားပါက တစ်ချိန်ချိန်တွင် ၎င်းတို့သည် အမေရိကန်အမျိုးသား လုံခြုံရေးကိုပါ ထိခိုက်စေလိမ့်မည်ဖြစ်သည်။

VOLUME.5, ISSUE 49 THURSDAY, DECEMBER 19, 2019
ကမ္ဘာ့ဇာတိုင်း

# အိုင်စီဂျေ မြင်ကွင်းစုံ



■ စိုင်းသိစ်သူ

"မြန်မာနိုင်ငံသားတွေအနေနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းနဲ့ ထိတွေ့ဆက်ဆံမှုတွေ ပြုလုပ်တဲ့အခါမှာ မတူကွဲပြားခြားနားမှုကို အသိအမှတ်ပြုလက်ခံတတ်တဲ့ အမြင်အယူအဆတွေကို သင်ယူတတ်ကြဖို့ လိုအပ်ပါတယ်" ဟု IBEC ဆရာတော် ဒေါက်တာ သောဘိတ(စတော့ဟုမ်း ကမ္ဘာ့ငြိမ်းချမ်းရေးဆုရှင်၊ ကမ္ဘာ့ငြိမ်းချမ်းရေးသံတမန်) က ဒီဇင်ဘာ ၁၁ ရက်တွင် နယ်သာလန်နိုင်ငံ The Hague မြို့ရှိ ICJ အဆောက်အအုံရှေ့တွင် မြွက်ကြားခဲ့သည်။

ဆရာတော်တွင်မက ချက်ဒ်နိုင်ငံစသည့် နိုင်ငံများသို့ ရောက်ရှိနေသည့် ဒီမိုကရေစီအရေးလိုလားသူ မြန်မာနိုင်ငံသားများသည် ဒေါ်အောင်ဆန်းစုကြည်နှင့် မြန်မာနိုင်ငံကို ဝန်းရံရန် ရောက်ရှိနေကြသလို ICJ ကိုထောက်ခံသည့် မြန်မာနိုင်ငံသားဆိုသူများကလည်း ရောက်ရှိနေကြသည့် မြင်ကွင်းစုံကို အင်တာနက်မှ ကြည့်ရှုခဲ့ကြသည်။

ဥရောပတိုက်၊ နယ်သာလန်နိုင်ငံ The Hague မြို့ရှိ International Court ofJustice(ICJ) ၏ မြင်ကွင်းစုံကို ဒီဇင်ဘာလ၏ အေးချမ်းလှသည့် ဆောင်းရာသီ မြင်ကွင်းအပြင် ပြည်ပရောက် မြန်မာနိုင်ငံသားများ စုစည်းညီညွတ်ကြသည့် ကြက်သီးထဖွယ် မြင်ကွင်းအဖြစ် မိတ်ဆက်ကြည့်ရအောင်ပါ။

ခိုက်ခိုက်တုန်အောင် ချမ်းအေးလှသည့် ဆောင်းလရာသီ ဒီဇင်ဘာသည် မြန်မာနိုင်ငံတွင်သာမက နယ်သာလန်နိုင်ငံမြင်ကွင်းများတွင်ဆီးနှင်းများကျဆင်း ဖုံးလွှမ်းနေမှုက သက်သေထူနေပေသည်။ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်သည် မြန်မာနိုင်ငံအတွက်တော့ သမိုင်းဝင်နေ့ရက် ဖြစ်ပေတော့မည်။ အဘယ့်ကြောင့်ဆိုသော် OIC နိုင်ငံများ ကိုယ်စား အာဖရိကနိုင်ငံတစ်နိုင်ငံဖြစ်သည့် ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံတွင် တပ်မှ ဘင်္ဂါလီ(ရိုဟင်ဂျာ)များကို လူမျိုးသုဉ်း (Genocide) သတ်ဖြတ်နေပြီး အစိုးရက မကာကွယ်ဟု စွပ်စွဲချက်အား မြန်မာနိုင်ငံ၏ နိုင်ငံတော်အတိုင်ပင်ခံ ပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ရှေ့နေကြီးများက ပြန်လည်လျှောက်ထားတင်ပြကြသည့် နေ့တစ်နေ့ ဖြစ်သောကြောင့်ပင်။

ဤနေရာတွင် ဂမ်ဘီယာနိုင်ငံဆိုသည်မှာဘာလဲ ဘယ်မှာရှိတာလဲ ၊ ဘာကြောင့် မြန်မာကို တရားစွဲတာလဲ စသည့် အချက်အလက်များကို သုတဖုန်က ကောက်နုတ်ချက်များဖြင့် အရင်ဆုံး မိတ်ဆက်လိုပါသည်။

ဂမ်ဘီယာနိုင်ငံသည်အာဖရိကအနောက်ဘက်တွင်ရှိသည့် မြန်မာနိုင်ငံရှိကယားပြည်နယ်ထက် အကျယ်အဝန်းစတုရန်းမိုင် ၄၀၀ ခန့် ပိုငယ်သည့် နိုင်ငံတစ်ခု ဖြစ်ကာ လူဦးရေမှာ ၂ သန်းကျော်(၂၀၅၁၃၆၃)သာ ရှိပြီး မြို့တော်မှာ Banjul ဖြစ်ပေသည်။ ဂမ်ဘီယာနိုင်ငံ၏ အဓိကစီးပွားရေးမှာ စိုက်ပျိုးရေး၊ ငါးဖမ်းလုပ်ငန်းနှင့် ကမ်းခြေအပန်းဖြေ လုပ်ငန်းများဖြစ်ပြီး တစ်ဦးချင်း နှစ်စဉ်ဝင်ငွေ အမေရိကန်ဒေါ်လာ(၁၆၈၆) ဖြစ်သော်လည်း ဆင်းရဲသည့် နိုင်ငံစာရင်းတွင် ပါဝင်သည်။

ဂမ်ဘီယာလူဦးရေ၏ ၉၆%မှာ ဆွန်နီမူစလင်များ ဖြစ်ကြကာ ပညာရေးအားနည်းသည့် နိုင်ငံတစ်ခုဖြစ်သည်ဟု ဖော်ပြထားပြီး စစ်တပ်မှာအင်အား ၃၀၀၀ မပြည့်ဟု ဆိုသည်။ ၁၉၇၄ ခုနှစ်ကတည်းက အဖွဲ့ဝင် ၅၇ နိုင်ငံပါဝင်သည့် Organization of Islamic Cooperation အဖွဲ့ဝင် တစ်နိုင်ငံဖြစ်ခဲ့သည်။ သို့အတွက် OIC မှ အကူအညီ များစွာ ရရှိနေပြီး မြန်မာနိုင်ငံနှင့် အဆက်အစပ် မရှိခဲ့သည့် နိုင်ငံ တစ်နိုင်ငံအနေဖြင့် မည်သည့် အတွက် မြန်မာနိုင်ငံကို ICJ တွင် တရားစွဲဆိုရသည်ကို ခန့်မှန်းနိုင်ကြမည် ထင်ပါသည်။

မိမိအနေဖြင့်မူ ဂမ်ဘီယာဆိုသည်ကို Alex Haley ရေးသားပြီး မောင်ထွန်းသူ မြန်မာပြန်သည့် Roots ဆိုသည့် ၁၉၇၃ ခုနှစ်က အမေရိကန်တွင် စတင်ထုတ်ဝေခဲ့ပြီး အရောင်းရဆုံး နံပါတ်တစ် စာရင်းဝင် စာအုပ်ကို ၁၉၉၂ ခုနှစ်က ဖတ်ခဲ့ဖူးစဉ် မှတ်သားမိခဲ့ဖူးသည်။ ဇတ်ကောင် အာဖရိကန် တန်ဘိုရာ ကျွန်အဖြစ် ရောင်းစားခံခဲ့ရသည့် နိုင်ငံအဖြစ် မှတ်မှတ်ထင်ထင် ရှိခဲ့ခြင်းဖြစ်သည်။

ယခု ICJ မြင်ကွင်းကို ကြည့်မည်ဆိုပါက ဒုတိယကမ္ဘာစစ်အပြီး ၁၉၄၅ ခုနှစ်တွင် စတင်ဖွဲ့စည်း ထူထောင်ခဲ့ပြီး နယ်သာလန်နိုင်ငံ The Hegue မြို့တွင် တရားရုံးချုပ် တည်ရှိသည်။ World Court ကမ္ဘာ့တရားရုံးဟုလည်း ခေါ်ကြသည်။ လက်ရှိအချိန်အထိ ICJ ကိုင်ခဲ့သည့် အမှုပေါင်း ၁၇၇ မှုကို ကိုင်တွယ်ခဲ့ပြီး အမှုတစ်မှုလျှင် ပျှမ်းမျှ ၂ နှစ်မှ ၃ နှစ် ကြာမြင့်ခဲ့သည်။ အမှု ၁၇၇ မှုတွင် ၇ မှုမှာ မပြီးပြတ်သေးဘဲ ပြစ်ဒဏ်ချပြီးသည့် အမှုများ ရှိသလို ဆက်မစစ်ဘဲ ရပ်ပစ်ခဲ့သည့် အမှု ၂၀% ရှိခဲ့သည်။ မြန်မာနိုင်ငံအမှုမှာ ၁၇၈ မှုမြောက် ဖြစ်ပေသည်။

ယင်းအမှုကို မြန်မာနိုင်ငံဖက်မှ တက်ရောက်သည့် ကိုယ်စားလှယ် အဖွဲ့စာရင်းမှာ ဦးဆောင်သူအဖြစ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုနိုင်ငံခြားရေးဝန်ကြီး၊ အဖွဲ့ခေါင်းဆောင်(Agent)၊ ဦးကျော်တင့်ဆွေ နိုင်ငံတော်အတိုင်ပင်ခံရုံး ပြည်ထောင်စုဝန်ကြီး၊ တွဲဖက်အဖွဲ့ခေါင်းဆောင်(Alternate Agent)၊ ဦးကျော်တင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ပြည်ထောင်စုဝန်ကြီး၊ အကြီးတန်းအဖွဲ့ဝင်တို့ ဖြစ်ကြသည်။

ရှေ့နေနှင့် အကြံပေးအဖွဲ့တွင် Mr Christopher Staker အဖွဲ့ဝင်၊ အင်္ဂလန်နှင့်ဝေလနယ် ရှေ့နေအသင်း၊ Mr William Schabas ပါမောက္ခ၊ Middlesex တက္ကသိုလ်၊ လန်ဒန်၊ ဗြိတိန်၊ ပါမောက္ခ၊ နိုင်ငံတကာ ရာဇဝတ်မှုခင်းနှင့် လူ့အခွင့်အရေး ဆိုင်ရာဌာန၊ Leiden တက္ကသိုလ်၊ နယ်သာလန်။ Miss Phoebe Okowa ပါမောက္ခ၊ အများပြည်သူဆိုင်ရာ နိုင်ငံတကာဥပဒေ၊ Queen Mary တက္ကသိုလ်၊ လန်ဒန်ဝတ်လုံတော်ရ၊ ကင်ညာဗဟိုတရားရုံး၊ အဖွဲ့ဝင်၊ အနညာတ အငြင်းပွားမှုဆိုင်ရာ အမြဲတမ်းခုံရုံး၊ The Hegue နယ်သာလန် တို့ဖြစ်ကြသည်။

အကြံပေးအဖွဲ့တွင် Mr Andreas Zimmermann ပါမောက္ခ၊ နိုင်ငံတကာ ဥပဒေဌာန၊ Postdam တက္ကသိုလ်၊ နယူးယောက်၊ အမေရိကန် ပြည်ထောင်စု၊ ညွှန်ကြားရေးမှူး၊ Postdam လူ့အခွင့်အရေးစင်တာ၊ အဖွဲ့ဝင်၊ အနညာတအငြင်းပွားမှုဆိုင်ရာ အမြဲတမ်းခုံရုံး၊ The Hegue ၊ နယ်သာလန်။ Miss Catherine Dobson အဖွဲ့ဝင်၊ အင်္ဂလန်နှင့် ဝေလနယ် ရှေ့နေအသင်းတို့ ဖြစ်ကြသည်။

သံတမန်ရေးရာနှင့်အခြားကိုယ်စားလှယ်(၂၀)ဦးနှင့် လက်ထောက်များ၊ ရဲအရာခံဗိုလ်ချုပ်ရီထက်ပါ လုံခြုံရေးအရာရှိ (၅) ဦးတို့ ဝန်းရံလိုက်ပါသွားကြခြင်း ဖြစ်သည်။

ဒီဇင်ဘာ ၁၁ ရက်တွင် ဒေါ်အောင်ဆန်းစုကြည်မှ အဖွင့်အမှာစကား ပြောကြားပြီးနောက် ရှေ့နေကြီးများကလျှောက်လဲကြသည်တွင် အဓိကအချက်များမှာ ဒေါ်အောင်ဆန်းစုကြည်က `ကျွန်မနားလည်တဲ့ အမုန်းစကားဆိုတာ ဆဲဆိုနေတာတွေတင်မကဘဲ တိုင်းပြည်တစ်ခုရဲ့ လူ့အဖွဲ့အစည်း ပျက်ပြားအောင်၊ နိုင်ငံခြား တိုင်းပြည်တွေ၊ ခေါင်းဆောင်တွေက သွေးထိုးတာ၊ လူတွေအထင်မြင်မှားသွားအောင် ချဲ့ကားပြောဆိုတာတွေ၊ ပြီးခဲ့တဲ့အရာတွေကို ထင်ယောင်ထင်မှားနဲ့ဇာတ်နာအောင် ထပ်တလဲလဲ ပြောတာတွေဟာလည်း အမုန်းစကားနဲ့ အမုန်းတရားတွေပဲ ဆိုတာကို တရားသူကြီးတွေကို ကျွန်မပြောခဲ့ချင်ပါတယ်`ရခိုင်မှာ ဖြစ်နေတဲ့ ပြဿနာတွေ ပိုဆိုးသွားအောင် တရားရုံးက ဆုံးဖြတ်ချက် မမှားဖို့ လိုပါတယ်`အာဃာတနှင့် အမုန်းတရားတွေဟာ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ အကြီးဆုံး ပြဿနာ ဖြစ်ပါတယ်၊ သို့ပေမဲ့ ဒါတွေကို ကျော်လွှားပြီးတော့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကို ကျွန်မတို့အားလုံး တည်ဆောက်ဖို့ စိတ်ပိုင်းဖြတ်ထားကြပါတယ်`ဟု ပြောကြားခဲ့သည်။

ရှေ့နေကြီး Mr William Schabas က သေဆုံး မီးရှို့ခံရစသည်ဖြင့် လူ့အရေးအတွက် မတင်ပြဘဲ ဂျီနိုဆိုဒ်လို့ ရုံးတင်စွပ်စွဲတာ ကမ္ဘာမှာ ပထမဆုံးပဲဟု ပြောခဲ့သလို `လူသားမျိုးနွယ်အပေါ် ကျူးလွန်တဲ့ ရာဇဝတ်မှု တစ်ခုတော့ မြောက်ပါတယ်၊ ဒါပေမဲ့ လူမျိုးသုဉ်း သတ်ဖြတ်မှုရဲ့ ဖွင့်ဆိုချက်နဲ့တော့မ ကိုက်ညီပါဘူး" ဟု ပြောကြားခဲ့သလို မြန်မာ့တပ်မတော်ရဲ့ စိတ်စေတနာဟာ ဘင်္ဂါလီ(ရိုဟင်ဂျာ)တွေကို နိုင်ငံအတွင်းက ထွက်သွားစေချင်တဲ့သဘောသာဖြစ်ပါတယ်၊သူတို့တွေအကုန်လုံးကို သုတ်သင်ဖျက်ဆီးဖို့ မဟုတ်ပါဘူး၊ စစ်ဆင်ရေးတွေမှာ မြန်မာ့တပ်မတော်က အထက်ပါနည်းတွေကို သုံးလာခဲ့တာဟာ ၁၉၆၀ ကာလတွေ ကတည်းကဖြစ်ပေမယ့် ဘယ်သူကမှ သူတို့လူမျိုးတုံးသတ်ဖြတ်နေပါတယ်လို့ မစွပ်စွဲခဲ့ကြပါဘူး`ဟု လျှောက်လဲခဲ့သည်။ ၄င်းအပြင် ဂမ်ဘီယာသည် မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အခြေအနေတင်သွင်းသူ ယန်ဟီးလီ၏ အစီရင်ခံစာအပေါ် များစွာကိုးကားခဲ့သော်လည်း ယန်ဟီးလီသည် နိုင်ငံတကာဥပဒေပညာရှင် မဟုတ်ကြောင်းနှင့် ယင်း၏ ကုလသမဂ္ဂအပေါ် တင်သွင်းသည့် အစီရင်ခံမှုများနှင့် မီဒီယာများသို့ ဖြေကြားမှုများသည် ကွဲပြားမှု များစွာရှိကြောင်း တိကျခိုင်မာစွာ ထောက်ပြသွားပြီး ဂမ်ဘီယာ၏တင်သွင်းမှု မခိုင်မာ၍ ICJ က ပယ်ချသင့်ကြောင်း လျှောက်လဲသွားခဲ့သည်။

အမျိုးသမီးရှေ့နေကြီး Miss Phoebe Okowa ကမူ `လူမျိုးတုံးမှု အခြေအနေရှိတယ်ဆိုရင် နေရပ်စွန့်ခွာသွားသူတွေကို မြန်မာနိုင်ငံ ပြန်လာဖို့ ဖိတ်ခေါ်တာတွေ လုပ်မှာ မဟုတ်ပါဘူး၊`ဟု လျှောက်လဲခဲ့သလို `OIC ၅၇ နိုင်ငံတွင် ၁၃ နိုင်ငံက ဂျီနိုဆိုက်ဒ်စာချုပ်တွင် အဖွဲ့ဝင်နိုင်ငံ အနေနဲ့ လက်မှတ်မထိုးထားဘူး ဒီအတွက် လက်မှတ်မထိုးထားတဲ့ နိုင်ငံတွေပါတဲ့ OIC အဖွဲ့ကိုယ်စား ဂမ်ဘီယာအ နေနဲ့ တရားစွဲခြင်းဟာ အကျုံးမဝင်ပါဘူး`ဟု လျှောက်လဲချက်တွင် ပါရှိခဲ့သည်။

မြန်မာအစိုးရ ရှေ့နေ Mr Christopher Staker ၏ လျှောက်လဲချက်တွင် `မြန်မာနိုင်ငံဟာ လူမျိုးသုဉ်း သတ်ဖြတ်မှု ပဋိညာဉ် လက်မှတ်ထိုးထားတာကြောင့် တရားရုံးက အမိန့်ချလည်း ထူးလာမှာမဟုတ်ပါဘူး`ဟု ချေပ လျှောက်လဲခဲ့ရာ

စာမျက်နှာ (၁၉) သို့ ➤ ➤ ➤

# ကုန်စည်ဈေးနှုန်း

| | | | |
|---|---|---|---|
| **ဆန်ဈေး** | | | |
| ၁။ | ရွှေဘိုပေါ်ဆန်းမွှေး(သစ်) | တစ်ပြည် | ၂၈၀၀ |
| ၂။ | ဖျာပုံပေါ်ဆန်း(သစ်) | တစ်ပြည် | ၂၅၀၀ |
| ၃။ | ဒေသဆန်(ရှမ်း)(သစ်) | တစ်ပြည် | ၂၃၀၀ |
| ၄။ | ငချိပ် | တစ်ပြည် | ၃၀၀၀ |
| ၅။ | ကောက်ညှင်း | တစ်ပြည် | ၃၀၀၀ |
| **ဆီဈေး** | | | |
| ၁။ | ပဲဆီ(ရှယ်) | တစ်ပိဿာ | ၆၈၀၀-၇၅၀၀ |
| ၂။ | ပဲဆီ(ရိုးရိုး) | တစ်ပိဿာ | ၃၅၀၀ |
| ၃။ | အမေထွား | တစ်ပိဿာ | ၈၅၀၀ |
| ၄။ | နေကြာဆီ | တစ်ပိဿာ | ၃၅၀၀-၇၀၀၀ |
| **ဆား** | | တစ်ပိဿာ | ၅၀၀-၁၀၀၀ |
| **ငရုတ်သီး (အစိမ်း)** | | | |
| ၁။ | ငရုတ် (အရှည်) | တစ်ပိဿာ | ၁၅၀၀-၂၀၀၀ |
| ၂။ | ငရုတ်(အပု) | တစ်ပိဿာ | ၁၅၀၀-၂၀၀၀ |
| **ကြက်သွန်** | | | |
| ၁။ | ကြက်သွန်ဖြူ (မျိုးခြား) | တစ်ပိဿာ | ၁၇၀၀-၁၈၀၀ |
| ၂။ | ကြက်သွန်ဖြူ မှာထူး(၄) | တစ်ပိဿာ | ၂၈၀၀ |
| ၃။ | ကြက်သွန်ဖြူ မှာထူး(၃) | တစ်ပိဿာ | ၂၂၀၀ |
| ၄။ | ကြက်သွန်ဖြူ မှာထူး(၂) | တစ်ပိဿာ | ၁၉၅၀-၂၀၀၀ |
| ၅။ | ကြက်သွန်ဖြူ မှာထူး(၁) | တစ်ပိဿာ | ၁၈၀၀-၁၉၀၀ |
| ၆။ | ကြက်သွန်ဖြူ တရုတ် | တစ်ပိဿာ | ၃၅၀၀ |
| ၇။ | ကြက်သွန်နီ(ဥကြီး) | တစ်ပိဿာ | ၃၅၀၀ |
| ၈။ | ကြက်သွန်နီ(ဥသေး) | တစ်ပိဿာ | ၃၀၀၀ |
| **ပဲအမျိုးမျိုး** | | | |
| ၁။ | ပဲနီလေး | တစ်ပိဿာ | ၂၄၀၀-၃၀၀၀ |
| ၂။ | ကုလားပဲ | တစ်ပိဿာ | ၁၈၀၀-၂၂၀၀ |
| ၃။ | ပဲစင်းငုံ(နီသေး) | တစ်ပိဿာ | ၁၅၀၀ |
| ၄။ | ပဲစင်းငုံ (ဖြူကြီး) | တစ်ပိဿာ | ၁၅၀၀ |
| ၅။ | ပဲစင်းငုံ (နီကြီး) | တစ်ပိဿာ | ၁၅၀၀ |
| ၆။ | ပဲပုတ်စေ့ | တစ်ပိဿာ | ၁၁၀၀ |
| ၇။ | ပန်းနှမ်း | တစ်ပိဿာ | ၁၄၀၀ |
| ၈။ | နှမ်းဖြူ (လှော်ပြီး) | တစ်ပိဿာ | ၅၅၀၀ |
| ၉။ | ပြောင်း | တစ်ပိဿာ | ၃၇၀-၃၈၀ |
| **အာလူး (ဒေသ)** | | တစ်ပိဿာ | ၁၅၀၀ |
| ချင်း (ကြီး) | | တစ်ပိဿာ | ၄၀၀၀ |
| ချင်း (သေး) | | တစ်ပိဿာ | ၃၀၀၀ |
| **လက်ဖက်ခြောက်** | | တစ်ပိဿာ | ၈၀၀၀-၁၁၀၀၀ |
| **သားငါးဈေး** | | | |
| ၁။ | ကြက်သား(ဒေသ) | တစ်ပိဿာ | ၁၃၀၀၀ |
| ၂။ | ကြက်သား(စီပီ) | တစ်ပိဿာ | ၆၀၀၀ |
| ၃။ | ဝက်သား | တစ်ပိဿာ | ၈၀၀၀ |
| ၄။ | ဆိတ်သား | တစ်ပိဿာ | ၁၈၀၀၀-၂၀၀၀၀ |
| ၅။ | အမဲသား | တစ်ပိဿာ | ၁၆၀၀၀ |
| ၆။ | ငါး (ငါးကြင်း) | တစ်ပိဿာ | ၁၀၀၀၀-၁၂၀၀၀ |
| **ရွှေဈေး** | | | |
| ၁။ | အခေါက်ရွှေ | တစ်ကျပ်သား | ၁၁၈၃၀၀၀ |
| ၂။ | ဒင်္ဂါးရွှေ(၁၅ ပဲရည်) | တစ်ကျပ်သား | ၁၁၁၃၅၀၀ |
| ၃။ | ဒင်္ဂါးရွှေ(၁၄ ပဲရည်) | တစ်ကျပ်သား | ၁၀၅၂၀၀၀ |
| **စက်သုံးဆီ** | | | |
| ၁။ | ဓာတ်ဆီ (၉၂/၉၅) | တစ်လီတာ | ၉၆၀ / ၁၀၈၀ |
| ၂။ | ဒီဇယ် (ရိုးရိုး/ပရီမီယံ) | တစ်လီတာ | ၁၀၁၀ / ၁၀၃၅ |

အထက်ပါ ဈေးနှုန်းများကို ကမ္ဘာ့ဇတိုင်းသတင်းဂျာနယ်မှ တောင်ကြီးမြို့ပေါ်၌ ဒီဇင်ဘာလ ၁၅ ရက်တွင် ရယူစုဆောင်းထားခြင်း ဖြစ်ပါသည်။

အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲများ ရှိနိုင်ပါသည်။

# တစ်ပတ်တာကံကြမ္မာ

■ ဆရာယဥ်မင်းအောင်



**တနင်္ဂနွေ**

နေအိမ်အလုပ်များကြောင့် မအားမလပ်ဖြစ်နေမည်။ အလုပ်ပိနေတတ်ပြီး မအားမလပ်ဖြစ်နေမည်။ စီးပွားရေး အသင့်အသင့်ပြေလည်သော်လည်း ဝင်ငွေမလုံလောက်ပါ။ စီးပွားရေးကိစ္စခရီးသွားလာရမည်။ အလုပ်အကိုင်အသစ်များပေါ်ပေါက်လာမည်။ ပစ္စည်းအထူးအဆန်းများဝင်လာမည်။ စိတ်ပျော်ရွှင်ရမည်။ ကုန်သည်များမှာ စာရင်းများပြန်လည်စစ်ဆေးရမည်။ ရှင်းလင်းရမည်။ ဝန်ထမ်းများမှာ အလုပ်တပည့်များဝင်တတ်သည်။ ပွဲစားများမှာ ဘာမှအဆင်မပြေသေးပါ။ ငယ်သူများအချစ်ရေးကိစ္စတွင် ချစ်သူနဲ့ဆုံတွေ့လိမ့်မည်။ ပျော်ရွှင်ရမည်။ ကျန်းမာရေးကိစ္စများတွင် ကိုက်ခဲနာကျင်လိမ်မည်။ ကံကောင်းစေသောဂဏန်းမှာ (၂/ ၄/ ၅)ဖြစ်သည်။
ယတြာ။ ။ ဘုရားတွင် ယို ၉ မျိုးလှူပါ။



**တနင်္လာ**

ခရီးဝေးသွားလာရမည်။ ရတနာများ၊ စက်ပစ္စည်းများဝင်လာမည်။ မိတ်ဆွေကောင်းတွေ့ပါမည်။ မြုပ်နေသောငွေကြောင့် စိတ်ပူပန်မှုများမည်။ ကြီးသူများ၊ အာဏာရှိသူများမှ ကူညီလိမ့်မည်။ နေအိမ်ကိစ္စ၊ မြေယာကိစ္စဆောင်ရွက်ရင်း အကျိုးခံစားခွင့်ရပါမည်။ အဝတ်အစားသစ်တို့ဝင်လာမည်။ ကုန်သည်များမှာ ရောင်းအား ကောင်းလာလိမ့်မည်။ ဝန်ထမ်းများမှာသင်တန်းပေါ်ခြင်း၊ တာဝန်အထူးပေးခံရခြင်း ကြုံမည်။ ပွဲစားများ အသေးစားအရောင်းအဝယ်တည့်ပါလိမ့်မည်။ ပွဲခကောင်း ရမည်။ ငယ်သူများ အချစ်ရေးတွင် ချစ်သူ၏ ရက်စက်မှု ကြုံတွေ့မည်။ ကျန်းမာရေးကိစ္စများတွင် ဝမ်းကိုက်ခြင်း ကြုံမည်။ ကံကောင်းစေသောဂဏန်းမှာ (၀/ ၄/ ၇)ဖြစ်သည်။
ယတြာ။ ။ ဘုရားတွင် သပြေပန်းလှူပါ။



**အင်္ဂါ**

ကောင်းမွန်သောလက်ဆောင်များရလိမ့်မည်။ စီးပွားရေးတိုးချဲ့ရန်၊ ပြောင်းလဲလုပ်ကိုင်ရန် အောင်နိုင်မည်။ လှပသောပစ္စည်းဝင်မည်။ နေအိမ်နည်းနည်းပြုပြင်ရမည်။ အလုပ်ပိတတ်ပြီး ရှုတ်ထွေးနေလိမ့်မည်။ ဝင်ငွေအားပြန်ကောင်းလာပြီး စုဆောင်းမိလိမ့်မည်။ အလုပ်ကောင်းလာမည်။ အစုရှယ်ယာလုပ်ရန် ခေါ်သူပေါ်လာမည်။ ကုန်သည်များမှာ အရောင်းအဝယ်ကောင်းသဖြင့် ပြဿနာဖြေရှင်းရမည်။ ဝန်ထမ်းများမှာ လုပ်ငန်းအခက်အခဲတွေ့လိမ့်မည်။ မှားယွင်းရေးသွင်းမိလိမ့်မည်။ ပွဲစားများမှာ အပေါင်ကိစ္စပြောဆိုအောင်မြင်မည်။ ငယ်သူများ အချစ်ရေးတွင် မပြေလည်ခြင်း၊ အထင်လွဲခြင်းကြုံမည်။ ကျန်းမာရေးကိစ္စတွင်သွားနာမည်။ ကံကောင်းစေသော ဂဏန်းမှာ (၁/ ၄/ ၈)ဖြစ်သည်။ ယတြာ။ ။ စေတီတွင် ကောက်ညှင်းပေါင်းလှူပါ။



**ဗုဒ္ဓဟူး**

ခရီးဝေးသွားလာရမည်။ အိမ်တွင်းရေးသောကများ ပြေစပြုလာမည်။ ကွဲကွာနေသော သူငယ်ချင်းပြန်ဆုံမည်။ မိဘကြီးသူအတွက် ဆောင်ရွက်ပေးနိုင်မည်။ ထီပေါက်မည်။ မိတ်ဆွေကောင်း ပြန်လည်ဆုံတွေ့မည်။ မြုပ်နေသောငွေများ ပြန်ပေါ်လာမည်။ အဝတ်အထည်ကောင်းများဝင်လာမည်။ အစားမှားတတ်သည်။ ကုန်သည်များမှာ ဖောက်သည်ကြောင့် စိတ်ရှုပ်ရမည်။ ဝန်ထမ်းများ အပိုဝင်ငွေတိုးမည်။ ချီးမြှင့်ခံရမည်။ ပွဲစားများ အလုပ်အောင်မြင်လာတော့မည်။ ငယ်သူများမှာ ချစ်သူကြောင့် စိတ်ပျော်ရမည်။ အတူသွားလာခွင့်ရမည်။ ကျန်းမာရေးတွင် ဖျားလိမ့်မည်။ အအေးမိမည်။ သတိထားပါ။ ကံကောင်းစေသောဂဏန်းမှာ (၀/ ၆/ ၉)ဖြစ်သည်။
ယတြာ။ ။ ဘုရားတွင် မြေပဲယိုလှူပါ။



**ကြာသပတေး**

ငယ်သူများပညာရေးကိစ္စကြိုးပမ်းရမည်။ ခက်ခဲသောကိစ္စများကြုံနေပါက လွတ်မြောက်လိမ့်မည်။ လုပ်ငန်းသစ်တစ်ခု ထပ်စဉ်းစားရမည်။ ငွေကြေးအထူးဝင်လာမည့် ကံလည်းရှိသည်။ ထင်ရှားသောသူများနှင့် မိတ်ဆွေဖြစ်ရလိမ့်မည်။ ရှေးဟောင်းအမွေအနှစ်ရှိရာဒေသနေရာရောက်ခြင်း၊ ကမ်းခြေရောက်ခြင်းကြုံမည်။ ကုန်သည်များမှာ အဆောက်အဦးပြောင်းလဲခြင်း၊ ပြုပြင်ခြင်းလုပ်ရလိမ့်မည်။ ဝန်ထမ်းများမှာအောက်လူကြောင့် ဖြေရှင်းရလိမ့်မည်။ ပွဲစားများမှာ ဘာမှအလုပ်မဖြစ်ဘဲတန့်နေမည်။ ငယ်သူများ အချစ်ရေးတွင် ချစ်သူပေးသော ဝမ်းသာမှုရလိမ့်မည်။ အဆက်အသွယ်ရမည်။ ကျန်းမာရေးကိစ္စများတွင် ဝမ်းပျက်မည်။ အစားမှားမည်။ ကံကောင်းစေသောဂဏန်းမှာ (၄/ ၅/ ၇)ဖြစ်သည်။ ယတြာ။ ။ စေတီမှာနွားနို့လှူပါ။



**သောကြာ**

ခရီးကျန်သေးသည်။ ငွေများများဝင်လာကိန်းရှိသည်။ ကောင်းမွန်သော စီးပွားရေး အခွင့်အလမ်းနဲ့ အကြံအစည်ကောင်းပေါ်မည်။ ထီပေါက်လိမ့်မည်။ ပျော်ရွှင်ကျေနပ်စရာကြုံမည်။ ကူညီသူတွေ့မည်။ အဝတ်အထည်ကောင်းဝင်မည်။ ခရီးပျော်ရွှင်ရမည်။ ယာဉ်အသစ်လဲလှယ်ရမည်။ ကောင်းသောခရီးသွားလာရမည်။ ကုန်သည်များ ဆုံးရှုံးနစ်နာသောပစ္စည်းများ ပြန်လည်အရောင်းထွက်လိမ့်မည်။ ဝန်ထမ်းများမှာ အလုပ်တာဝန် ပြောင်းလဲရလိမ့်မည်။ ပွဲစားများရှေ့ငွေမှ ပွဲခရလိမ့်မည်။ ငယ်သူများအချစ်ရေးတွင် စန်းပွင့်သောကြောင့် ကမ်းလှမ်းနေသူများနေပြီး ဗျာများရလိမ်မည်။ ကျန်းမာရေးကိစ္စများတွင် ချောင်းဆိုမည်၊ ရင်ကြပ်မည်။ ကံကောင်းစေသောဂဏန်းမှာ (၁/ ၆/ ၇)ဖြစ်သည်။ ယတြာ။ ။ ဘုရားတွင် ပန်းအနီလှူပါ။



**စနေ**

ထီပေါက်မည်။ ရုတ်တရက်စုပုံထားသော ငွေရတတ်သည်။ အိမ်ကိုသူခိုးဖောက်လိမ့်မည်။ အများကအအုံသြခြင်းကြုံမည်။ လိုချင်သောပစ္စည်းများ အဝတ်အထည်များ ဝင်လာမည်။ ခက်ခဲသော အတားအဆီးများရှိသော်လည်း ကျော်လွှားနိုင်ပါမည်။ စီးပွားရေးလုပ်ငန်းများ အပြောင်းအလဲကြုံမည်။ ကြံစည်မှုအသစ်ပြုရမည်။ ကုန်သည်များမှာ အရောင်းအဝယ်ကောင်းမွန်နေပါမည်။ ရောင်းဖို့ပစ္စည်းပြတ်မည်။ ဝန်ထမ်းများ အောက်လူအချို့ ဒုက္ခပေးလိမ့်မည်။ ပွဲစားများမှာ အပေါင်ကိစ္စမှ ငွေပွဲခရလိမ့်မည်။ ငယ်သူများ အချစ်ရေးတွင် ချစ်သူနဲ့လမ်းခွဲရလိမ့်မည်။ ယာယီခွဲရမည်။ ကျန်းမာရေးကိစ္စတွင် မျက်စိနာပါဝါတိုးမည်။ ကံကောင်းစေသောဂဏန်းမှာ (၄/ ၈/ ၂)ဖြစ်သည်။
ယတြာ။ ။ စေတီတွင် တံခွန် ၅ ခုလှူပါ။

VOLUME.5, ISSUE 49 THURSDAY, DECEMBER 19, 2019

ကမ္ဘာဇတိုင်း

## ➢ စာမျက်နှာ(၂၇) PNLO နှင့် တွေ့ဆုံခြင်းမှ အဆက်

တဲ့အခါမှာ NCA ကိုလက်မှတ်ရေးထိုးထားတဲ့အဖွဲ့ရော တော်လှန်ရေးမျက်နှာစာကပအိုဝ်းအမျိုးသားလွတ်မြောက်ရေး အဖွဲ့ချုပ်ရော နိုင်ငံရေးပါတီက လွှတ်တော်မျက်နှာစာတွေကနေ ကိုယ်စားပြုနေတဲ့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ရော အရပ်ဘက် အဖွဲ့အစည်းတွေ အားလုံး ပူးပေါင်းပြီး ကျင်းပခဲ့ကြတာ ဖြစ်ပါတယ်။ ပအိုဝ်းပြည်နယ်သစ် ပေါ်ထွန်းရေးဆိုတာကလည်း ပအိုဝ်းလူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးမှုကနေ ရရှိတဲ့ အဓိကသဘောထား စုစည်းချက်တစ်ခုပဲ ဖြစ်ပါတယ်။ ပအိုဝ်းပြည်နယ်သစ်ပေါ်ထွန်းရေးအတွက် ကျွန်တော်တို့ အားလုံး ပူးပေါင်းပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**ကမ္ဘာဇတိုင်း။** အစိုးရဘက်ကရော၊ တပ်မတော်ဘက်ကရော၊ တိုင်းရင်းသားလက်နက်ကိုင်တွေ ဘက်ကရော ငြိမ်းချမ်းရေးဆိုတဲ့ စကားကို တွင်တွင်ကျယ်ကျယ် သုံးနေတယ်ပေါ့ ဒီလိုပြောနေပေမယ့်လည်း ရခိုင်ဘက်မှာရော၊ ရှမ်းမြောက်ဘက်မှာရော တိုက်ပွဲတွေဖြစ်နေကြတယ်ပေါ့။ အရပ်သားတွေလည်း ရာဂဏန်းနီးပါးလောက် ထိခိုက်မှုတွေဖြစ်နေတယ်ပေါ့။ အဲ့ဒီတော့ လူထုက ငြိမ်းချမ်းရေးဆိုတဲ့ အသံကိုကြားရင် ကြောက်နေရတဲ့ အဆင့်ကို ရောက်နေတဲ့အတွက် ပြည်သူလူထုတွေအတွက်၊ အဓိက ဒေသခံတွေအတွက် ဖြေသိမ့်စကားလေးပြောပေးပါဦး။

**ခွန်မြင့်ထွန်း။** ငြိမ်းချမ်းရေးဆိုတာဘာလဲ၊ ခေတ်တွေပေါ်မှာ မူတည်ပြီးတော့ အဓိပ္ပာယ်ဖွင့်ဆိုတာ မတူပါဘူး။ ဟိုတုန်းက ငြိမ်းချမ်းရေးဆိုတာ လက်နက်ကိုင်အဖွဲ့အစည်းတွေက စီးပွားရေးတွေ လုပ်ကြတယ် ဒီလိုမျိုးတွေကိုငြိမ်းချမ်းရေးယူတယ်လို့ ပြောကြတာကို၊ ကျွန်တော့်အမြင်မှာက ဒီနေ့ ငြိမ်းချမ်းရေးဆိုတာဘာလဲ၊ ငြိမ်းချမ်းရေးဆိုတာကို ဘယ်သူက လုပ်ရမှာလဲ၊ မငြိမ်းချမ်းလို့မဖြစ်ဘူး၊ ကျွန်တော်တို့ တိုင်းပြည်မှာက ငြိမ်းချမ်းရေးကို မယူနိုင်ရင် ဘယ်သူမှအောင်ပွဲမရှိဘူး။ ဒါကြောင့်မို့လို့ တပ်မတော်ကလည်း ငြိမ်းချမ်းရေး မယူနိုင်ဘူး၊ NLD အစိုးရမှာလည်း အောင်ပွဲ မဖြစ်နိုင်ဘူး၊ တပ်မတော်ကလည်း အောင်ပွဲ မဖြစ်နိုင်ဘူး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကလည်း အောင်ပွဲ မဖြစ်နိုင်ဘူးဆိုရင် ဒီနေ့ငြိမ်းချမ်းရေးကိစ္စဟာ ပြည်သူလူထုရဲ့ကိစ္စဖြစ်လို့ ခေါင်းဆောင်တွေရဲ့ လက်ထဲမှာပဲ ငြိမ်းချမ်းရေးကို ထားလို့မရဘူး၊ သေနတ်ကိုင်တွေရဲ့ လက်ထဲမှာလည်း ထားလို့မရဘူး၊ လူထုလက်ထဲမှာ ထားရမယ်။ လူထုကဒီငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပါဝင်ပေးဖို့လိုပါတယ်။ ကျွန်တော်တို့တိုင်းပြည်မှာ လူငယ်တွေရှိတယ်။ လူငယ်တွေဆိုတာ ကျွန်တော်တို့တိုင်းပြည်ရဲ့ သားသမီးတွေဖြစ်ပါတယ်။ လူငယ်တွေကိုယ်၌ကလည်း ဒီငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပါဝင်ဖို့၊ တိုင်းပြည်ရဲ့ သားသမီးတွေကို ပြောဆိုဆုံးမလက်ခံပေးဖို့၊ ရပ်တည်ပေးဖို့ လိုပါတယ်။ အထူးအားဖြင့် လူငယ်တွေနဲ့ အမျိုးသမီးတွေကို ပန်ကြားလိုပါတယ်။ လူငယ်တွေဆိုတာ တိုင်းပြည်ရဲ့ သားသမီးတွေဖြစ်ပါတယ်။ ထိုနည်းတူစွာပဲ အမျိုးသမီးတွေဆိုတာလည်း တိုင်းပြည်ရဲ့ အမေတွေ၊ အမတွေ၊ ဖြစ်ကြပါတယ်။ အမျိုးသမီးတွေရဲ့ ပါဝင်မှုနဲ့ ဆန္ဒတွေအရ ဆောင်ရွက်မှုသည်လည်း လုပ်ငန်းဖြစ်စဉ်ပေါ်မှာ အများကြီး အားပြုပါတယ်လို့ ပြောချင်ပါတယ်။

**ကမ္ဘာဇတိုင်း။** ပအိုဝ်းဒေသမှာ ရှိတဲ့ PNO ရော PNA ရောက ပါတီနိုင်ငံရေး အရရော၊ စစ်ရေး အရရော လွှမ်းမိုးထားတာ ရှိတယ်ပေါ့။ အဲ့ဒီအပေါ်မှာ တိုင်းရင်းသားလက်နက်ကိုင် တစ်ယောက်အနေနဲ့ Comment လေး ပေးပါဦး။

**ခွန်ဥက္ကာ ။** ကျွန်တော်ကိုယ်တိုင်က ၉၉ အောက်တိုဘာလ အထိက PNO မှာ တွဲဘက်အတွင်းရေးမှူး ဖြစ်ပါတယ်။ နံပါတ် ၄ ပေါ့။ ၁၉၉၁ ဧပြီလမှာ ဥက္ကဋ္ဌကြီး ဦးအောင်ခမ်းထီဦးဆောင်ပြီး ဗိုလ်ချုပ်ခင်ညွန့်တို့အဖွဲ့နဲ့ အပစ်ခတ်ရပ်ဆဲရေး သဘောတူလိုက်တဲ့နောက်မှာ ကျွန်တော်တို့ PNO အဖွဲ့အစည်းက ဗိုလ်ချုပ်ခင်ညွန့် စီစဉ်တဲ့အောက်မှာ နိုင်ငံရေးပါတီဖွဲ့ဖို့ ၂၀၁၀ အထွေထွေရွေးကောက်ပွဲဝင်ဖို့အတွက် နိုင်ငံရေးပါတီဖြစ်သွားတာ အဲ့ဒီအချိန်မှာ နိုင်ငံရေးပါတီများက တပ်ကိုလည်းပဲ ကွပ်ကဲခွင့် မရှိတော့သလို၊ အခြေခံ ဥပဒေအရ တပ်ကို တပ်မတော်နဲ့ အုပ်ချုပ်မှုအောက်ကနေ အသွင်ပြောင်းဌာနေပြည်သူ့စစ်ဆိုပြီး ဖြစ်လာတာပါ။ အဲ့ဒီလိုဖွဲ့လိုက်တဲ့အချိန်မှာ အထူးဒေသအမှတ်(၆) လို့ စစ်အစိုးရက သတ်မှတ်ပေးတယ်။ အမှတ်(၆) အထူးဒေသလို့ သတ်မှတ်တဲ့အချိန်မှာ အပစ်အခတ်ရပ်စဲရေး လုပ်ပြီးဝင်လာတဲ့အဖွဲ့အစည်းကို နေရာပေးတယ်။ ဆက်လက်ပြီးတော့ အုပ်ချုပ်ပေးထားတယ်။ သူတို့အရှိန်ပေါ့။ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ တရားဝင်ပေါ်ပေါက်လာပြီး ၂၀၁၀ ရွေးကောက်ပွဲလုပ်တဲ့အခါ အမှတ်(၆) ဒေသက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသဆိုပြီး မြို့နယ် ၃ မြို့နယ်သတ်မှတ်ပေးတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေက တရားဝင်သတ်မှတ်ပေးတာ ၃ မြို့နယ် သတ်မှတ်ပြီး ကိုယ်ပိုင်အုပ်ချုပ်ရေး ပြဌာန်းချက်တွေရှိတယ်။ အဲ့ဒီဒေသဥက္ကဋ္ဌသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှာ အဖွဲ့ဝင်ဖြစ်တယ်ဆိုတဲ့ လုပ်ပိုင်ခွင့်ပေးလိုက်တော့ စောစောက အထူးဒေသ ၆ နဲ့ PNO, PNA အဖွဲ့ရဲ့ အခန်းကဏ္ဍဖြစ်ပြီးတော့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနဲ့ နိုင်ငံရေးပါတီတွေ၊ အသွင်ပြောင်းဌာန ပြည်သူ့စစ်နဲ့ ပြန်ပေါ်လာတာပေါ့။ အဲ့ဒီတုန်းကအပစ်ခတ်ရပ်စဲရေးဟာ နိုင်ငံရေးဆွေးနွေးပွဲမပါ။ နိုင်ငံရေးဆွေးနွေးခွင့်မရ၊ နိုင်ငံရေးဆွေးနွေးပွဲမလုပ်ရလို့ အားမငယ်နဲ့ စီးပွားရေးကကြိုက်သလို လုပ်၊ နိုင်ငံရေးကိုပိတ်တဲ့အခါကြတော့ အဲ့ဒီတုန်းကအဖွဲ့အစည်းတွေက ချမ်းသာကြွယ်ဝတဲ့ လူတွေပေါ်လာတယ်။ ပုဂ္ဂိုလ်တစ်ဦးချင်းလည်း ချမ်းသာတယ်။ နိုင်ငံရေးအရ ကျရှုံးမှုပေါ့။ အပစ်အခတ်ရပ်စဲရေး မပေးရင် စီးပွားရေးနဲ့ပဲ သိမ်းသွင်းပြီးတော့ စီးပွားရေးနဲ့ပဲ နိုင်ငံရေး ဖြောင့်ဖြောင့် မလုပ်သွားနိုင်။ ဒါကြောင့် အပစ်အခတ်ရပ်စဲရေး စာချုပ်မှာကိုပဲ နိုင်ငံရေးဆွေးနွေးပိုင်ခွင့်၊ နိုင်ငံရေးဆွေးနွေးပွဲတွေ ဆက်လုပ်ဖို့ရမယ်ဆိုတဲ့ ကတိကဝတ်ကို ကျွန်တော်တို့ရအောင် တိုက်ရိုက်တောင်းဆိုပါတယ်။ ၉၁ ကတည်းက ဝင်လာတဲ့အဖွဲ့အစည်းက အတွေးအခေါ် နည်းနည်းရွေ့သွားတဲ့သဘောရှိတယ်။ အဲ့ဒါကြောင့်မလို့ ကျွန်တော်တို့က ပြန်လှန်သတ်မှတ်ပြီးတော့ ကိုယ့်ဒေသခံပဲခေါ်ခေါ်၊ ဌာနေအသွင်ပြောင်းခေါ်ခေါ် တပ်မတော်ရဲ့ အားကိုးအားထားလောက်တဲ့ အဖွဲ့အစည်းဖြစ်ရင် ကိုယ့်ပြည်သူလူထုကို အကာအကွယ်ပေးနိုင်မယ် အဲ့ဒါကိုပဲကျွန်တော်တို့က ပြုပြင်ပြောင်းလဲရမှာပေါ့။ ကျွန်တော်တို့လက်ရှိအဖွဲ့တွေက ဒီတိုင်းပဲ ကျင့်သုံးနေတယ်။

**ကမ္ဘာဇတိုင်း။** ပြီးခဲ့တဲ့ အပတ်က ပြည်ထောင်စုလွှတ်တော် အ စည်းအဝေးမှာ လွှတ်တော်နာယကကြီးက ဒီလွှတ်တော် သက်တမ်းမှာ အခြေခံဥပဒေ ပြင်ဆင်ရေးကို အပြီး ဆောင်ရွက်မယ်ဆိုပြီး ကြေညာသွားတာရှိတယ်။ အဲ့ဒါက ဖြစ်နိုင်ပါ့မလား။

**ခွန်ဥက္ကာ ။** လက်ရှိလွှတ်တော်ကို မဝေဖန်ချင်ဘူး။ လွှတ်တော်တွင်းကပြင်တယ်ဆိုပြီးလည်း မဝေဖန်ချင်ဘူး။ ဘာကြောင့်လဲ ကျွန်တော်ကလွှတ်တော်နဲ့ ဘာမှမဆိုင်ဘူး။ နောက် ၂၀၀၈ ကိုလည်းမထောက်ခံဘူး။ လိုက်နာပါ့မယ်လို့လည်း လက်မှတ်မထိုးထားဘူး။ ဘာမှမဆိုင်ဘူး။ ပြင်လို့ရရင်လည်းပြင်၊ ပြင်လို့မရလည်း ချန်၊ ၂၀၀၈ လွှတ်တော်ပြင်ပ နိုင်ငံရေးလမ်းကြောင်း ဆွေးနွေးပွဲ လုပ်နေတယ်။ လွှတ်တော်လည်းပါ၊ တပ်မတော်လည်းပါ၊ နိုင်ငံရေးပါတီလည်းပါ၊ အဲ့ဒီတော့ ဆွေးနွေးတာမကျေနပ်ရင်လည်း မဆွေးနွေးနဲ့ပေါ့။ ၂၀၀၈ အောက်ကနေ ဆွေးနွေးရမယ်ဆို ဘယ်သူမှမဆွေးနွေးဘူး။ အဲ့ဒီလို ၂၀၀၈ ကိုခြင်းပယ်ထားတယ်။ ၂၀၀၈ ပြင်တာမပြင်တာ လွှတ်တော်ရဲ့အလုပ်မို့ မဝေဖန်ချင်ဘူး။ ၂၀၀၈ ရဲ့ပေးအပ်ထားတဲ့ နိုင်ငံရေးအခွင့် အာဏာတွေ ရထားတဲ့တပ်မတော်ရဲ့ မူဝါဒဘယ်လောက်လျှော့ပေးရင်ပြင်မလဲ၊ သူတို့သက်တမ်းက တစ်နှစ်ပဲကျန်တယ်။ တစ်နှစ်နဲ့ နောက်ထပ်ဧပြီလ ၃ လ ကျန်တယ်။ တစ်နှစ်နဲ့ ၃ လမှာ အပြီးပြင်မယ်ဆိုရင်တော့ ဒါပူးပေါင်းဆောင်ရွက်မှု ကြည့်ရမယ်။ အခုလက်ရှိပူးပေါင်းဆောင်ရွက်မှုကြည့်ရင်တော့ ဖြစ်ကောင်းဖြစ်လာနိုင်တယ်။ သို့သော် ကျွန်တော်တို့ သုံးသပ်တာက ၂၀၀၈ ပြင်တယ်ဆိုတာ ဘာကိုပြင်လိုက်လဲပေါ့။ ဘယ်နေရာကိုပြင်လိုက်လဲ၊ အတိုင်းအတာဘယ်လောက်လဲ အဲ့တာကျွန်တော်တို့နဲ့ မဆိုင်ဘူး။

**ကမ္ဘာဇတိုင်း။** ဂမ်ဘီယာကနေ မြန်မာနိုင်ငံကို တရားစွဲထားတဲ့ နယ်သာလန် သည်ဟိတ်မှာ ICJ တရားရုံးမှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တရားရင်ဆိုင်ခဲ့ရတယ်။ အဲ့ဒီအပေါ်မှာရော နိုင်ငံသားတစ်ယောက်အနေနဲ့ရော၊ တိုင်းရင်းသားလက်နက်ကိုင် တစ်ယောက်အနေနဲ့ရော မှတ်ချက်စကားလေး ပြောပေးပါဦး။

**ခွန်ဥက္ကာ ။** တရားရုံးရဲ့နာမည်ကို သေချာကြည့် နိုင်ငံတကာ တရားမျှတမှုခုံရုံး International Cort of Justic ဆိုတာ တရားမျှတမှုကိုပြောတာ တရားခံလည်းမဟုတ်ဘူး၊ တရားလိုလည်းမဟုတ်ဘူး၊ သူတို့ရုံးလည်းမဟုတ်ဘူး၊ ဘာမှမဟုတ်ဘူး လူ့အခွင့်အရေးဖောက်တဲ့ရုံးလည်းမဟုတ်ဘူး။ တရားမျှတမှုကို ဖြေရှင်းပေးမယ့်ရုံးဆိုတော့ စွဲတဲ့လူက စာချုပ် ဖောက်တယ်။ တရား မမျှတဘူး အစိုးရက ဘက်လိုက်တယ်။ တပ်မတော်က ကြမ်းတယ် ရမ်းတယ်။ စွဲတဲ့သူကလည်း သူနိုင်အောင် သူကောင်းတာတွေ ပြောမယ်။ အစွဲခံရတဲ့ဘက်ကလည်း ကိုယ့်တိုင်းပြည်ရဲ့ ရပ်တည်ချက်နဲ့ အကောင်းဆုံး ပြောခြင်းအားဖြင့် ရုံးက ညှိနှိုင်းစေ့စပ်ဆွေးနွေးပြီး နှစ်ဘက်နစ်နာတဲ့သူလည်း မနစ်နာအောင်အဲ့ဒီလို လုပ်ပေးတာများတယ် ICJ ကအပြစ်ရှိတယ်ဆိုပြီး တရားခံလို စီရင်ချက်ချလို့မရဘူး။ ဂျင်နီဗာ Convention လို့ခေါ်တဲ့ လူ့အခွင့်အရေးကို ချိုးဖောက်ခံရတာကို စွပ်စွဲတာနဲ့ပတ်သက်လို့ စိတ်မကောင်းဘူး။ သို့သော်ရှိကောင်းရှိနိုင်တယ်။ တချို့နေရာတွေမှာဒါကြောင့် နောက်နောင်မှာ နိုင်ငံတကာ ဥပဒေများကဲ့သို့ ယခုထက်ပိုမို၍ လိုက်နာသွားမည်ဖြစ်ကြောင်း ကတိပြုပါသည်။ အကြိတ်အနယ်ပေါ့ ဟိုကလည်း အပြစ်ရှိတယ်လို့ ယူဆရင်၊ တိုင်းပြည်က အပြစ်ရှိတယ်။ ဒါကြောင့် ကုလသမဂ္ဂမှာ UN ဦးဆောင်ပြီးတော့ ဒီတိုင်းပြည်ကို စီးပွားရေးပိတ်ဆို့မှုဟာကြီး ပြန်လှန်လာမယ်။ အရင်တုန်းကလည်း ပိတ်ဆို့ဖူးတာပဲ ဦးသန်းရွှေတုန်းကလည်း ပိတ်တာပဲ၊ UN က ပိတ်တဲ့ အတွက် တရုတ်စီးပွားရေး ပြန်ဖြစ်သွားတယ်။ အခု လည်း ပိတ်တယ်။ ပိတ်တော့ စီးပွားရေး ပိတ်ဆို့တာတွေ ဖြစ် နိုင်တယ်။ သိက္ခာတော့ ကျနိုင်တာပေါ့။ မင်းတို့ တိုင်းပြည်က ဂျီနိုဆိုဒ် လုပ်တယ်ဆိုပြီး သူများ ပြောတာခံရမှာပေါ့။

**ကမ္ဘာဇတိုင်း။** လက်ရှိ စနစ်အရ အကုန်လုံး ပြောင်းလဲနေတယ်။ ပအိုဝ်းဒေသမှာ ဒီမိုကရေစီစနစ်မကြွယ်ဝမှုတွေ လူ့အခွင့်အရေးမကြွယ်ဝမှုတွေကြောင့် ဘိန်းစိုက်တောင်သူတွေက နည်းမ လာဘူး။ ဒီတိုင်းပဲရှိနေသေးတယ်။ ပြီးရင် ဒေသတွင်းမှာပဲ ကျေးရွာ တာဝန်ခံတွေ၊ သူကြီးတွေကပဲ စိုးမိုးခြယ်လှယ်နေတယ်။ ပြီးရင် အဆိုးရွားဆုံးက ရှမ်းပြည်နယ်မှာပဲဖြစ်ဖြစ် အကျဉ်းထောင်တော် တော်များများမှာ ကြည့်လိုက်ရင် အကျဉ်းသားတွေထဲမှာ ပအိုဝ်းတိုင်းရင်းသားတွေပဲ များနေကြတယ်ပေါ့။ အဲဒီလို စနစ်သာ ပြောင်းသွားတာ ခုနက ပြောသလို လောင်းကစားဝိုင်းတွေ ရွာတွေတိုင်းမှာ ဘုရားပွဲကအစ ဘုန်းကြီးပျံအဆုံး လောင်းကစားတွေ အများကြီးရှိနေတယ်။ အဲ့တာတွေအပေါ်မှာရော ဘယ်လိုမြင်လဲ။

**ခွန်ဥက္ကာ ။** ကျွန်တော်တို့ ကြေညာချက် နှစ်တိုင်း ထုတ်တယ်။ ပဒေသရာဇ်စနစ်ကြီး ချုပ်ငြိမ်းသွားသော်လည်း ဒီထက်ဆိုးသော စစ် အာဏာရှင် စနစ်ကြီး ရောက်လာတယ်။ အခုတော့ စစ်အာဏာရှင်စနစ်ကြီး မရှိတော့ဘူး ဒီမိုကရေစီစနစ်ကြီး ရောက်လာပြီ။ ကျွန်တော်တို့အကုန်လုံးလွတ်လားဆို မလွတ်သေးပါဘူး။ ရန်ဖြစ်တုန်းပဲရှိသေးတယ်။ ဒါပေမယ့် ညှိလို့ရတဲ့လိုင်းရောက်သွားတယ်။ တိုက်ခိုက်တဲ့လိုင်း မဟုတ်တော့ဘူး။ ကျွန်တော်တို့က ရေးခဲ့ဖူးတယ်။ ပဒေသရာဇ်မရှိတော့ဘူး စစ်အာဏာရှင်ဝင်လာတယ် ပိုဆိုးတာပေါ့။ အဲ့တာကို ထွင်းဖောက်ပြီးတော့ အရပ်သားကို ပြန်တင်တယ်။ အရပ်သားလည်း အာဏာရှင်ဖြစ်လို့ ရတယ်။ ဒါကြောင့် အာဏာရှင်စနစ်က ဖြစ်တတ်ပါတယ်။ ဒီမိုကရေစီ မရင့်ကျက်သေးတဲ့ တိုင်းပြည်မှာ ဖြစ်တာပေါ့။ ရင့်ကျက်သွားပြီဆိုရင်တော့ လူတိုင်းက ဒီမိုကရေစီ နားလည်ပြီဆိုရင်တော့ အရပ်သား အာဏာရှင်တွေကို မဲပေးပြီးတော့ ဖြုတ်လိုက်ကြတာပေါ့။

*ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO)အဖွဲ့သည် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ဖြစ်ပြီး ယင်းအဖွဲ့၏ ဥက္ကဋ္ဌမှာ ခွန်သူရိန် ဖြစ်သည်။*




■ ဒေါက်တာအောင်ကျော် (သွား/ဆရာဝန်)

နိဒါန်း

၁၂/၁၂/၂၀၁၉ ကြာသပတေးနေ့ထုတ် အတွဲ ၅၊ အမှတ် ၄၈ ကမ္ဘောဇတိုင်း သတင်းဂျာနယ်တွင် ဘာသာပြန်ကဏ္ဍအရေးကြီးလိုအပ် ခေါင်းစဉ်ဖြင့် ကျွန်တော်ရေးသားခဲ့ပါသည်။ ဆရာကြီး ဒဂုန်တာရာက အဘိဓာန်လက်ကိုင် သုံးကြဖို့လည်း လိုကြောင်း လမ်းညွှန်သည့် အချက်ကို ကျွန်တော်ထည့်ရေးလိုက်၏။ မျက်မှောက်ခေတ် ကျောင်းသားကျောင်းသူတို့သည် ဒစ်ရှင်နရီဆိုသော အဘိဓာန်ကို လက်ဆွဲမပြုကြတော့ပေ။ ကျွန်တော်မှတ်သားဖူးသော မြန်မာနိုင်ငံသမိုင်း၌ ထင်ရှားခဲ့သည့် ခေါင်းဆောင်တစ်ဦးသည် နေ့စဉ် အင်္ဂလိပ်စာလုံး ၅ လုံးစီ၊ အင်္ဂလိပ်မှ အင်္ဂလိပ်သို့ ပြန်သော အဘိဓာန်မှ ကျက်မှတ်မြဲဖြစ်သည်တဲ့။ တစ်နေ့ ၅ လုံး၊ တစ်လ အလုံး ၁၅၀ နှုန်းဖြင့် တစ်နှစ် ၁၈၀၀ စကားလုံး ကြွယ်ဝနေပြီ။ ကျောင်းသားဘဝ ငယ်စဉ်ကတည်းက ဆိုတော့ သောင်းချီသိန်းချီ ဗဟုသုတ တိုးပွားနေချေပြီ။ သို့သော် အသုံးချတတ်ဖို့တော့ လို၏။ အင်္ဂလိပ်မှ အင်္ဂလိပ်သို့၊ အင်္ဂလိပ်မှ မြန်မာသို့၊ မြန်မာမှ အင်္ဂလိပ်သို့ လိုအပ်လျှင် ပါဠိမှ မြန်မာသို့ စသော အဘိဓာန်များဖြင့် ညှိနှိုင်းယူရန် အရေးကြီး၏။ ဆရာကြီးတစ်ဦးသည် Peony ဟူသော အင်္ဂလိပ်စာလုံးကို တွင်းထွက်ကျောက်ကုန္တီလာကျောက် (တစ်နေ့အရောင်သုံးမျိုးပြောင်း) ဟု ယူဆကာ ဆေးဖော်နည်းတွင် ဘာသာပြန်ထည့်ရေးလိုက်၏။ လွဲပါလေရော။ အမှန်မှာ တစ်နေ့သုံးရောင်ပြောင်း သုံးပန်လှပန်း ဖြစ်ပါသည်။

ဘာသာပြန်

"ဆရာရဲ့ ပထမဆုံး စာပေမိုင်တိုင်ဟာ မေဝတ္ထုနော်။ အဲဒီဝတ္ထုကို ခုထိ ခေတ်မီနာမည်ကြီးနေတုန်းဖြစ်အောင် ဆရာက ဘယ်လိုရေးဖြစ်သွားတာလဲ။ မေးလိုရင်းက ဆရာရယ်။ အနုပညာမှော်နဲ့ ရှာန်ဝင်စားပြီး ဘယ်လိုဖန်တီးဖြစ်သွားတာလဲဗျာ"

"ခင်ဗျားဖတ်ဖူးသလား။ ကြိုသလား ကိုအောင်ကျော်"

"ဟိုက်စကူး ကျောင်းသားဘဝမှာ ဦးဆုံး ဖတ်ဖြစ်တာ ဆရာ။ စာအုပ်တွေကို ဝါးစားသလို သဲကြီးမဲကြီး ဖတ်ဖြစ်တုန်းက ဆိုပါတော့ဗျာ။ နောက်ပိုင်းနှစ်တွေ ခြားသွားပြီးတဲ့အခါကျတော့လည်း ထပ်ကာထပ်ကာ အခါခါ ဖတ်ဖြစ်ပြန်တယ်ဆရာ။ ခုချိန်ထိ ကျွန်တော့်ကို ဖမ်းစားနိုင်နေဆဲပဲဗျာ"

"ကိုအောင်ကျော်လိုပဲ။ စာဖတ်သူတွေက ကောင်းတယ်။ ခေတ်မီနေတုန်းလို့ ပြောနေကြတာပါပဲ။ အထွေအထူး ဖန်တီးယူရတယ်တော့ မဟုတ်လှပါဘူး။ ကဗျာကနေ စကားပြေဘက် ကူးစက ရေးဖြစ်တဲ့ ငယ်လက်ရာဗျ။ ကျွန်တော့်အတွေးအခေါ် မဟုတ်ဘူး။ အင်္ဂလိပ်ဝတ္ထု တစ်ပုဒ်ကို မှီးယူထားတာပါ။ အရေးအသား အဖွဲ့အနွဲ့ ဆန်းသစ်လိုက်တာကိုသာ ပြောစရာ ရှိတာပါ"

"ဆရာ စိတ်နှစ်ပြီး ရေးမှန်း သိသာတယ်။ ဘယ်တော့မှ မသေနိုင်ဘဲ အမြဲရှင်သန်နေမယ့် မေ့ပါဗျာ"

"အနုပညာမြောက်သွားရင် စာဝိညာဉ်က အမြဲရှင်သန်နေတတ်တာပဲဗျ"

"အနုပညာမြောက်သွားရင် စာဝိညာဉ်က အမြဲရှင်သန်နေတတ်တာပဲဗျ"

" အဲဒီလို ဖန်တီးနိုင်လိုက်လို့လည်း Classic ဂန္ထဝင်စာရင်း ထဲပါသွားတာပေါ့ ဆရာ"

"စောင့်ကြည့်ရပါဦးမယ်။ ဂန္ထဝင်ဆိုတာ နှစ်ပေါင်းရာနဲ့ ခဲနိုင်မှပါ ကိုအောင်ကျော်။ မေကို ခင်ဗျား ဘယ်လိုမြင်သလဲဗျ"

" လေနအေးသည် တနွဲ့နွဲ့နော့နေဆဲကို ဆိုတာနဲ့ ဝတ္ထုကို စဖွင့်ပြီး၊ အကောင်းကို ရှာ၏၊ အကောင်းကား မရှိတော့ ဆို တာနဲ့ အဆုံးသတ်တာ တိခနဲ သိပ်ပြီးသပ်ရပ်တယ်ဆရာ။ ဇာတ်ကောင်မေကိုတော့ ကောလိပ်ကျောင်းသူကြီး ဖြစ်ပါလျက်နဲ့၊ စိတ်လိုက်မာန်ပါ ဆိုပါတော့ဗျာ။ စိတ်အလို အတွေ့နောက် လိုက်လုပ်၊ ဆက်ဆက်မှားပြီးရင်ဒ မှားရရှာတာကနေ ဘဝပျက်ရတဲ့အထိ ဖြစ်သွားခဲ့ရပါတာ အလွန်နစ်နာလွန်းလှတယ်။ အရင်းရှင်စနစ်၊ ဘူဇွာတွေ ကြီးစိုးတဲ့ ရေပေါ်ဆီ အထက်တန်းလွှာ၊ ဗြိတိသျှ နယ်ချဲ့ ကိုလိုနီတစ်ခေတ်ကို လှစ်ပြတဲ့ အနေနဲ့ပတော့ ထိမိပီပြင်လှတယ်ဆရာ"

"လူ့လောကနဲ့ လူ့သဘာဝသရုပ်မှန်ကို မြင်တတ်ရေးတတ်ဖို့ကော ကိုအောင်ကျော် အတွေးတစ်စမရလိုက်ဖူးလားဗျ"

"ပထမဆုံး ဖတ်တုန်းကတော့ ဇာတ်လမ်းသိချင်တာပဲ အကဲလွန်နေတာပေါ့ ဆရာ။ အရေးအသား သူမတူတာတော့ သတိထားမိတယ်။ စာဖတ်ဝါရင့်လာတော့မှ သရုပ်ဖော်ထားပုံတွေရယ်၊ စာရေးဆရာက စာဖတ်သူကို ပေးချင်တာရယ်တွေ မြင်လာသိလာတာပါ ဆရာ။ ဩော် ဒါနဲ့ ဆရာရယ်။ မေကို ဘယ်ဝတ္ထုက မှီးယူလိုက်တာလဲဗျာ"

"မူရင်းဝတ္ထု နာမည်က Self တဲ့ဗျ"

"စာရေးဆရာက ......"

"နစ်ကိုးတဲ့ ကိုအောင်ကျော်။ နာမည်အပြည့်အစုံက ဘီဗာလာနစ်ကိုး Beverly Nichols ဗျ"

"ကျွန်တော်တစ်ပုဒ် ပြန်ကြည့်နေတာ မအောင်မြင်သေးဘူး။ ဘယ်လိုဆက်လုပ်ရမလဲ မသိဘူးဆရာ"

"သူများပစ္စည်းကို ကိုယ့်ပစ္စည်းဖြစ်အောင် လုပ်လိုက်နိုင်ရင် ရသွားရောဗျ"

"မလွယ်ဘူးထင်တယ် ဆရာ။ ကျွန်တော်ကလောဆေးရုံမှာ တာဝန်ကျနေတုန်း၊ ၁၉၇၆ ခုနှစ်လောက်မှာပေါ့ဗျာ။ ညပိုင်းအားနေတာနဲ့ Passion ကို စကိုင်ခဲ့တာ နှစ် ၂၀ တောင် ကျော်လာပြီ။ ဝတ္ထုတိုလေးပါ။ ဆရာ ကျွန်တော့်ကို မကဲ့ရဲ့နဲ့နော်"

"ခင်ဗျား စောစောက ဖတ်ပြသွားတာ ကောင်းလို့ ချောလို့ပဲ ကိုအောင်ကျော်"

"ဆရာ့ကို မှန်တာဖွင့်ပြောပြရင် သိပ်အံ့ဩသွားမယ်။ အဲဒီကျောက်စိမ်း အရှင်သခင်မကို နှစ် ၃၀ ကြိုးစားရတာဗျာ"

"ဆက်လုပ်ပါ။ ခင်ဗျား ဇွဲရှိတယ်။ အနုပညာရှိတယ်။ ဖြစ်မှာပါ။ ကျွန်တော့် ဒို့ခေတ်ကို ရောက်ရမည်မှာ မလွဲပါကိုလည်း ဆိတ်ဖလူးရန့် သင်းတဲ့နေရာမှာ စပြီး သန္ဓေတည်ခဲ့တာ။ ၁၉၆၇-၆၉ ကာလပေါ့။ ၁၉၇၄ ခုနှစ် ဇွန်လကစပြီး ရှုမဝမှာ အခန်းဆက်ရေးလာတာ ရှစ်လ ဆက်တိုက်။ ပြီးတော့ ရပ်သွားတယ်။ ဝတ္ထုက သုံးပိုင်းရှိမှာ။ ပထမပိုင်းတောင် မပြီးသေးဘူး။ ခုထိ ဆက်ရေးနေရတုန်းဗျ။ နည်းနည်းချင်းရေး၊ များများကြီးရပ်သွားနဲ့ပေါ့။ ဇွဲအရေးကြီးတယ် ကိုအောင်ကျော်။"

စကားကောင်းနေဆဲမှာ ဆရာမ သင်းမြစန္ဒီက မျက်နှာရိပ် မျက်နှာကဲရော၊ လက်ကပါ ပြန်ဖို့အချက်ပြနေပြီ။ အပြင်မှာ ကြမ်းပိုးတွေကို မြင်လိုက်ရလို့တဲ့။ သူက ကျွန်တော့်ကို အွန့်ရာယ် စက်ကွင်းမမိစေချင်ကြောင်း အမြဲပြောပြီ စောင့်ရှောက်ခဲ့၏။

ခက်ခဲမှု

မဟုတ်မတရားပြုထားမိသူတို့အဖို့ အစိုးရိမ်လွန်တတ်ကြစမြဲပါ။ လိပ်ပြာ မလုံခြင်းကို အခြေခံပါ၏။ ဆရာတာသည် နိုင်ငံရေးသမားမဟုတ်ပါ။ နိုင်ငံရေးကို မျက်ခြည်မပြတ်အောင်လေ့လာသုံးသပ်နေသူ၊ စာရေးဆရာ အနုပညာ သမားသက်သက်မျှသာ ဖြစ်၏။ ကိုယ့်မြန်မာနိုင်ငံနှင့် ကမ္ဘာတစ်လွှားရှိ တိုင်းပြည်ကြီးငယ်များမှာ လောလောလတ်လတ် ဘာတွေ ဖြစ်ပျက်နေကြသနည်းဟု အချိန်နှင့်တစ်ပြေးညီ သိဖို့ ကြိုးစားနေသူပါ။ တက္ကသိုလ်ကျောင်းသားဘဝတွင် အပေါင်းအဖော်များနှင့် အတူတူ ဖတ်ရှုလိုက်စားခဲ့သော နိုင်ငံရေးဝါဒ စာအုပ်များကြောင့် ကွန်မြူနစ်ယောင်ယောင်၊ ဆိုရှယ်လစ်လိုလို သူ့ကို အထင်မှားကြခြင်းသာ ဖြစ်ပါလိမ့်မည်။ စာရွက်ပေါ်၌ အလွန်ကောင်းဟန်ရှိသော ကွန်မြူနစ်ဝါဒကို သရုပ်ဖော်ကြသော လူသားပီသသူများကြောင့် ဟန်မကျနိုင်သော လက်တွေ့ဘဝများကို ယခုအခါ ကမ္ဘာတစ်ဝန်း အဖြစ်အပျက်များကြောင့်၊ အတော်များများက ကွန်မြူနစ်နောက်လိုက်မှ ပြုတ်ကျကုန်ကြလေသည်။ ဟိုစဉ်ဟိုတစ်ခေတ်ကတော့မူ၊ လူအများစုတို့က မရိပ်စားမိကြသေးသော်လည်း၊ ဆရာတာလို ကွက်ကျော်အတွေးသမားများ အဖို့ သိပ်ပြီး သဘောတွေ့ခဲ့ကြမည် မဟုတ်ပေ။

သူ့အား စောင့်ကြည့်ခံရခြင်းတွင် သူကိုယ်တိုင် ထလုပ်မှာကိုထက်၊ သူ့အကြံဉာဏ်ပေးမှုကို သူ့ထံအဝင်အထွက်ရှိနေသူများ တလွဲယူပြီး လိုက်လုပ်ကြလေမလား စိုးရိမ်လွန်ခြင်းဖြစ်တန်ရာသည်ဟု ကျွန်တော်တွေးခေါ်မိပါ၏။ ကျွန်တော်ဝင်ထွက်ဆက်ဆံခဲ့သည့် ကာလတစ်လျှောက်လုံး၌ ပြည်သူတွေ အေးငြိမ်းချမ်းသာစေဖို့နှင့် တိုင်းပြည်ကြီး ကမ္ဘာကြီး ငြိမ်းချမ်းရေးအပြည့်အဝ ရရှိစေဖို့သာ ဆရာတာ အာသီသရှိနေ၏။ ငြိမ်းချမ်းရေးလိုလားသော ပုဂ္ဂိုလ်တစ်ဦးအဖြစ်သာ ကျွန်တော်မြင်သည်။ အုပ်ချုပ်သူနှင့် ဆန့်ကျင်မည့် စကား ဆရာတာ မပြောပါ။ ဘယ်တော့မှ နှုတ်ကျံ့ခြင်း မရှိအောင် စောင့်ထိန်းနိုင်၍လည်း အဆွဲမခံရဘဲ ဒုက္ခအကြီးအကျယ် မရောက်ရခြင်းဖြစ်၏။ သို့သော် ဆရာ့အား ဆည်းကပ်လိုကြသည့် စာပေသမား တပည့်တပန်းများအဖို့ ဝင်ထွက်ဆက်ဆံနိုင်ရန် အလွန်ခက်ခဲမှုကြီးစွာဖြင့် ရင်ဆိုင်ကြရတတ်၏။ စိတ်အနှောင့်အယှက် ကြုံကြရ၏။ ရတနာသုံးပါး ဂုဏ်ကျေးဇူးတော်တို့ကြောင့် ဆိုးဆိုးဝါးဝါးကြီးတော့ ကျွန်တော် မဖြစ်ခဲ့ရပါ။ အပြောအရေး အလုပ်တို့ကိုများစွာ ဆင်ခြင်ခဲ့၍လည်း ဖြစ်ပါလိမ့်မည်။

ညောင်သီးကိုလည်း စား၊ လေးညို့သံကိုလည်း နားထောင်ဆိုသော ဩဝါဒစကားအတိုင်း သတိအနေအထားဖြင့် ချဉ်းကပ်ကာ ဝင်ထွက်ခဲ့တိုင်း၊ ဆရာတာနှင့် ကြုံဆုံပြောဆို နီးနော့ခွင့်

စာမျက်နှာ (၂၅) သို့ ➤ ➤ ➤

VOLUME.5, ISSUE 49 THURSDAY, DECEMBER 19, 2019
ကမ္ဘာ့ဇတိုင်း



# အမေရိကန် အမျိုးသားလုံခြုံရေး ပြဿနာ

■ စိုင်းကွမ်းမိုင်း

အမေရိကန်၏အိမ်နီးချင်း မက္ကဆီကိုနိုင်ငံတွင် မူးယစ်ဆေးဝါးဂိုဏ်းများသည် တစ်နေ့ထက် တစ်နေ့ အင်အားပိုမိုကြီးထွားလာပြီး ယင်းတို့ကြောင့် နေ့စဉ်လိုလိုပင် လူသားအများအပြားတို့ သေဆုံးလျက်ရှိနေကြသည်။ မကြာသေးမီကာလကပင် အမေရိကန်နယ်စပ်မှ မိုင် ၁၀၀ ပင်မကွာသည့် မက္ကဆီကိုမြို့တစ်မြို့တွင် အမေရိကန် မက္ကဆီကို ၂ နိုင်ငံသားခံယူထားသည့် မော်မွန် ခရစ်ယာန်ဘာသာဝင် ၉ ဦးတို့သည် မူးယစ်ဂိုဏ်းတစ်ခု၏ တိုက်ခိုက်သတ်ဖြတ်ခြင်း ခံခဲ့ရသည်။

## အမေရိကန် အမျိုးသားလုံခြုံရေး

အမေရိကန် အစိုးရနှင့် သတင်းမီဒီယာများသည် ဆီးရီးယားပြည်တွင်းစစ်နှင့် အရှေ့အလယ်ပိုင်း ဒေသမှ စစ်သွေးကြွများ၏ အကြောင်းအရင်းကိုသာ အလေးထားပြီး မက္ကဆီကိုမူးယစ်ဆေးဝါးဂိုဏ်းများကို အလေးဂရုမပြုသည်ကို တွေ့ရှိနေရပါသည်။ မက္ကဆီကိုမူးယစ်ဆေးဝါးဂိုဏ်းများသည် ပိုမို၍အင်အားကောင်းမွန်လာကာ ဆိုးသွမ်းရက်စက်မှုကလည်း ကြောက်ခမန်းလိလိ ဖြစ်လာသဖြင့် ယင်းတို့အား အလေးထားပြီး နှိမ်နင်းမှု မပြုပါက အမေရိကန်အမျိုးသား လုံခြုံရေးကိုပင် ခြိမ်းခြောက်လာနိုင်ပေသည်။

အဆုံးစွန် ဆိုရလျှင် မက္ကဆီကိုမူးယစ်ဆေး ဂိုဏ်းတစ်ခုကြောင့် လွန်ခဲ့သော ၂၀၁၁ ခုနှစ် သမ္မတအိုဘားမား လက်ထက်၌ ပြင်းထန်သော အကြမ်းဖက်တိုက်ခိုက်မှုကြောင့် အမေရိကန်နှင့် အီရန်တို့ စစ်ဖြစ်ရလုနီးပါး အနေအထားသို့ ရောက်ရှိခဲ့သည်။ ၂၀၁၁ ခုနှစ် အောက်တိုဘာလ ၁၁ ရက်နေ့တွင် အမေရိကန်အစိုးရရှေ့နေချုပ် ဟိုးလ်ဒါးနှင့် FBI ညွှန်ကြားရေးမှူးရောက်မူလာတို့သည် အမေရိကန်နိုင်ငံဆိုင်ရာ ဆော်ဒီသံအမတ်ကြီး အယ်လ်ဂျူဘေယာအား လုပ်ကြံမည့် အစီအစဉ်ကို ဖြိုခွင်းလိုက်ရသည်ဟု ကြေညာခဲ့သည်။ ထိုလုပ်ကြံမှုတွင် သံသယရှိသူတစ်ဦးဖြစ်သော အမေရိကန်နိုင်ငံသား ဘာအတ်ဇီယာကို ဖမ်းမိသည် ထို့နောက် သံသယရှိသော အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့မှ ကူညီသည့်တွက် ဘေးလွတ်မြောက်သွားခဲ့သည်။

## ငွေပေးငှားရမ်းခြင်း

သံအမတ်ကြီးအား လုပ်ကြံပြီး ၉/၁၁ ဖြစ်ရပ်နောက်ပိုင်းတွင် လွန်စွာဆိုးရွားသော အကြမ်းဖက်မှုပြုလုပ်ရန် ၂၀၁၁ ခုနှစ် မတ်လကတည်းကပင် ကြံစည်လုပ်ဆောင်ခဲ့ကြသည် ဟူ၍ တရားရေးဌာနမှဆိုသည်။ ဘာအတ်ဇီယာသည် မက္ကဆီကိုသို့သွားရောက်ကာ မူးယစ်ဆေးဝါးဂိုဏ်းတစ်ဦးကို ငှားရမ်းခဲ့သည်။ သို့သော် ထိုမူးယစ်ဂိုဏ်းသားသည် အမေရိကန်မူးယစ်ဆေး တိုက်ဖျက်ရေး အေဂျင်စီ၏ သတင်းပေးသူလျှိုဖြစ်သည့်အတွက် အစီအစဉ်များပျက်ပြားခဲ့ရသည်။

ဘာအတ်ဇီယာသည် ဆော်ဒီသံအမတ်ကြီးအား သတ်ဖြတ်ရန်သို့မဟုတ် အမေရိကန် ဆော်ဒီသံရုံးကို ဗုံးခွဲတိုက်ဖျက်ရန် အမေရိကန်အစိုးရက သူလျှိုမူးယစ်ဆေးဝါးဂိုဏ်းသားနှင့် ဆွေးနွေးတိုင်ပင်ခဲ့သည်။ ဘာအတ်ဇီယာသည် မည်သည့်ဖောက်ခွဲရေးပစ္စည်းများကို အသုံးပြုနိုင်သနည်းဟု မေးမြန်းရာ သတင်းပေးသူလျှိုက C-4 ပလတ်စတစ်ဗုံးများ ရနိုင်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။

## ဒေါ်လာတစ်သန်းခွဲ

ဘာအတ်ဇီယာသည် ထိုနှစ်ထဲတွင် မက္ကဆီကို၌ မူးယစ်ဆေးဝါးဂိုဏ်းသား အမေရိကန်သူလျှိုနှင့် အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေးခဲ့သည်။ လုပ်ကြံတိုက်ခိုက်သည့် အစီအစဉ်ကို အီရန်တော်လှန်ရေး အစောင့်တပ်ဖွဲ့မှ ကြိုးကိုင်ခြင်းဖြစ်သည် ဟုလည်း ဖွင့်ဟပြောဆိုခဲ့သည်။ ထိုအခါ အမေရိကန်သူလျှိုက ဒေါ်လာ တစ်သန်းခွဲရရှိမည်ဆိုပါက လုပ်ကြံတိုက်ခိုက်မှုများကို ကျူးလွန်ပေးရန် မိမိတို့မူးယစ်ဆေးဝါးဂိုဏ်းက စိတ်ဝင်စားကြောင်း ပြန်လည်ပြောဆိုခဲ့သည်။

သတင်းပေးသူလျှိုက မြို့တော်ဝါရှင်တန်ဒီစီတွင် မိမိတို့မူးယစ်ဆေးဝါးဂိုဏ်းသား တစ်ဦးရှိသည့်အတွက် ဆော်ဒီသံအမတ်ကြီး၏ သွားလာလှုပ်ရှားမှု ဟူသမျှအား စောင့်ကြည့်ပေးနိုင်ကြောင်း၊ ၎င်းသည် အီတလီစားသောက်ဆိုင် တစ်ခုတွင် ထိုင်လေ့ရှိကြောင်း ထိုနေရာသည် လုပ်ကြံသတ်ဖြတ်မှုအတွက် အသင့်လျော်ဆုံးသော နေရာဖြစ်သည်ဟု ဘာအတ်ဇီယာသို့ ပြောဆိုခဲ့သည်။

## အသံသွင်းထားခြင်း

ဘာအတ်ဇီယာက လုပ်ကြံသတ်ဖြတ်မှုတွင် အခြားသော အရပ်သားများအား သေဆုံးမှုမရှိစေရေးအတွက် အထူးဂရုစိုက်ရန်ပြောဆိုခဲ့သည်။ သို့သော်နောက်ပိုင်းတွင် လူသားမည်မျှပင် သေပါစေ၊ သံအမတ်ကြီးအား မဖြစ်မနေသုတ်သင်ရန် အထူးအရေးကြီးသည်ဟု ဆက်လက်ပြောကြားခဲ့သည်။ သူတို့ (အီရန်) အစိုးရက သံအမတ်ကြီးကို အမြန်ဆုံးသေစေချင်တယ်၊ အရပ်သားရာနဲ့ချီပြီး သေချင်သေပါစေ သူ့ကိုရှင်းပစ်လိုက်တော့ဟူ၍ ဘာအတ်ဇီယာကပြောဆိုညွှန်ကြားမှုကို သတင်းပေး အမေရိကန်သူလျှိုက အသံသွင်းဖမ်းယူနိုင်ခဲ့သည်။

မက္ကဆီကို မူးယစ်ဆေးဝါးဂိုဏ်းအနေဖြင့် ဖြစ်နိုင်ပါက သံအမတ်ကြီးအား စားသောက်ဆိုင်အပြင်ဘက်တွင် တစ်ဦးတည်း လုပ်ကြံနိုင်ရန် ကြိုးစားရမည်ဖြစ်သော်လည်း လိုအပ်ပါက သံအမတ်ကြီးမှ ညစာစားသုံးနေစဉ်၌ စားသောက်ဆိုင်တစ်ခုလုံးအား ဗုံးခွဲပစ်နိုင်သည်ဟုလည်း ဘာအတ်ဇီယာမှ ဆက်လက်ပြောဆိုခဲ့သည်။ ထိုအခါ အမေရိကန်သတင်းပေး သူလျှိုက စားသောက်ဆိုင်ထဲတွင် လူအယောက် ၁၀၀ မှ ၁၅၀ အထိ ရှိနိုင်ကြောင်း ထိုအထဲတွင် အထက်လွှတ်တော်အမတ်များလည်း ပါဝင်နိုင်သေးကြောင်း သတိပေးခဲ့သော်လည်း ဘာအတ်ဇီယာက အဲ့ဒါတွေဂရုစိုက်စရာမလိုကြောင်း ပြန်လည်ပြောဆိုခဲ့သည်။

## ပြည်ဝင်ခွင့်မပေးခဲ့

၂၀၁၁ ခုနှစ် ဩဂုတ်လထဲတွင် ဘာအတ်ဇီယာသည် မူးယစ်ဆေးဝါးဂိုဏ်းအား စရံငွေအဖြစ် ဒေါ်လာ တစ်သိန်းတိတိ ငွေလွှဲပေးခဲ့သည်။ လုပ်ကြံသတ်ဖြတ်မည့် အချိန်ကိုလည်း အောက်တိုဘာလဟူ၍ သဘောတူခဲ့ကြသည်။ စက်တင်ဘာလ ၂၈ ရက်တွင် ဘာအတ်ဇီယာသည် မက္ကဆီကိုသို့သွားကာ ခိုင်းစေခဒေါ်လာ တစ်သိန်းခွဲအတွက် အာမခံအတွက် မူးယစ်ဆေးဝါးဂိုဏ်းထဲတွင် အထိန်းသိမ်းခံရန် စီစဉ်ခဲ့သည်။

သို့သော် မက္ကဆီကိုသို့ လေယာဉ်ဆိုက်ရောက်သောအခါတွင် မက္ကဆီကိုအာဏာပိုင်များမှ ဘာအတ်ဇီယာအား ပြည်ဝင်ခွင့် ပေးခြင်းမပြုခဲ့ပါ။ ၎င်းသည် နယူးယောက်သို့ လေယာဉ်ဖြင့် ပြန်ရောက်လာသောအခါ၌ အမေရိကန်အာဏာပိုင်များက ဖမ်းဆီးခဲ့သည်။

အီရန်တော်လှန်ရေး အစောင့်တပ်ဖွဲ့မှ ရှာကူရီ

ဘာအတ်ဇီယာသည် မိမိဆက်သွယ်ချဉ်းကပ်ခဲ့သည့် မက္ကဆီကိုမူးယစ်ဆေးဂိုဏ်းသားသည် အမေရိကန်အစိုးရ သူလျှိုဖြစ်နေသောကြောင့် ဘာအတ်ဇီယာသည် ချက်ချင်းဆိုသလိုပင် ဖြောင့်ချက်ပေး ဝေဖန်ခံခဲ့သည်။ ထို့ပြင်မိမိအား စေခိုင်းသူ အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့မှ ရှာကူရီအား အမှုဖွင့်ဖမ်းဆီးနိုင်ရန်လည်း FBI နှင့်ပူးပေါင်းဆောင်ရွက်ခဲ့သည်။ ရှာကူရီသည် အမေရိကန်အစိုးရက မကြေညာမီအထိ ဘာအတ်ဇီယာသည် အဖမ်းခံထားရကြောင်း သိရှိခြင်းမရှိခဲ့ချေ။ သို့သော်အမေရိကန်အာဏာပိုင်သည် ရှာကူရီအားယနေ့ထက်တိုင် ဖမ်းဆီးနိုင်ခဲ့ခြင်း မရှိသေးပါ။

သံအမတ်ကြီးအား လုပ်ကြံသတ်ဖြတ်ရန် ဘာအတ်ဇီယာမှ ချဉ်းကပ်ဆက်သွယ်ခဲ့သော မက္ကဆီကို မူးယစ်ဆေးဝါးဂိုဏ်း၏ အမည်ကိုကား အမေရိကန်အစိုးရမှ ထုတ်ဖော်ပြောဆိုခြင်းမရှိခဲ့ပေ။ သို့သော်ထိုမူးယစ်ဆေးဝါးဂိုဏ်းသည် အင်အားတောင့်တင်းပြီး အဆင့်အတန်းမြင့်မားကာ ရက်စက်ကြမ်းကြုတ်သည်။ မြောက်အမေရိကတိုက် တစ်တိုက်လုံးတွင် ထင်ရှားကြော်ကြားပြီး မက္ကဆီကိုနိုင်ငံနှင့် အမေရိကန်တို့၌ မှောင်ခိုလုပ်ငန်းများကို အဓိကဆောင်ရွက်နေသည်။ အဆိုပါ နံပါတ်တစ် မူးယစ်ဆေးဝါးဂိုဏ်းသည် စစ်တပ်သုံးလက်နက်နှင့် ဖောက်ခွဲရေးပစ္စည်းများကိုပင် အသုံးပြုနိုင်စွမ်းရှိပြီး လုပ်ကြံမှု၊ ဒသတ်ဖြတ်မှု၊ တိုက်ခိုက်မှုများ အများအပြားကို ကျူးလွန်ထားသည်ဟု အမေရိကန်အစိုးရ၏ သတင်းထုတ်ပြန်ချက်က ဆိုသည်။

## အမေရိကန်အား ခြိမ်းခြောက်လာခြင်း

အီရန်သည် ဆော်ဒီသံအမတ်ကြီးအား ဗုံးခွဲလုပ်ကြံမည့် အစီအစဉ် အောင်မြင်မှုပျက်ပြားခဲ့သော်လည်း ထိုကဲ့သို့သော မက္ကဆီကိုမူးယစ်ဆေးဝါးဂိုဏ်းများအား အသုံးချကာ အမေရိကန်ပြည်တွင်းတွင် ထပ်မံ၍ပြုလုပ်လာနိုင်ချေရှိနေသည် ထို့ကြောင့် မက္ကဆီကို မူးယစ်ဆေးဝါးဂိုဏ်းများသည် အယ်ကိုင်ဒါနှင့် IS အဖွဲ့ထက်ပင် အမေရိကန်အား ခြိမ်းခြောက်လာသည်။

၂၀၁၁ ခုနှစ်တွင် ဆော်ဒီသံအမတ်ကြီးအား ဗုံးခွဲလုပ်ကြံမည့်အစီအစဉ်အား ဟန့်တားနိုင်မှုမရှိခဲ့ပါက အီရန်၏လက်ချက်ဖြစ်ကြောင်း ပေါ်ပေါက်လာမည်ဆိုပါက အမေရိကန်နှင့် အီရန်သည် စစ်ပွဲခင်းရမည့် အခြေအနေသို့ပင် ရောက်ရှိနိုင်သည်။ ထို့ပြင် ထိုလုပ်ကြံမှုပေါ်ပေါက်ခဲ့ပါက သမ္မတအိုဘားမား၏ အီရန်နှင့် နယူကလီးယားအရေး ဆွေးနွေးမှုများလည်း ပျက်ပြားသွားမည်ဖြစ်သည်။ ၂၀၁၅ နျူကလီးယား သဘောတူညီချက်သာ မရခဲ့ပါက အမေရိကန်သည် အီရန်အား စစ်ရေးအရ အရေးယူနိုင်ချေများစွာ ဖြစ်တည်ခဲ့သည်။

စာမျက်နှာ (၁၉) သို့ ➢ ➢ ➢

## ➢ စာမျက်နှာ(၂၃) ဒစ်ရှင်နရီကို သုံးကြရာဝယ်မှ အဆက်

ရခြင်းသည် အလွန်မှ စိတ်ချမ်းမြေ့ရပါ၏။ ဆွေမျိုးရင်းချာ၊ သွေးသားရင်းတစ်ဦးလို ကျွန်တော့်ကို ဆရာက ဆက်ဆံမြဲဖြစ်၏။ အဖိုးတန် စာပေအကြံဉာဏ်များကို လက်ဆင့်ကမ်းပေးမြဲပါ။ အင်္ဂလိပ်မှ မြန်မာသို့ ပြန်ဆိုဖို့အရေး၌ နှစ်ဘာသာလုံး ကျွမ်းကျင်ဖို့ လိုကြောင်း၊ နားမလည်သော စကားလုံးအတွက်၊ အင်္ဂလိပ်မှ အင်္ဂလိပ်၊ အင်္ဂလိပ်မှ မြန်မာ၊ မြန်မာမှ အင်္ဂလိပ်အဘိဓာန်များ နှံ့စပ်အောင် ရှာကြည့်သင့်ကြောင်း၊ ပြီးမှ ဝါကျရှေ့နောက်တိုက်ကာ ကိုက်ညီမည့်အနက်ကို ယူရမည်ဖြစ်ကြောင်း အင်္ဂလိပ်ဝေါဟာရလည်း မြန်မာဝေါဟာရကဲ့သို့ပင် အနက်ပွားများစွာရှိနေပြီး သူ့နေရာနှင့် သူ သုံးနိုင်မှ စာရေးသူ ဆိုရင်းနှင့် နီးစပ်နိုင်မည်ဖြစ်ကြောင်း စသည်ဖြင့် အသေးစိတ်စိတ် ကျယ်လွင့်စွာ စိတ်လက်ရှည်ရှည် လေအေးအေးဖြင့် ရှင်းပြပေးတတ်ပါသည်။ တော်ရုံစေတနာ၊ တန်ရုံခင်မင်မှုမျှ လောက်ဆိုပါက လိုရင်းတိုရှင်းသာ ပြောတတ်၏။ သဘောကျသည့် အကြောင်းအရာဆိုပါလျှင် ပြုံးရွှင်ကြည်လင်နေတတ်ပြီး၊ စဉ်းစားဖွယ်ရာများပါလာသောအခါအဝေးသို့ငေးနေသလိုမျိုး တွေးတွေးဆဆ ပြောနေကျဖြစ်၏။ ကျွန်တော့်ကို ဒေါက်တာမို့ စိတ်ရှည်ခြင်း ခင်မင်ရင်းနှီးခြင်း မဟုတ်ပါ။ စာပေဝါသနာထုံသူမှန်သမျှကို တပြေးညီ ဆက်ဆံ၏။ လူငယ်များကို ဦးစားပေးပါသည်။

ဤသို့ဖြင့် ခရီးသွားဟန်လွဲ ကြုံကြိုက်ခိုက် ဝင်ထွက်တိုင်းချက် တစ်ဖြုတ်ဖြစ်စေ အေးဆေး၍ အချိန်ကြာစေသည်ဖြစ်စေ ဘာသာပြန်ကိစ္စနှင့် ပတ်သက်၍ စကားစပ်မိသလို၊ သတိရမိသလို ဟိုတစ်စ ဒီတစ်ချက် မေးထားမိသည်များမှာ ကျွန်တော့် အမှတ်သညာ၌ မှန်ကွဲစလေးများပမာ ပြန့်ကျဲနေလျက်ရှိ၏။ ကောက်သင်းကောက်သလို တစ်စချင်း ပြန်ကောက်ပြီး ဆက်စပ်ပုံဖော်ကြည့်ဖို့ ဤဆောင်းပါးကို ကြိုးစားရေးသားခြင်းဟု ဝန်ခံရပါမည်။ ရပ်ထားသည်က များလှပြီး ပြန်ရေးဖြစ်သော်လည်း တရစပ်တည်း အပြီးမလုပ်ခဲ့မိခြင်းကြောင့် နှစ် ၃၀ မျိုး ကြာမြင့်ခဲ့ရခြင်းပါ။ ကျွန်တော်မရဲဘဲ ကျွဲပြဲစီးမိခြင်းဖြစ်မည်။ ကျွန်တော် ညံ့ဖျင်းပါ၏။ ဘာသာပြန်ဆရာတွေ ပောတစ်ပုဒ် ပောတစ်အုပ် မျက်လှည့်ပြသလို မြန်ဆန်လွန်းစွာ ထွက်လာနိုင်ခြင်းကိုမူ ကျွန်တော် အံ့သြစွာ ချီးကျူးမိမြဲဖြစ်၏။ ကျွန်တော့်လိုသာဆိုလျှင် လည်ချောင်း မြက်ပေါက်ရချည့်ရဲ့ဟုလည်း တွေးမိပြီး ရှက်မိပါ၏။

ရမ္မက်သီး

"မွှေးရီထုံပျံ့၊ ရနံ့သင်းသင်း၊ အဆင်းဝင်းညို့၊ မချို့တချိုချိုပြုံးချဉ်ပြုံး၊ ရသာမှုန်းခြယ်၊ အံ့ဖွယ်နွယ်သီး၊ ပင်မှည့်သီးတဲ့၊ စားပြီးရင်းစား မရပ်နားနိုင် မခိုင်စိတ်ဝမ်း တမ်းတမ်းတတ၊ သောက်ကြသောခါ ကြာကြာအောင်းမေ့ မြေ့မြေ့စွဲလမ်း ဖမ်းစားနိုင်လွန်း ရမ္မက်ထွန်း"

"ကိုအောင်ကျော်၊ ခင်ဗျားကဗျာ ဖြစ်တယ်တဲ့။ များများစပ်စမ်းပါ။ ပြီးတော့ ဖတ်ပြပါ။ ကျွန်တော် ခံစားပါရစေဗျာ။ "

"ဆရာ လင်္ကာနဲ့ ကဗျာ ဘာကွာသလဲ။ ကျွန်တော်သိပ်မကွဲပြားဘူး ဖြစ်နေတယ်ဗျ။"

"လင်္ကာဆိုတာ ကာရံနဲ့ သီကုံးထားတဲ့ အဖွဲ့ပါ။ ကဗျာကတော့ ခံစားမှုကို လှပအောင် သင့်ရာပုံသဏ္ဌာန်နဲ့ ဖော်ပြထားတဲ့အဖွဲ့လို့ ကျွန်တော်နားလည်ထားတယ် ကိုအောင်ကျော်"

အချိန်တော်တော်ပေးနိုင်ခဲ့သော တွေ့ဆုံမှုတစ်ကြိမ်၌ ကျွန်တော်သည် ဘာသာပြန်နှင့် ပတ်သက်ပြီး ဆွေးနွေးမေးမြန်းဖို့ တေးမှတ်ထားသည့်အတိုင်း ထိုစဉ်တုန်းက ကျွန်တော့်အိမ်မြောက်ဘက် ခြံစည်းရိုးတစ်လျှောက်တွင် နွယ်တက်ဖြစ်ထွန်းလျက် ပွင့်သီးသော ပင်မှည့်သီးနှင့် ပန်းအချို့တို့ကို တစ်ခုတ်တရ သယ်ဆောင်သွား၏။ ခရီးမထွက်မီ ညဦးမှာ သီကုံးဖြစ်ပြီး ရမ္မက်သီးဟု အမည်တပ်ထားသော ကဗျာတစ်ပုဒ်ကိုလည်း ရင်ဘတ်ထဲ၌ မှတ်မှတ်ရရ ထည့်ယူလာခဲ့ပါ၏။ မျှော်လင့်ထားသည့်အတိုင်း ဆန္ဒပြည့်ဝပါသည်။ ဆရာတာကို အခန့်သင့်တွေ့ရပြီး ဆရာ့အိမ်ဝန်းကျင်၌လည်း ရှင်းလင်းကင်းပနေ၍ ပိုအဆင်ပြေသွား၏။ ဆရာ့တာ့လက်ကို ဆုပ်ကိုင်လိုက်သည်နှင့် "ကိုအောင်ကျော်"ဟု ချက်ချင်းပင် ဆရာက အာလုပ်ပြုနှုတ်ဆက်၏။

" ဆရာ့ကို ကျွန်တော်ကဗျာတစ်ပုဒ် ဖတ်ပြမလို့ဗျ။"

"အေးဗျာ။ ခင်ဗျားကဗျာ သိပ်မဖွဲ့လေ့ဘူး။ လုပ်စမ်းပါဦး ကိုအောင်ကျော်"

"ခေါင်းစဉ်ကို ရမ္မက်သီးလို့ ကျွန်တော်နာမည်တပ်ထားပါတယ်ဆရာ။"ဟု ပြောပြပြီး ကျွန်တော့်ကဗျာတို လေးလုံးစပ်လေးကို ဖတ်ပြလိုက်ပါသည်။ ပြီးမှ ကြွပ်ကြွပ်အိတ်၌ ထည့်ယူလာသော ပင်မှည့်အပွင့်နှင့် အသီးများကို လက်ဆောင်ပေးရန် အိတ်လေးကို ဖွင့်လိုက်၏။ ပင်မှည့်သီးရနံ့များ ထောင်းကနဲပျံ့လွင့်မွှေးမြသွားတော့သည်။

"Passion fruit အနံ့ဗျ။" ဟူ၍ ဆရာတာ့အသံ ချက်ချင်းပွင့်ထွက်လာ၏။ ကျွန်တော်က အပွင့်နှင့် သစ်သီးများအနက် ပန်းပွင့်ကို ဦးစွာ ဆရာ့တာ့လက်ထဲ ထည့်ပေးလိုက်သည်။ " ဘာပန်းတုံး ကိုအောင်ကျော်" ဟု မေးလာ၍ Passion fruit ပန်းပွင့်ဖြစ်ကြောင်း ပြောပြတော့ ပန်းပွင့်များကို အသာအယာ စမ်းကြည့်ပြီး "ပန်းရဲ့အလယ် ဝတ်ဆံဖိုတိုင် ဘေးပတ်လည်မှာ ဝတ်ဆံမတွေ ပိုင်းရံလို့ မဟုတ်လား။ အလွန်နူးညံ့တယ်။ ဘာအရောင်လဲ ကိုအောင်ကျော်" ဟု ပြုံးပြုံးလေး ပြောလာပါသည်။ ကျွန်တော်ကလည်း အဖြူရောင်ရော ခရမ်းရောင်ပါ နှစ်မျိုးလုံး ရှိတယ်ဆရာဟု အဖြေပေးလိုက်၏။ "ဟုတ်လား။ သူက အရောင်နှစ်မျိုးရှိသလားကိုအောင်ကျော်"ဟု ဆရာတာက စိတ်ဝင်စားစွာ မေးပါတော့၏။ " ဟုတ်တယ်ဆရာရေ့။ ဝတ်ဆံဖိုက အဖျားပိုင်းမှာနာ ရီ လက်တံတိုနှင့် လက်တံရှည်လို ဘယ်ညာတန်းပြီး နှစ်ခွရှိတယ်ဗျ။ ဒါ့ကြောင့် ကျွန်တော်တို့ငယ်ငယ် Passion fruit လို့ နာမည်မသိခင်က နာရီပန်း၊ နာရီသီးလို့ ခေါ်ခဲ့ကြတယ်။" ဟုဆိုပြီး ရှည်ရှည်လေး ရှင်းပြလိုက်၏။ ပြီးတော့မှ ဆရာ့တာ့ လက်ထဲသို့ အသီးနှစ်လုံး ထည့်ပေးလိုက်ပါသည်။

"ဟုတ်လား။ အသီးတွေကကော ဘာအရောင်တွေလဲ ကိုအောင်ကျော်" ဆရာတာ့လေသံကို ကျွန်တော်သတိပြုမိပါ၏။ ကိုအောင်ကျော်ဟု မြတ်နိုးစွာ ခေါ်တတ်မြဲဖြစ်၏။ နာမည်က စီးနေခြင်းများလား မသိပါ။ ကျောင်းသားခေါင်းဆောင် ကိုအောင်ကျော်ကို ဂုဏ်ပြုသောအားဖြင့် ဘွားအေကြီးက သူ့မြေးဦးကို ချစ်စနိုး (အိမ်အမည် မောင်ချို) ကျောင်းအမည် အောင်ကျော်ဟု အမည်မှည့်ပေးခဲ့၏။ ဆရာတာသည် ဗိုလ်ချုပ် (အောင်ဆန်း)ကိုလည်း ကိုအောင်ဆန်း၊ သခင်ဗဟိန်းကိုလည်းကိုဗဟိန်းဟု မြတ်နိုးစွာ အာလုပ်ပြုလျက် ကျောင်းသားဘဝက ချစ်ခင်မြတ်နိုးစွာ ခေါ်သည့်အတိုင်း စကားစပ်၍ ဗိုလ်ချုပ်နှင့် ဗိုလ်ဗဟိန်းအကြောင်း ပါလာလျှင် သူတို့ ယခုအခါ မရှိကြတော့သော်လည်း ကိုအောင်ဆန်း၊ ကိုဗဟိန်း ဟူ၍သာ ထည့်ပြောမြဲ၊ ခေါ်ပြောမြဲ ဖြစ်သည်ကို ကျွန်တော် သတိပြုမိပါသည်။ ရဲဘော်ရဲဘက် လုပ်ဖော်ကိုင်ဖက်တွေကို တမ်းတချစ်ကြည်ကြစမြဲ ခေါ်သံမျိုးဖြစ်သည်ကား သေချာလှ၏။ ဤကားကြားဖြတ်မှတ်ချက်။

"ပန်းဖြူက သီးတဲ့အခါ မှည့်ရင် ဝင်းဝါရောင်ပါဆရာ။ ခရမ်းရောင်ပန်းက သီးတော့ ခရမ်းညိုမောင်းရင့်ရောင်ပါ ဆရာ။ နှစ်မျိုးလုံး လှကြတယ်။ ဝါလုံးက ပိုင်းလုံးပြီး၊ ညိုသီးက ထိပ်ဖျားနည်းနည်း ရှူးယောင်ယောင် သွယ်ချွန်ချင်တယ်ဆရာ"

"ဟုတ်လား။ ဒါဆို ပောဒီညာဘက်လက်က ညိုသီးဗျ။ နည်းနည်းကြီးတယ်။ ဒီဘယ်ဘက်က ဝါသီး နည်းနည်းငယ်တယ်။"

"Right right မှန်လိုက်တာ ဆရာရယ်။ ဒါနဲ့ Passion ဆိုတဲ့ တရုတ်ဝတ္ထု အင်္ဂလိပ်ဘာသာ ပြန်ထားတာကို ကျွန်တော် မြန်မာပြန်ဖို့ ကြိုးစားနေတာ မလွယ်ပါဘူးဆရာရယ်။"

"ဟုတ်မှာပေါ့။ ဥရောပ ဘာသာစကားချင်း ဘာသာပြန်ရတာလွယ်တယ်။ လက်တင်စတဲ့ မိခင်ဘာသာစကားက ခွဲထွက်လာတာကိုး။ တချို့စကားလုံးတွေ လဲလှယ်လိုက်ရရုံနှင့်ပြီးသွားတာ။ အင်္ဂလိပ်နဲ့ မြန်မာက စကားနီးစပ်မှုမှ မရှိတာ ကိုအောင်ကျော်ရေ ခက်တာပေါ့"

"ပြန်ရခက်တာမှာ ဝေါဟာရနဲ့ ဝါကျတည်ဆောက်ပုံတွေထက် ပိုခက်တာက မူရင်း အနုပညာကို မီဖို့လို့ ကျွန်တော်ထင်ထားတာ မှားလား မှန်လားဆရာ။"

"ရသစာပေကို ပြန်ဆိုတဲ့အခါ ဘာသာပြန်သူက အနုပညာရှင်တစ်ယောက်ကို ခံစားမှုရသပါအောင်ဆိုတာ ခက်တာပေါ့ဗျာ။ မူရင်းစာရေးဆရာ နီးနီးလောက်ကို ဘာသာပြန်သူမှာ အနုပညာရှိမှ ဖြစ်နိုင်ကောင်းတာကို ပြန်ဆိုသူက လက်စွမ်းပြနိုင်မယ်ဆိုရင် ပိုတောက်ပြောင်သွားနိုင်တဲ့အတွက် မူရင်းထက်တောင် ပိုကောင်းသွားတတ်သေးတယ် ကိုအောင်ကျော်။"

ဆရာတာသည် စိတ်လိုလက်ရ စကားတံရှည်ရှည်ကြီး ဆက်ပြောပြနေ၍ ကျွန်တော်ဝမ်းသာစွာ ဂရုတစိုက် နာကြားမှတ်သားရ၏။ ဘာသာပြန် အခက်တွေ့နေရခြင်းကို ကျွန်တော် သဘောပေါက်သွား၏။ မြန်မာစကား မြန်မာစာ၌ရှိသည့် ဝေါဟာရတစ်လုံးကို ဆင့်ပွားအဓိပ္ပါယ်များစွာ သူ့နေရာနှင့်သူ သုံးသော၊ သုံးမှလည်း ပိုထိရောက်သော၊ မှားသုံးမိလျှင် အဖြူအမည်း ကွဲလွဲသွားတတ်သော၊ စကားပုဒ်တစ်ခုတည်းပင်လျှင် ဖြစ်လင့်ကစား၊ သံနေသံထား နိမ့်မြင့် မာပျော့ အဖော့အဖိပေါ်မူတည်၍ အနက်မတူတော့အောင် ပြောင်းလဲသွားတတ်သော သဘာဝသည်လည်း အင်္ဂလိပ်စကား၊ အင်္ဂလိပ်စာတို့၌ ရှိနေပြန်သည်။ မြန်မာစာက ဗျည်းနှင့် သရတွဲကာ ထောင်သောင်းမကပွားသွား၏။ အင်္ဂလိပ်မှာ ဗျည်း ၂၆ လုံးက လွဲ၍ သရမရှိပါ။ ဗျည်းချင်း တွဲဖွဲ့၍ ဖြစ်ပေါ်လာသော စာလုံးဝေါဟာရဖြစ်၏။ မြန်မာ၌ ဗျည်း ၃၃ လုံးတောင်ရှိ၏။ ပြီးတော့ သရ ၁၁ လုံးရှိသေး၏။ တချို့ကလည်း သရ ၁၃ လုံးတောင် ပြ၏။ ဆိုလိုရင်းမှာ မြန်မာစာက ပိုခက်၏။ ပါဠိ၊ သက္ကတ၊ သသ်ကရိုက် ဘာသာတို့မှ မွေးစားယူသည့်အပြင် အိမ်နီးချင်းနိုင်ငံများ ဖြစ်ကြသည့် အိန္ဒိယ၊ တရုတ်စကား၊ ကမ္ဘာသုံး အင်္ဂလိပ်စကားတို့ကိုလည်း ကိုယ်ပိုင်လို သုံးလိုက်ကြသေး၏။ ထို့ကြောင့် မလွယ်ခြင်းပါ။

ဆရာတာပြောညွှန်၍ Passion ကို အင်္ဂလိပ်အဘိဓာန်မှာ ရှာကြည့်၏။ Suffering , Strong Feeling စိတ်ခံစားမှု ပြင်းထန် wrath, anger ဒေါသ၊ ardent, desire ပြင်းပြဆန္ဒ၊ easily moved to anger ဒေါသပေါက်ကွဲလွယ်၊ moved by strong emotion ခံစားချက်ပြင်းပြ ပြောင်းလဲမြန်ဆန်၊ ပြီးတော့ သခင်ယေရှုကို ကားစင်တင်ချိန် ဆူးခက်နွယ်ခွေ သရဖူကို တင်စားသည့် passion flower ရယ်၊ သောက်လေသောက်လေ ငတ်မပြေသည့် ပင်လယ်ဆားငန်ရေလို အခါခါစား မတင်းတိမ်၊ အခါခါသောက်လို့ မဝသော ပင်မှည့်သီး၊ ပင်မှည့်ဖျော်ရည်၊ မြန်မာမှုပြုထားသော ဆွဲဆောင်မှုရနံ့ ထူးကဲစွာ ပိုင်ဆိုင်သည့် passion fruit ဟု အင်္ဂလိပ်အခေါ်ရှိသစ်သီး၊ အကြောင်းအရာတစ်ခုခုမှာ စွဲနစ် အရှိန်အဟုန် ပြင်းထန်ဇောကပ်တာတွေကိုလည်း အင်္ဂလိပ်က passion ဟု သုံးစွဲတတ်ပြန်ပါသည်။

ဆောင်းပါးလည်းရှည်ပြီဖြစ်၍ ကျန်ဘာသာပြန် အကြောင်းအရာများကို အဆင်သင့်သလို ကြိုးစားရေးသားပါဦးမည် ဖြစ်ပါကြောင်း။



ကမ္ဘောဇတိုင်း
VOLUME.5, ISSUE. 49 THURSDAY, DECEMBER 19, 2019

# ဟိုပုံးတွင် ခွေးလေခွေးလွင့်များ သောင်းကျန်းနေသော်လည်း စည်ပင်မှ ခေါင်းရှောင်နေ

နန်းဝင်းရီ

ရှမ်းပြည်နယ်တောင်ပိုင်း၊ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့တွင် ခွေးလေခွေးလွင့်များ သောင်းကျန်းနေသော်လည်း စည်ပင်သာယာရေးဌာနမှ တာဝန်ယူဖြေရှင်းပေးမှုမရှိဘဲ ခေါင်းရှောင်နေသည်ဟု ဒေသခံများထံမှ သိရသည်။

"ကျွန်မတို့ ဟိုပုံးမြို့အနောက်ရပ်ကွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အိမ်အနီးတစ်ဝိုက်နဲ့ စစ်ဘက်ရေးရာ လုံခြုံရေးရုံး အနီးတစ်ဝိုက်တွေမှာ ခွေးလေခွေးလွင့်တွေ သောင်းကျန်းနေတာ ဆွမ်းခံတဲ့ကိုယ်တော်တွေ၊ ကျောင်းသွား/ကျောင်းပြန်ကလေးတွေနဲ့ လမ်းသွားလမ်းလာတွေကို လိုက်ကိုက်နေပါတယ်။ တာဝန်ရှိတဲ့ စည်ပင်ကလည်း ရပ်ကွက်ထဲ အိမ်ဆောက်ပြီ၊ အဆောက်အဦ တိုးချဲ့ပြီဆိုရင် ရောက်လာတယ်။ ဒါမျိုးဆိုရင် မမြင်ချင်ယောင်ဆောင်နေပါတယ်"ဟု ဟိုပုံးမြို့နေ ဒေသခံတစ်ဦးက ကမ္ဘောဇတိုင်းသို့ ပြောသည်။

အဆိုပါကိစ္စနှင့် ပတ်သက်၍ ဟိုပုံးမြို့နယ်စည်ပင်သာယာရေးဌာနရုံးဖုန်းသို့ ကမ္ဘောဇတိုင်းမှ ဆက်သွယ်မေးမြန်းရာ ဖုန်းလက်ခံဖြေကြားသူ အမျိုးသမီးတစ်ဦးက "အဲဒါက ခွေးလေခွေးလွင့်မှ မဟုတ်တာ။ ရပ်ကွက်ကလူတွေ ကျွေးထားတာပါ။ အဲဒီလမ်းမှာနေတဲ့လူတွေ ကျွေးထားတဲ့ ခွေးတွေပါ။ စည်ပင်နဲ့ မဆိုင်ပါဘူး" ဟု ပြန်လည်ဖြေကြားခဲ့သည်။

ပြီးခဲ့သည့် ဒီဇင်ဘာလ ၁၂ ရက်က အဆိုပါ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် နေအိမ်အနီးတွင် ခွေးလေခွေးလွင့်များ လိုက်လံကိုက်သောကြောင့် ဆိုင်ကယ်မောင်းနင်လာသူတစ်ဦး ဆိုင်ကယ်လဲကာ ခြေထောက်ကျိုးမှု ဖြစ်ပွားခဲ့ဖူးပြီး ဒီဇင်ဘာလ ၁၅ ရက်အထိ အဆိုပါ ခွေးလေခွေးလွင့်များအား သက်ဆိုင်ရာဌာနမှ ရှင်းလင်းမှု မရှိသေးကြောင်း သိရသည်။

"ခွေးကိုက်ပြီဆိုရင် သူ့ခွေး မဟုတ်ဘူး၊ ငါ့ခွေး မဟုတ်ဘူး ဆိုပြီး ဖြစ်ကြတယ်။ ဘယ်သူမှ တာဝန်ယူမှု မရှိဘူး။ တာဝန်ရှိသူတွေ အနေနဲ့ ခွေးလေ ခွေးလွင့်တွေကို ရှင်းလင်းပေးစေလိုပါတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။

၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ၊ အခန်း (၅)၊ လုပ်ငန်းတာဝန်များ၊ ပုဒ်မ ၁၇၊ ပုဒ်မခွဲ(မ)တွင် မြို့နယ်စည်ပင်သာယာရေး ကော်မတီသည် စည်ပင်သာယာရေး နယ်နိမိတ်အတွင်း သတ်မှတ်တိရစ္ဆာန်များ ထားရှိခြင်း၊ မွေးမြူခြင်းတို့နှင့် စပ်လျဉ်း၍ ခွင့်ပြုခြင်းနှင့် လေလွင့်သွားလာနေသော တိရစ္ဆာန်များကို ဖမ်းဆီးထိန်းသိမ်းခြင်း၊ စီမံခန့်ခွဲခြင်း၊ တိရစ္ဆာန် အသေကောင်များကို



သုတ်သင် ရှင်းလင်းခြင်းတို့ကို တည်ဆဲဥပဒေ၊ စည်းကမ်းများနှင့် အညီ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ကြီးကြပ်ကွပ်ကဲခြင်းများဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်း ဖော်ပြထားသည်။

ထို့အပြင် ယင်းဥပဒေ အခန်း (၁၇) တားမြစ်ချက်များ၊ ပုဒ်မ ၇၄၊ ပုဒ်မခွဲ (က) တွင် မည်သူမျှ စည်ပင်သာယာရေး နယ်နိမိတ်အတွင်း မြို့နယ် စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ တားမြစ်ချက်များနှင့် ဖြစ်စေ ထုတ်ပြန်ထားသည့် စည်းကမ်း၊ အမိန့်များနှင့် ဖြစ်စေ ညီညွတ်မှု မရှိလျှင် တိရစ္ဆာန်များထားရှိခြင်း၊ မွေးမြူခြင်းမပြုရဟု ပြဋ္ဌာန်းသတ်မှတ်ထားသည်။

# ဟိုပုံးတွင် ဘိန်းစိုက်ခင်းဧက ၂၄၀ ကျော် ဖျက်ဆီး

ရှမ်းပြည်နယ်တောင်ပိုင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်၊ စံဖူးကျေးရွာအုပ်စု၊ ဇန်းစောက်ကျေးရွာရှိ ဘိန်းစိုက်ခင်းဧက ၂၄၀ ကျော်ကို ဒီဇင်ဘာလ ၁၂ ရက်က မြို့နယ် ရဲတပ်ဖွဲ့နှင့်ဌာနဆိုင်ရာပူးပေါင်းအဖွဲ့မှ သွားရောက်ဖျက်ဆီးခဲ့ကြောင်း သိရသည်။

အဆိုပါ ပူးပေါင်းအဖွဲ့မှ အမြင့် ၁ ပေခန့်ရှိ သီးပွင့်ဆဲ ဘိန်းခင်းများနှင့် အမြင့် ၆ ပေခန့်ရှိ ဖူံ့ဖြိုးဆဲဘိန်းခင်း စုစုပေါင်း ၂၂၄ ဒသမ ၅ ဧကကို ဖျက်ဆီးခဲ့ခြင်းဖြစ်ပြီး ကျန်ဘိန်းစိုက်ခင်းများကိုလည်း ဆက်လက်ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ရုံးစိုက်ရာ ဟိုပုံးမြို့နယ်အတွင်း ယခင်ကတည်းက ဘိန်းစိုက်ပျိုးမှုများ ရှိခဲ့ခြင်းဖြစ်ပြီး ယခု ဘိန်းစိုက်ရာသီတွင် ဘိန်းစိုက်ပျိုးမှု အနည်းငယ် ကျဆင်းခဲ့သော်လည်း စိုက်ပျိုးမှုများ ရှိနေဆဲဖြစ်သည်။

ဘိန်းဈေးနှုန်းကျဆင်းမှု၊ ရင်းနှီးငွေပမာဏ များပြားမှုနှင့် ဆက်ကြေးငွေ ကောက်ခံမှု များပြားခြင်းကြောင့် ဘိန်းစိုက်ပျိုးမှု လျော့နည်းလာခြင်း ဖြစ်ပြီး ဒေသတွင်း၌ ဖော်ဆောင်နေသော ဘိန်းအစားထိုး နှစ်ရှည်သီးနှံစိုက်ပျိုးမှု အစီအစဉ်မှာလည်း ထင်သလောက် အောင်မြင်မှုမရှိ သေးကြောင်း ဒေသခံများထံမှ သိရသည်။

ဘိန်းစိုက် တောင်သူများသည် ပြီးခဲ့သည့် ဇူလိုင်လမှ စတင်ကာ ဘိန်းစိုက်ပျိုးခဲ့ခြင်းဖြစ်ပြီး ဘိန်းပင်အမျိုးအစားအလိုက် ၃ လသီး၊ ၄ လသီးနှင့် ၆ လသီး ဟူ၍ရှိရာ လက်ရှိတွင် ၃ လသီးနှင့် ၄ လသီးများကို ဘိန်းအစေး ခြစ်ပြီးဖြစ်ကြောင်းနှင့် ထွက်ရှိလာသည့် ဘိန်းစေးများကို ရွာလူကြီးများ မှတစ်ဆင့် ဘိန်းပွဲစားများထံ ပြန်လည်ရောင်းချကြခြင်းဖြစ်ပြီး ကျန် ၆ လသီးများကို လာမည့် ဖေဖော်ဝါရီနှင့် မတ်လအတွင်း ဘိန်းစေးခြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



# တိုက်ပွဲရှောင်များအား လှူဒါန်းနိုင်ရန် အနွေးထည်များ ဈေးလျှော့ ရောင်းချပေးနေ

ရှမ်းကြီး (LSO)

ရှမ်းပြည်နယ်မြောက်ပိုင်းဒေသအတွင်း ဖြစ်ပွားလျက်ရှိသော တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာနေရသည့် တိုက်ပွဲရှောင်များအား သွားရောက်လှူဒါန်းရန်အတွက် လားရှိုးတွင် အနွေးထည်များအား ဈေးလျှော့ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

သီပေါမြို့နယ်အခြေစိုက် နယ်စည်းမခြားပရဟိတ (သီပေါ)အသင်းမှ ကွတ်ခိုင်မြို့နယ်အတွင်း ခိုလှုံနေသော တိုက်ပွဲရှောင်ပြည်သူများအား အနွေးထည် သွားရောက်လှူဒါန်းနိုင်ရန်အတွက် အနွေးထည်ရောင်းချသောဆိုင်ရှင်များမှဈေးလျှော့ရောင်းချပေးခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ဆီမှာ အင်္ကျီအစုံကား ၂ စီးတင်စာ ရှိတယ်။ အခုက အနွေးထည်အသစ်တွေကို ဆိုင်ရှင်တွေက ဈေးလျှော့ပြီးတော့ ၂၅၀၀ နဲ့ ရောင်းပေးတာပါ" ဟု နယ်စည်းမခြား ပရဟိတအသင်း (သီပေါ)မှ ကိုမျိုးမြင့်လွင်က ပြောသည်။

ယခုနှစ် ဆောင်းရာသီတွင် အအေးဒဏ် လွန်ကဲရာ တိုက်ပွဲရှောင်များအတွက် အနွေးထည်လိုအပ်မည်ဖြစ်သဖြင့် သွားရောက်လှူဒါန်းရခြင်းဖြစ်ကြောင်း သိရသည်။

"ပုံမှန်ဆိုရင် ၃၅၀၀ နဲ့ရောင်းပါတယ်။ အလှူသွားလုပ်မှာ ဖြစ်လို့ ၂၅၀၀ နဲ့ ရောင်းပေးတာပါ။ ကုသိုလ်ပါဝင်တာ ဖြစ်ပါတယ်" ဟု အနွေးထည်ရောင်းချသူတစ်ဦးက ပြောသည်။

အဆိုပါ ဒေသတွင် တိုက်ပွဲရှောင်ပြည်သူ ၇၀၀ ကျော်ခန့် ရှိနေပြီး အနွေးထည်အသစ် တစ်ထည် ၂၅၀၀ ကျပ် နှုန်းဖြင့် အထည် ၂၅၀ ဝယ်ယူရရှိခဲ့ကြောင်း နယ်စည်းမခြားပရဟိတအသင်း (သီပေါ) ထံမှ သိရသည်။



ကမ္ဘောဇတိုင်းသတင်းဂျာနယ်၏ ရုပ်သံသတင်းများကို
@kbztai တွင် ကြည့်ရှု နိုင်ပါသည်။

> ➤ နောက်ကျောဖုံး PNLO နှင့် တွေ့ဆုံခြင်းမှ အဆက်

ကတည်းကိုက ကျွန်တော်တို့တိုင်းပြည်မှာ သမိုင်းဆိုင်ရာအပြောင်းအလဲတစ်ခု သေချာဖြစ်သွားပါတယ်။ ဘာလို့လဲဆိုတော့ အရင်တုန်းကဒီဖက်ဒရယ်မှုကိုကိုင်ပြီးတော့ တပ်မတော်ဘက်ကနေပြီးတော့တိုက်ပွဲတွေဆင်နွှဲလာတယ်။ ဖက်ဒရယ်မှုဆိုတာ ခွဲထွက်ရေးလို့ပြောပြီးတော့မှ တိုက်ပွဲတွေဖြစ်ခဲ့တာကအစရှိခဲ့ပါတယ်။ အခုကတော့ ဖက်ဒရယ်မှုဆိုတာ ပေါင်းစည်းရေးပါလို့ တပ်မတော်က စတင်ပြီး လက်ခံခဲ့တာကတော့ NCA လက်မှတ်ရေးထိုးတဲ့ အချိန်ကစပြီး ဖြစ်ပါတယ်။ ဒါက တစ်ခုပါ။ နောက်တစ်ခုက NCA မှ ထူးခြားချက်ကတော့ မြန်မာပြည်မှာဖော်ဆောင်ခဲ့တဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ NCA ကလွဲရင် ကျန်တဲ့ငြိမ်းချမ်းရေးဖြစ်စဉ်တွေက နိုင်ငံရေးဆွေးနွေးမှုကို အခြေမခံပါဘူး။ ပြည်သူလူထုပါဝင်မှုကို အခြေမခံပါဘူး။ အဲ့ဒီတုန်းက ငြိမ်းချမ်းရေးဖြစ်စဉ်ကို ပြောမယ်ဆိုရင် ကျွန်တော်တို့ အလင်းဝင်လက်နက်ချ နောက်ပြီး ပြည်သူ့စစ်တို့ နယ်ခြား စောင့်တပ်တို့ကိုပြောင်း နိုင်ငံရေးဆွေးနွေးမှုကိုအခြေမခံဘူး။ စစ်အစိုးရကဘာပြောခဲ့လဲဆိုတော့ ၁၉၉၀ ဇူလိုင် ၂၇ ရက်နေ့မှာ ထုတ်ပြန်ခဲ့တဲ့ ၁/၉၀ ကြေညာချက်မှာ ဘာပြောခဲ့လဲဆိုတော့ တပ်မတော်ဟာ နိုင်ငံရေးအဖွဲ့အစည်းမဟုတ်တဲ့အတွက် ဘယ်သူနဲ့မှ နိုင်ငံရေးအရ စေ့စပ်ဆွေးနွေးမှာမဟုတ်ပါဘူးဆိုတာကို တရားဝင်ကြေညာတယ် ထို့နည်းတူပဲ နဝတ အစိုးရသည် နိုင်ငံရေးအစိုးရမဟုတ်သဖြင့် မည်သူနဲ့မှ နိုင်ငံရေးမဆွေးနွေးပါ ဆိုတာကို တရားဝင်ကြေညာချက်ထုတ်ပြန်ပြီးတော့ လုပ်ခဲ့တဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ဖြစ်ပါတယ်။ အခု NCA မှာကတော့ တရားဝင်ဘာဖော်ပြထားလဲဆိုရင် ကျွန်တော်တို့တိုင်းပြည်ကို နိုင်ငံရေးဆွေးနွေးမယ်။ ဒီမိုကရေစီစနစ်နဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်တွေကို အခြေခံပြီးတည်ဆောက်မယ်ဆိုတဲ့ အချက်ဖြစ်ပါတယ်။ ဒါ NCA ရဲ့ထူးခြားချက်ပါ။ နောက်တစ်ခုက ဟိုတုန်းက ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပြည်သူလူထုပါဝင်ခွင့်မရခဲ့ဘူး။ ဒါကြောင့်လည်းငြိမ်းချမ်းရေးဖြစ်စဉ်ဟာ မအောင်မြင်ခဲ့ဘူး။ ဒီငြိမ်းချမ်းရေးဖြစ်စဉ်မှာကတော့ လူတိုင်းက ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပါဝင်ခွင့်ရှိရမယ်။ လူထုပါရမယ်ဆိုတာကို ကျွန်တော်တို့ဖော်ဆောင်နေတာဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အရင်ငြိမ်းချမ်းရေးဖြစ်စဉ်တွေဟာ ပြည်သူလူထုမျက်စိအောက်မှာ နိုင်ငံတကာရဲ့မျက်စိအောက်မှာဖော်ဆောင်လို့ရတာ မဟုတ်ပါဘူး။ ဒီနေ့ငြိမ်းချမ်းရေးဖြစ်စဉ်ကတော့ ပြည်သူလူထုရဲ့ မျက်စိအောက်မှာ နိုင်ငံတကာရဲ့ မျက်စိအောက်မှာ အားလုံးရဲ့မျက်စိအောက်မှာ ဖော်ဆောင်ရတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ပဲ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ကတော့ ဒီနိုင်ငံရေးဆွေးနွေးမှုကို အခြေခံပြီးတော့ ပြည်သူလူထုပါဝင်မှုနဲ့ ဒီ NCA ကို အကောင်အထည်ဖော်နိုင်မယ်လို့ ကျွန်တော်တို့ယုံကြည်ပါတယ်။

**ကမ္ဘောဇတိုင်း။** NCA လက်မှတ်ရေးထိုးထားတာက ပြီးခဲ့တဲ့ USDP အစိုးရတုန်းက ၈ ဖွဲ့ လက်ရှိအစိုးရမှာတော့ ၂ ဖွဲ့၊ စုစုပေါင်း ၁၀ ဖွဲ့ပဲ ရှိသေးတယ်ပေါ့။ ကျန်တဲ့ မထိုးရသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်တွေကိုရော ဘာများအကြံပြုပြောကြားလိုပါသလဲ။

**ခွန်မြင့်ထွန်း** ။ ကျွန်တော်တို့ကတော့ အထူးအားဖြင့် KIA နဲ့ SSPP တို့လို အဖွဲ့အစည်းတွေဆိုတာက ကျွန်တော်တို့နဲ့ အတူတကွ အတည်ပြုခဲ့ကြတာ ဖြစ်ပါတယ်။ ဒီထဲမှာ AA တို့၊ TNLA တို့ ကိုးကန့်တို့ အကုန်လုံး ပါဝင်ပြီးတော့မှ ဒီNCA စာချုပ်ကို ကျွန်တော်တို့ လက်မှတ် မရေးထိုးခင်မှာ အစိုးရနဲ့ ကျွန်တော်တို့ အဖွဲ့တွေနဲ့ သဘောတူညီချက်ရပြီးတဲ့ အချိန်မှာ ဒီ NCA စာချုပ်ကို ကျွန်တော်တို့ အတူတကွ အတည်ပြုခဲ့တာ ဖြစ်ပါတယ်။ သို့သော် လက်မှတ် ရေးထိုးရမယ်ဆိုတော့ ကျွန်တော်တို့ ကိုယ်ရဲ့ဒေသတွင်း စစ်ရေးအခြေအနေ၊ နိုင်ငံရေးအခြေအနေပေါ်မှာ မူတည်ပြီးတော့ NCA ကို မရေးထိုးခဲ့ကြတာဖြစ်ပါတယ်။ ဒီ NCA ကိုသဘောမတူနိုင်လို့ မထိုးခဲ့ကြတာမဟုတ်ပါဘူး။ ကျွန်တော်တို့အနေနဲ့ကတော့ ငြိမ်းချမ်းရေးဖြစ်စဉ်ကို အောင်မြင်အောင် အကောင်အထည်ဖော်ဖို့ဆိုရာမှာ ကျွန်တော်တို့ ၁၀ ဖွဲ့ထဲနဲ့လည်း ဆောင်ရွက်လို့မရပါဘူး။ ကျွန်တော်တို့အားလုံး ပါဝင်ဖို့တော့ လိုပါတယ်။ အခုလောလောဆယ်မှာတော့ ကျွန်တော်တို့ညီနောင်တွေ အားလုံးပါဝင်လာနိုင်ရေးကိုတော့ ကျွန်တော်တို့ ရတဲ့နည်းလမ်းနဲ့ ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ဒီကာလမှာချမှတ်တဲ့ ပြည်ထောင်စုအစိတ်အပိုင်းတွေ ဆိုရင်လည်း အားလုံး မပါနိုင်သေးရင်တောင်မှ အားလုံးပါဝင်နိုင်မယ့်၊ လက်ခံနိုင်မယ့် မူကိုရအောင်ကျွန်တော်တို့ ကြိုးစားဆောင်ရွက်နေပါတယ်။

**ကမ္ဘောဇတိုင်း။** ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး တပ်မတော်ဘက်ကရော နောက်တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေဘက်ကရော အပစ်ရပ်တွေကြေညာခဲ့တယ်။ အဲ့ဒီလိုကြေညာခဲ့ပေမယ့်လည်း NCA လက်မှတ်ထိုးပြီးသားအဖွဲ့တွေရော မထိုးရသေးတဲ့ အဖွဲ့တွေရော တပ်မတော်နဲ့ တိုက်ပွဲတွေဖြစ်ပွားခဲ့တာ ရှိတယ်ပေါ့။ အဲ့ဒီအပေါ်မှာရော ဥက္ကဋ္ဌရဲ့အမြင်လေးကို ပြောပြပေးပါဦး။

**ခွန်မြင့်ထွန်း** ။ ဒါကတော့ မထိုးရသေးဘဲ တိုက်ပွဲတွေဖြစ်တယ်။ ထိုးပြီးသွားတော့လည်း ပြန်ဖြစ်တယ်ပေါ့။ တစ်ဖက်ကအခြေခံအားဖြင့်ပြောရင်တော့ အပစ်ခတ်ရပ်စဲရေး လက်မှတ်ထိုးပြီးတော့မှ ဖြစ်လေ့ဖြစ်ထရှိတဲ့ သဘာဝ သို့သော် ဒီတိုက်ပွဲတွေထပ်မဖြစ်အောင် ဘယ်လိုညှိနှိုင်းဆောင်ရွက်ရမလဲဆိုတော့ NCA မှာ ကျွန်တော်တို့ ယန္တရားတစ်ခု တည်ဆောက်ဖြေရှင်းဖို့ ဆိုတာ ပါပါတယ် အဲ့တာကတော့ JMC လို့ခေါ်တဲ့ ပစ်ခတ် တိုက်ခိုက်မှုတွေကို ပူးတွဲစောင့်ကြည့်ရေး ကော်မတီယန္တရားကို NCA မှာထည့်သွင်းထားပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့တိုင်းပြည်မှာ အရင်တုန်းက သေနတ်နဲ့ပဲ ဖြေရှင်းခဲ့ကြတဲ့အတွက် ကျွန်တော်တို့



တိုင်းပြည်မှာ အခုလိုအခြေအနေမျိုးတွေရောက်ပြီး အထွေထွေအကြပ်အတည်းတွေနဲ့ ကျွန်တော်တို့ ရင်ဆိုင်ခဲ့ရပါတယ်။ အခုဆိုရင် ICJ လို နိုင်ငံရေး အခက်အခဲ အကြပ်အတည်းမျိုးစုံနဲ့ ကြုံရတယ်။ အဲ့တာက ဘာလဲဆိုတော့ ကျွန်တော်တို့ တိုင်းပြည်ရဲ့ ပြဿနာကို ပါးစပ်နဲ့မဖြေရှင်းဘဲနဲ့ သေနတ်နဲ့ ဖြေရှင်းခဲ့ကြတဲ့အတွက် ဖြစ်ပါတယ်။ အဲ့တော့ကျွန်တော်တို့ အားလုံးဟာ သေနတ်နဲ့ ဖြေရှင်းရေးကို ရပ်ဆိုင်းပြီးတော့ ပါးစပ်နဲ့ဖြေရှင်းရေးကို ဦးတည်ကြပါလို့ အားလုံးကို ပန်ကြားချင်ပါတယ်။

**ကမ္ဘောဇတိုင်း။** မြန်မာ့ တပ်မတော်တစ်ရပ်ထဲသာ ရှိရမယ် ဆိုပြီး ပြောနေတာတွေရှိတယ်ပေါ့ အဲ့ဒီအပေါ်မှာရော သုံးသပ်ချက်လေး ပြောပေးပါဦး။

**ခွန်မြင့်ထွန်း။** ကျွန်တော်တို့ကတော့ အခုကတော့ အထူးအားဖြင့်ပြောရရင်တော့ နိုင်ငံရေးကဏ္ဍမှာကတော့ ခွဲမထွက်ရဆိုတဲ့ ဆွေးနွေးမှုအပေါ်မှာ မူတည်ပြီးတော့မှ နိုင်ငံရေးကဏ္ဍမှာ အခက်အခဲတွေ ရှိသလို လုံခြုံရေးကဏ္ဍမှာကတော့ တစ်ခုတည်းသော တပ်မတော်ဆိုတဲ့အပေါ်မှာ ဆွေးနွေးတဲ့အခါမှာ အခက်အခဲတွေဖြစ်နေတာရှိပါတယ်။ ပညာရှင်တစ်ယောက်ပြောတာကို ပြန်ပြောရရင် တစ်ခုတည်းသော တပ်မတော် Singal Army လို့ ဘာသာပြန်ဆိုမှုဟာ အလွန်ညံ့ပါတယ်။ ပြီးစလွယ်ဘာသာပြန်ဆိုမှု ဖြစ်ပါတယ်။ သူတို့ပြောချင်တာ တစ်ခုတည်းသော အမိန့်နဲ့ ဆောင်ရွက်တဲ့ တပ်မတော်လို့ ပြောချင်တာ ဖြစ်ပါတယ်။ တစ်ခုတည်းသော အမိန့်နဲ့ ဆောင်ရွက်ရတာဟာ နိုင်ငံပေါင်းစုံမှာ ပြည်နယ်အလိုက် ဒေသအလိုက်တပ်တွေရှိတယ် အားလုံးကိုပေါင်းပြီး အမိန့်တစ်ခုတည်းအောက်မှာ အလုပ် လုပ်ကြတာဖြစ်ပါတယ်။ ဒီအယူအဆတွေကိုတော့ ဆွေးနွေးကြရမှ ဖြစ်ပါတယ်။ NCA မှာပါတာကတော့ လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်း ကိစ္စတွေ ပါပါတယ်။ ကျွန်တော်တို့တိုင်းပြည်ရဲ့ လုံခြုံရေးကို အားလုံးပူးပေါင်းတာဝန်ယူနိုင်တဲ့ အစီအစဉ်ကို ဆက်လက်ညှိနှိုင်းရမှာဖြစ်ပါတယ်။

**ကမ္ဘောဇတိုင်း။** PNLO ရဲ့ နိုင်ငံရေးရည်မှန်းချက်နဲ့ ပါတီနိုင်ငံရေးဘက်ကို ကူးပြောင်းဖို့ ရှိမလား။

**ခွန်မြင့်ထွန်း။** အခုအနေအထားကတော့ NCA ကို လက်မှတ်ရေးထိုးပြီး အကောင်အထည် ဖော်နေကြတာဖြစ်တဲ့အတွက် NCA လမ်းကြောင်းအခြေခံကနေ ကျွန်တော်တို့ရဲ့ အမျိုးသားရေးကိုအခြေခံရမှာဖြစ်ပါတယ်။ နိုင်ငံရေးပါတီကိုကူးပြောင်းရေးဆိုတာကတော့ ပါတီတစ်ရပ်ကိုဖြစ်စေ၊ ပုဂ္ဂိုလ်အလိုက်ရွေးကောက်ပွဲကို ဝင်ပြိုင်ဖို့ အစီအစဉ်တွေတော့ ကျွန်တော်တို့မှာ မရှိသေးပါဘူး။ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်တွေတို့ ကျွန်တော်တို့ ပြန်လည်ပြင်ဆင်ရေးဆွဲဖို့လိုအပ်သလိုပဲ ကျွန်တော်တို့တိုင်းပြည်မှာ မရှိသေးတာဘာလဲဆိုတော့ ဖက်ဒရယ်ပြည်ထောင်စုကို ဘယ်လိုတည်ထောင်မလဲဆိုတဲ့ လုပ်ငန်းစဉ်ကို ကျွန်တော်တို့ မချမှတ်ရသေးဘူး ဒါကြောင့်မလို့စတုတ္ထပင်လုံကျင်းပတဲ့အခါကျရင် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ လုပ်ငန်းစဉ် အဆင့်ဆင့်ကို နှစ်ဦးနှစ်ဘက် သဘောတူပြီးတော့ ညီလာခံမှာ ချမှတ်နိုင်ဖို့ ပြင်ဆင်နေပါတယ်။ အဓိကရည်မှန်းချက်ကတော့ ဒီမိုကရေစီစနစ်နဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကို မဖြစ်မနေ ထူထောင်ရမယ်။ ပြီးရင် ကျွန်တော်တို့ပအိုဝ်းအမျိုးသားများအနေနဲ့ ပအိုဝ်းပြည်နယ်အသစ်ပေါ်ထွန်းရေးကိုလည်း ကျွန်တော်တို့ ကြိုးပမ်းသွားမှာဖြစ်ပါတယ်။

**ကမ္ဘောဇတိုင်း။** လက်ရှိပအိုဝ်းဒေသရဲ့ ဥက္ကဋ္ဌ ဦးခွန်စံလွင်ကလည်း ပအိုဝ်းပြည်နယ် ရအောင် ကြိုးစားမယ်လို့ ဆိုပြီး ပြောထားတာ ရှိပါတယ်။ PNLO အနေနဲ့က PNO နဲ့ ပူးပေါင်းမှာလား။ ဒါမှမဟုတ် သီးခြားဆောင်ရွက်မှာလား။

**ခွန်မြင့်ထွန်း** ။ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်ကနေ ၂၀ ရက်နေ့အထိ ၅ ရက်တိုင်တိုင် ဟိုပုံးမြို့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးခန်းမမှာ ပအိုဝ်းလူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခဲ့ပါတယ်။ အဲ့ဒီလိုပြုလုပ်

စာမျက်နှာ (၂၂) သို့ ➤ ➤ ➤

# ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် နာယက ဦးခွန်ဥက္ကာ၊ ဒုဥက္ကဋ္ဌ ခွန်မြင့်ထွန်းတို့နှင့် တွေ့ဆုံမေးမြန်းခြင်း

ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO)မှ နာယက ခွန်ဥက္ကာနှင့် ဒုဥက္ကဋ္ဌ ခွန်မြင့်ထွန်းတို့သည် ဒီဇင်ဘာလ ၁၁ ရက်တွင် တောင်ကြီးမြို့၊ အောင်မြေဘုံစံသာမဏေကျော် ကျောင်းတိုက်ကို ရောက်ရှိလာပြီး ၈၈၈၈ ဆရာတော် ဘဒ္ဒန္တ ခေမာနန္ဒကို တွေ့ဆုံ ဂါရဝပြုခဲ့ကြပြီး ယင်းကဲ့သို့ တွေ့ဆုံ ဂါရဝပြုနေစဉ် ခွန်ဥက္ကာနှင့် ဒုဥက္ကဋ္ဌ ခွန်မြင့်ထွန်းတို့အား တွေ့ဆုံမေးမြန်းမှုကို ပြုလုပ်ခဲ့သည်။

**ကမ္ဘောဇတိုင်း။** ပြီးခဲ့တဲ့ရက်ပိုင်းက ချင်းမိုင်မှာ ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင်နဲ့ NCA လက်မှတ်ထိုးထားတဲ့ အဖွဲ့တွေ တွေ့ဆုံခဲ့တယ်လို့ သိရပါတယ်။ အဲ့ဒီတွေ့ဆုံဆွေးနွေးပွဲမှာ ရရှိခဲ့တဲ့ရလဒ်ကို ပြောပြပေးပါဦး။

**ခွန်မြင့်ထွန်း။** ကျွန်တော်တို့ နိုဝင်ဘာ ၂၀ မှာ ငြိမ်းချမ်းရေး ကော်မရှင်နဲ့ ကျွန်တော်တို့နဲ့ တွေ့ခဲ့ပါတယ်။ အဓိက ဆွေးနွေးကြတာကတော့ ငြိမ်းချမ်းရေးဖြစ်စဉ်ကို တရားဝင်ပြဋ္ဌာန်းနိုင်ဖို့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူ စာချုပ် NCA အကောင်ထည် ဖော်မှုဆိုင်ရာ ညှိနှိုင်း အစည်းဝေးပေါ့၊ အဲ့ဒီအစည်းအဝေး ဖြစ်မြောက်ရေးအတွက် အဓိက ဆွေးနွေးခဲ့တာပါ။ ရလဒ်အနေနဲ့ကတော့ ကျွန်တော်တို့ နှစ်ဖက်သဘောထားမှာကတော့ ပြီးခဲ့တဲ့ အောက်တိုဘာ ၂၅ ရက်မှာ ၄ နှစ်မြောက် NCA နှစ်ပတ်လည်အခမ်းအနား မကျင်းပမီ နေပြည်တော်မှာ အစိုးရဘက်က အလုပ်အဖွဲ့နဲ့ ကျွန်တော်တို့ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းတွေဘက်က အလုပ်အဖွဲ့နဲ့ ၂ ဖွဲ့ကြားမှာ ဆွေးနွေးခဲ့ကြပါတယ်။ ခုနက ပြောတဲ့ NCA အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်း အစည်းအဝေးကို ကျင်းပရေးနဲ့ ပတ်သက်ပြီး အဲ့ဒီအစည်းအဝေးမှာ ဘာတွေ ဆွေးနွေးကြမှာလဲ ဆိုတာကို မူကြမ်းအားဖြင့် ဆွေးနွေးခဲ့ပြီး ဖြစ်ပါတယ်။ နိုဝင်ဘာ ၂၀ ချင်းမိုင်မှာ လုပ်တဲ့ ပွဲမှာလည်း ဆွေးနွေးရရှိချက်တွေပေါ်မှာ အခြေခံပြီးတော့ ထပ်ပြီး ဆွေးနွေးကြတာ ဖြစ်ပါတယ်။



## ကျွန်တော်တို့ ပအိုဝ်းအမျိုးသားများအနေနဲ့ ပအိုဝ်းပြည်နယ်အသစ် ပေါ်ထွန်းရေးကိုလည်း ကြိုးပမ်းသွားမှာ ဖြစ်ပါတယ်။ ........

**ကမ္ဘောဇတိုင်း။** NCA လက်မှတ်ထိုးခဲ့တာကလည်း အခုဆိုရင် ၄ နှစ် ပြည့်ပြီပေါ့။ ဒီ NCA လက်မှတ် ရေးထိုးထားတဲ့ အဖွဲ့အစည်း တစ်ခုရဲ့ ဥက္ကဋ္ဌ တစ်ယောက်အနေနဲ့ NCA လမ်းကြောင်းကြီးက အောင်မြင်မယ်လို့ မြင်လား။ ပြီးရင်ဒီ ၄ နှစ်တာ ကာလမှာရော ဘယ်အဆင့်လောက် ထိရောက်ပြီလို့ မြင်လဲ။

**ခွန်မြင့်ထွန်း။** NCA က မပြည့်စုံဘူး သို့သော်လည်း NCA ရဲ့ထူးခြားမှုကတော့ရှိပါတယ်။ အဲ့တာ ဘာလဲဆိုရင် NCA ကို လက်မှတ်ထိုးလိုက်တာနဲ့ ဗမာ့တပ်မတော်က သူတစ်လျှောက်လုံး ကိုင်ဆွဲလာတဲ့ ဖက်ဒရယ်ဟာ ခွဲထွက်ရေးဆိုတာကို သူပစ်ပယ်ပြီးတော့ ဖက်ဒရယ်ဆိုတာပေါင်းစည်းရေးဖြစ်တဲ့အတွက် ဖက်ဒရယ်မူဝါဒကို လက်ခံပြီးတော့ တပ်မတော်ကနေ ခေါင်းဆောင်တွေရော သမ္မတတွေရော၊ လွှတ်တော်ဥက္ကဋ္ဌတွေရော လက်မှတ်ထိုးလိုက်

စာမျက်နှာ (၂၅) သို့ >>>


ယုံကြည်စိတ်ချတည်ဆောက်ကြ ဘိလပ်မြေမှာ ကမ္ဘောဇ

ကမ္ဘောဇ  ဘိလပ်မြေ


KBZ CEMENT

Manufactured by KBZ Industries Ltd, Email: info@kbzindustries, Ph: +959 5215060, 5215069, 5215070